BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး
သတင်းစဉ်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် * ခရစ်နှစ် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ | အမှတ် (၄၇)

# စစ်အာဏာပိုင်များကို ပြစ်ဒဏ်မခတ် တာဝန်ခံမည်ဟု ဗိုလ်ချုပ်ကြီးမြက ဗိုလ်ခင်ညွန့်အား ပြောကြား



ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့နှင့် နအဖ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးအပြီး

အခြားနိုင်ငံတွေမှာ အာဏာမဲ့သွားရင် အာဏာပိုင်ခဲ့တဲ့စစ်ဗိုလ်တွေကို ပြည်သူလူထုက အရေးယူပြစ်ဒဏ်ခတ်တာတွေရကြောင်း၊ မြန်မာပြည်မှာတော့ ဒီလိုမဖြစ်ရန်တာဝန်ခံကြောင်း၊ ဗိုလ်ချုပ်ကြီးမြက နအဖ ခေါင်းဆောင်တဦးဖြစ်သူဗိုလ်ခင်ညွန့်သို့ ဇန်နဝါရီလ(၁၆)ရက်နေ့ ရန်ကုန်မြို့တပ်မတော်ဧည့်ရိပ်သာဆွေးနွေးပွဲ၌ ကတိပေးပြောကြားခဲ့သည်ဟုသိရသည်။ မြန်မာပြည်နှစ်ငါးဆယ်ကျော်ပြည်တွင်းစစ်တလျှောက် ငြိမ်းချမ်းစွာနိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် ခေါင်းဆောင်မပေါ်ပေါက်ခဲ့ကြောင်း ဗိုလ်ခင်ညွန့်အား၎င်းကဲ့သို့သော ဖြေရှင်းနိုင်မည့်ခေါင်းဆောင်အဖြစ်မျှော်မှန်းပါကြောင်းလည်း ဗိုလ်ချုပ်ကြီးမြကပြောဆိုခဲ့သည်။ စစ်တပ်နှင့်စပ်လျဉ်း၍ သဘောထားကို ဗိုလ်ချုပ်ကြီးမြက ရှင်းပြရာတွင် ဗမာ့တပ်မတော်ဆိုတာ မရှိတော့ကြောင်း၊ ဗိုလ်နေဝင်းတပ်မတော်သာဖြစ်သည်ဟု ယူဆကြောင်း ပွင့်လင်းစွာ ဆွေးနွေးဝေဖန်ခဲ့သည်ဟု ဆိုသည်။

လွန်ခဲ့သောနှစ် နိုဝင်ဘာလအတွင်းက နအဖ ထောက်လှမ်းရေးတပ်ဖွဲ့မှ ဗိုလ်မှူးကြီးစန်းပွင့်က လာရောက်တွေ့ဆုံစဉ်ကလည်း ဗိုလ်ချုပ်ကြီးမြက ကျနော်တို့က ဗမာကိုတိုက်တာမဟုတ်၊ မဟာလူမျိုးကြီးဝါဒနဲ့ စစ်အာဏာရှင်စနစ်ကို တိုက်တာပါဟု ရှင်းပြခဲ့ကြောင်း သိရသည်။

KNU နှင့် နအဖကြား အဆင့်မြင့်ကိုယ်စားလှယ်များဖြင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ(၁၆)ရက်မှ(၂၂)အထိ ရန်ကုန်မြို့တပ်မတော်ဧည့်ရိပ်သာ၌ကျင်းပခဲ့ရာ KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြဦးဆောင်သော အဖွဲ့ဝင်(၂၂)ဦးပါရှိသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နအဖ စီစဉ်သည့်လေယာဉ်ဖြင့် ဘန်ကောက်မှတဆင့် ရန်ကုန်သို့ ဇန်နဝါရီလ(၁၅)ရက်နေ့တွင်ရောက်ရှိခဲ့သည်။ KNU မှ ပထမဦးစွာအလယ်အလတ်ခေါင်းဆောင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ်ရန်စီစဉ်ထားသော်လည်း နအဖဥက္ကဋ္ဌ ဗိုလ်သန်းရွှေနှင့် ဒုဥက္ကဋ္ဌဗိုလ်မောင်အေးတို့က ဗိုလ်ချုပ်ကြီးစောဗိုလ်မြနှင့်တွေ့ရန် စီစဉ်ထားသည်ဟု ကြားအဆက်အသွယ်များမှ တဆင့်ပြောကြားလာသဖြင့် ဗိုလ်ချုပ်ကြီးကိုယ်တိုင် စစ်မှန်သောညီညွတ်ရေးတည်ဆောက်ရန်အတွက် ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ကျရောက်သော ဗိုလ်ချုပ်ကြီးမြ၏ အသက်(၇၇)နှစ်မြောက် မွေးနေ့ပွဲကို ရန်ကုန်မြို့၌ ကျင်းပရာ ဗိုလ်ခင်ညွန့်နှင့်တကွ ထောက်လှမ်းရေးအရာရှိကြီးများ တက်ရောက်ခဲ့သည်။ ရန်ကုန်မြို့မှ ဘန်ကောက်သို့ ပြန်အရောက်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် စစ်ဦးစီးချုပ်တို့မှ ဗိုလ်ချုပ်ကြီးမြအား တွေ့ဆုံဂါရဝပြုလျက် ဗိုလ်ချုပ်ကြီး ကြိုးပမ်းနေသော အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အထောက်အကူပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

KNU နှင့်နအဖ အပစ်အခတ်ရပ်စဲရေးကို နှုတ်အားဖြင့်သဘောတူညီခဲ့ပြီး၊ လက်တွေ့လုပ်ငန်းများအတွက် ဆက်လက်ဆွေးနွေးသွားမည်ဟု ဆို၏။ KNU ၏ နအဖနှင့် ယခုကဲ့သို့အပစ်အခတ်ရပ်စဲခြင်းသည် လက်နက်ချခြင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း မဟုတ်ဘဲ တန်းတူရည်တူရှိ၍ KNU အတွက် ဂုဏ်သိက္ခာရှိသည့် နိုင်ငံရေးခြေလှမ်းတရပ်ဖြစ်သည့်ပြင် KNU ၏ ပြည်တွင်းငြိမ်းချမ်းရေးခရီးစဉ်မှသည် တတိုင်းပြည်လုံးဆီသို့ ဦးတည်မည်ဟု KNU အရာရှိတဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။ အကဲဖြတ်များ၏အဆိုအရ အပစ်အခတ်ရပ်စဲရေး အစီအစဉ်များ အကောင်အထည်ပေါ်လာရေးသည် အနည်းဆုံး (၆) လခန့် ကြာမြင့်ဦးမည်ဟုဆို၏။ ❖





# ညီလာခံကာကွယ်ရေးဥပဒေ ပယ်ဖျက်ပေးရန် အဲန်အယ်လ်ဒီတောင်းဆို



ဦးစိုးမြင့်

**ဇန်နဝါရီ၊ (၈)ရက်။**

နအဖ၏ နိုင်ငံရေးလမ်းညွှန် အစီအစဉ်(၇)ချက်အရကျင်းပမည့် အမျိုးသားညီလာခံတွင် နိုင်ငံရေးအင်အားစုများ အားလုံးပါဝင်တက်ရောက်စေလိုပါက တဖက်သတ်ပြဋ္ဌာန်းထားသည့် ညီလာခံကာကွယ်ရေး ဥပဒေများအား နအဖက ဦးစွာပယ်ဖျက်ပေးရန်လိုအပ်ကြောင်း အဲန်အယ်လ်ဒီက ပြောကြားလိုက်သည်။

ထိုဥပဒေမှာ ၁၉၉၆ ဇွန်(၇)ရက်နေ့က နအဖကထုတ်ပြန်ထားသည့် ၅/၉၆ ခေါ် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှကာကွယ်သည့် ဥပဒေဖြစ်ပြီး ထိုဥပဒေအရ အမျိုးသားညီလာခံကိုထိခိုက်ပျက်ပြား

**စာမျက်နှာ(၃)၊ကော်လံ(၁)သို့ ○**

ကျနော်တို့တွေဟာ ရန်ကုန်ကို သွားပြီး လည်စင်းမပေးခဲ့လို့ရှိရင် ဘယ်တော့မှ ရှုံးမှာ မဟုတ်ဘူး။

ကရင်အမျိုးသားခေါင်းဆောင်
စောဘဦးကြီး
ဖာပွန်အစည်းအဝေး
၁၉၅၀၊ ဇူလိုင်

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ထောင်စုနှစ် ကြေညာစာတမ်း အောင်မြင်စေဖို့ ဝိုင်းဝန်းကြိုးပမ်း

လူသားတို့၏ ဖွံ့ဖြိုးမှုကို စီးပွားရေးတိုးတက်မှုနှင့်သာမက သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဿနာများဖြေရှင်းနိုင်မှု မည်မျှရှိသည်ဆိုသည့်အချက်နှင့်ပါတိုင်းတာရန် လိုအပ်သည်ဟု ပညာရှင်များကဆိုသည်။ သဘာဝပတ်ဝန်းကျင်းဖွံ့ဖြိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူ့အဖွဲ့အစည်းကို ထိရောက်သော အသွင်ပြောင်းလဲမှုများကို စီးပွားရေးဖွံ့ဖြိုးမှုနှင့် ယှဉ်တွဲ၍ အကောင်အထည်ဖော်မှုမရှိပါက ယင်းဖွံ့ဖြိုးမှုသည်ပင် ရေရှည်၌ လူ့အဖွဲ့အစည်းကို အန္တရာယ်ဖြစ်စေမည်ဟု ယုံကြည်လက်ခံလာကြသည်။

ခန့်မှန်းချက်များအရဆိုလျှင် လာမည့်နှစ် (၃၀)အတွင်း လူသားသန်းပေါင်း (၃၀၀၀) တိုးပွားလာဖွယ်ရှိသည်။ သို့သော် ၁၉၈၀ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပျမ်းမျှတဦးချင်း ဝင်ငွေသည် (၉၈၉)ဒေါ်လာမှ ၂၀၀၀ ခုနှစ်တွင် (၁၃၅၄)ဒေါ်လာအထိ တိုးတက်လာခဲ့သည်။ ကလေးသေနှုန်းမှာ (၁၀၀၀)လျှင် (၁၀၇)ယောက်မှ (၅၈)ယောက်အထိ ကျဆင်းခဲ့ပြီး စာမတတ်သူဦးရေမှာ (၄၇)ရာခိုင်နှုန်းမှ (၂၅)ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။

ဆင်းရဲမွဲတေမှုမှာ လျော့ကျသွားသော်လည်း စိန်ခေါ်မှုကား ရှိနေမြဲပင်။ တနေ့လျှင် တဒေါ်လာအောက် ဝင်ငွေဖြင့် နေထိုင်နေရသူအရေအတွက်သည် ၁၉၈၀ မှ ၁၉၉၈ အကြား သန်း(၂၀၀)အထိ လျော့ကျသွားသည်။ အဓိကအချက်မှာ ဆင်းရဲသူ အများစုရှိရာ တရုတ်ပြည်၏ စီးပွားရေးဖွံ့ဖြိုးလာမှုကြောင့်ဖြစ်သည်။ ၁၉၉၃ ခုနှစ်မှစ၍ အိန္ဒိယတွင်လည်း ဆင်းရဲမွဲတေမှုလျော့ပါးလာသည့် လက္ခဏာတွေ့မြင်ရသည်။ Sub-Saharan အာဖရိကဒေသတွင်မူ မတူခြားနားစွာ ပိုမိုများပြားလာသည်ဟုဆိုသည်။ အရှေ့အာရှနှင့် တောင်အာရှတွင် ကမ္ဘာ့အဆင်းရဲဆုံး လူဦးရေ၏ သုံးပုံနှစ်ပုံနေထိုင်လျက် ရှိပြီး၊ Sub-Saharan Africa တွင် လေးပုံတပုံ နေထိုင်လျက်ရှိသည်။ ကမ္ဘာ့လူဦးရေ သန်း(၁၀၀၀)မှာ အာဟာရချို့တဲ့၍ ကိုယ်အလေးချိန်မပြည့်သောအခြေအနေတွင် နေထိုင်နေကြရသည်။

ဆင်းရဲချမ်းသာ ကွာဟမှုမှာ ပို၍ကျယ်ပြန့်လာနေသည်။ အချမ်းသာဆုံးနိုင်ငံ (၂၀)၏ ဝင်ငွေသည် အဆင်းရဲဆုံးနိုင်ငံ (၂၀)၏ ဝင်ငွေထက် (၃၇)ဆ များပြားနေသည်။ နှစ်ပေါင်း (၄၀)အတွင်း နှစ်ဆတိုးလာခြင်းဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများလည်း ပိုမိုဆိုးရွားနေဆဲဖြစ်သည်။ ၁၉၉၀ ကျော်နှစ်များ အတွင်း နိုင်ငံပေါင်း (၄၆)နိုင်ငံတွင် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိပြီး အများစုမှာ ပြည်တွင်းစစ်ကိုအခြေခံလျက်ဖြစ်ပွားနေကြသည်။ ပဋိပက္ခများသည် အလွန်အကုန်အကျ များပြားပြီး အတိတ်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ကုန်ခန်းစေလျက်ရှိသည်။

လေထုညစ်ညမ်းမှုများ စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိလာနေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးပေါင်း (၁၀၀)တွင် လေထုညစ်ညမ်းမှုသည် ကျန်းမာရေးနှင့် မသင့်လျော်သောအဆင့်သို့ ရောက်ရှိနေပြီဟု သုံးသပ်ကြသည်။ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများ အပေါ် အလွန်အကျွံ မှီခိုမှုကြောင့် ကာဘွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူချေဖျက် နိုင်သည့် သဘာဝအခြေအနေများ ယုတ်လျော့လာသည်။ နှစ်ငါးဆယ်အတွင်း မြေသြဇာစသည့် နိုက်ထရိုဂျင်များ အလွယ်တကူ သုံးစွဲခဲ့သဖြင့် မြေသြဇာကောင်းသည့် စိုက်ပျိုးမြေများ ပပျောက်လာသည်။

ရေသန့်ရယူသုံးစွဲနိုင်မှုမှာ တဖြည်းဖြည်းနည်းပါးလာသည်။ ဝင်ငွေနည်းပါးသော နိုင်ငံများရှိ လူဦးရေ သန်းတထောင်နှင့် ဝင်ငွေများပြားသော နိုင်ငံများမှ လူဦးရေ သန်း (၅၀)တို့သည် အိမ်တွင်းသုံး၊ တကိုယ်ရေသန့်ရှင်းရေးနှင့် သောက်သုံးရန်အတွက် လိုအပ်သော ရေသန့်ကို မရရှိနိုင်ကြပေ။

မြေဆီလွှာ ပျက်စီးမှုမှာ ဆိုးဝါးလှပေသည်။ ၁၉၅၀ ခုနှစ်များကထဲက ဟတ်တာ (၂)သန်းကျော် ပျက်စီးခဲ့သည်။ စိုက်ပျိုးမြေ၊ စားကျက်မြေ သစ်တောများ၏ (၃၉)ရာခိုင်နှုန်းမှာ အနည်းငယ်၊ (၄၆)ရာခိုင်နှုန်းမှာ အတော်အသင့်၊ (၁၆)ရာခိုင်နှုန်းမှာ ဆိုးဆိုးဝါးဝါး ပျက်စီးခဲ့၏။

သစ်တောပျက်သုဉ်းမှုမှာ အံ့မခန်းပင်ဖြစ်သည်။ ငါးပုံတပုံမျှသော အပူပိုင်းသစ်တောများကို ခုတ်ထွင်ပစ်ခဲ့သည်။ FAO ၏ အဆိုအရ ၁၉၈၀ မှ ၁၉၉၅ အတွင်း ဖွံ့ဖြိုးဆဲကမ္ဘာရှိ သစ်တော ဟတ်တာ သန်း(၂၀၀)ဆုံးရှုံးခဲ့သည်ဟု သိရ၏။ ၁၉၉၀ ခုနှစ်တွင် ဘရာဇီးနိုင်ငံ အမေဇုံသစ်တောများ၏ နှစ်စဉ် သစ်တောပျက်သုဉ်းမှုပမာဏမှာ (၁၁၀၀၀) နှင့် (၂၉၀၀၀) စတုရန်းကီလိုမီတာအတွင်း ရှိသည်။

ရေသတ္တဝါများလည်း မကြုံဖူးသောနှုန်းဖြင့် ပျောက်ပျက်လျက်ရှိသည်။ ကမ္ဘာ့သန္တာကျောက်တန်းများ၏ (၅၄)ရာခိုင်နှုန်းနှင့် ရေသတ္တဝါမျိုးစိတ်များ၏ (၃၄)ရာခိုင်နှုန်းသည် လူသားများ၏ အန္တရာယ်ကြောင့် ဆုံးရှုံးခဲ့ရသည်။

ဤနှုန်းထားများဖြင့် မြေကမ္ဘာသည် တစထက်တစ ပျက်သုဉ်းလျက်ရှိရခြင်းမှာ လူသားမဆန်သော လူသားများ၏ လောဘတရားများကြောင့် ဖြစ်သည်။ လူသားတို့အတွက် သာလွန်ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးရေးနှင့် လောကပါလတရားများနှင့် ကိုက်ညီသည့် လူမှုအဖွဲ့အစည်းတရပ်တည်ဆောက်ရေးသည် ယနေ့ကာလ လူသားတို့၏တာဝန်ဖြစ်သည်။ ထိုတာဝန်ကျေပွန်ရေးအတွက် သက္ကရာဇ် ၂၀၀၀ ခုနှစ်၊ စက်တင်ဘာလက ကျင်းပခဲ့သော ကုလသမဂ္ဂ၏ ထောင်စုနှစ်ထိပ်သီးအစည်းအဝေးမှ ချမှတ်ခဲ့သည့် ထောင်စုနှစ်ကြေညာစာတမ်းပါ လုပ်ငန်းဆောင်တာများအကောင်အထည်ဖော်ရေးကို နိုင်ငံအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းရပေသည်။ ❖

# အမျိုးသားညီလာခံမစတင်မီ သုံးပွင့်ဆိုင်ဆွေးနွေးပွဲဦးစွာပြုလုပ်ရန် ရှမ်းတိုင်းရင်းသားအဖွဲ့ချုပ်တောင်းဆို



ရှမ်းတိုင်းရင်းသားများအဖွဲ့ချုပ်မှ အမျိုးသားညီလာခံတက်ရောက်ခဲ့စဉ်။

"အရေးကြီးတဲ့ လတ်တလောလိုအပ်ချက်က အမျိုးသားသွေးစည်းညီညွတ်ရေးဖြစ်တယ်။ ကျနော်တို့ အချင်းချင်း ညီညွတ်မှုတမှုမရှိဘူးဆိုရင် တိုင်းပြည်ကောင်းကျိုးကို ဘာမှဆောင်ကြဉ်းနိုင်မှာ မဟုတ်ဘူး"ဟု ရှမ်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်ကပြောဆိုလိုက်ပြီး အမျိုးသားညီလာခံ မကျင်းပမီ သုံးပွင့်ဆိုင်ဆွေးနွေးခြင်းသည်သာ အကောင်းဆုံးနည်းလမ်းနှင့် အမျိုးသားလမ်းပြမြေပုံဖြစ်ကြောင်း ဆက်လက်ပြောကြားသွားသည်။

၁၉၉၀ ခု မေလရွေးကောက်ပွဲအတွင်း အမတ်နေရာ (၂၃)နေရာဖြင့် ဒုတိယမဲအများဆုံးရခဲ့သည့် SNLD (Shan National League for Democracy) ခေါ် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုကော်မတီ နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့၌ (၈–၉)ရက်နေ့များတွင် ကျင်းပခဲ့ပြီးနောက် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် အမျိုးသားညီလာခံကိုမကျင်းပမီ နအဖ၊ အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ဦးစွာကျင်းပရမည်ဖြစ်ကြောင်း နအဖကိုတောင်းဆိုထားသည်။ ဆက်လက်ဖော်ပြရာတွင် နိုင်ငံရေးပြဿနာများအား ပထမ ဆုံးဖြေရှင်းပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ဆွေးနွေးသင့်ကြောင်း ထောက်ပြခဲ့သည်။

ထိုကြေညာချက်နှင့်ပတ်သက်၍ ရှမ်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က ဒီမိုကရက်တစ်မြန်မာ့အသံသို့ ပြောကြားခဲ့ရာတွင် နိုင်ငံရေးပြေလည်မှုမရရှိသေးဘဲ အခြေခံဥပဒေရေးဆွဲမည်ဆိုပါက မသင့်တော်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို တယောက်တဖွဲ့တည်း၏ သဘောထားထက် အဖွဲ့အားလုံးစုံလင်စွာပါဝင်ပြီး အားလုံးကျေနပ်လက်ခံအောင်ရေးဆွဲတာက ပိုမိုကောင်းမွန်မှန်ကန်မှုရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး၊ ထို့အတွက် ညီလာခံ မစတင်မီ သုံးဦးသုံးဖလှယ် တွေ့ဆုံဆွေးနွေးရန်လိုအပ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

ရှမ်းအဖွဲ့ချုပ်သည် အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်၏ မဟာမိတ်ပါတီတခုဖြစ်ပြီး တိုင်းရင်းသားပါတီ (၉)ခု စုပေါင်းဖွဲ့စည်းထားသည့် UNA ခေါ် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့၏ ဦးဆောင်ပါတီတခုလည်းဖြစ်သည်။

ရှမ်းအဖွဲ့ချုပ်သည် အမျိုးသားညီလာခံကို ၁၉၉၆ ခုနှစ်အထိတက်ရောက်ခဲ့ပြီးနောက် မြန်မာ့နိုင်ငံရေးတွင် စစ်တပ်က နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှပါဝင်ရေးကိုပယ်ဖျက်ရန်နှင့် တိုင်းရင်းသားများအရေးကို အပြည့်အဝပေးရန် တောင်းဆိုထားသည့်အဖွဲ့ဖြစ်သည်။

❖

# ဗဟိုကချမှတ်ထားသည့် လမ်းစဉ်အတိုင်း အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်မည်ဟု လွတ်မြောက်လာသည့် ကချင်ခေါင်းဆောင်များ ကတိပြု

**ဇန်နဝါရီ၊ (၂၀)ရက်။**

(၈)လနီးပါးကြား ဖမ်းဆီးခြင်းခံခဲ့ရသော်လည်း အဖွဲ့ချုပ်၏ လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မကြာခင်က ပြန်လည်လွတ်မြောက်လာသည့် ကချင်ပြည်နယ် အဖွဲ့ချုပ်ခေါင်းဆောင်များက ပြောကြားလိုက်ပြီး အဲန်အယ်လ်ဒီဗဟိုကော်မတီများနှင့် သွားရောက်တွေ့ဆုံနိုင်ရန် ပြင်ဆင်နေပြီဟုဆိုသည်။

ပြီးခဲ့သည့်နှစ် ဇွန်(၃)ရက်က ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်ခရီးစဉ်အတွင်း တက်ကြွစွာလှုပ်ရှားဆောင်ရွက်မှုဖြင့် ကချင်ပြည်နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖွဲ့အပါအဝင် (၇)ဦးကို စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို မြစ်ကြီးနားထောင်၌ ဖမ်းဆီးထားစဉ် မိသားစုနှင့် တွေ့ခွင့်မပေးခဲ့ဘဲ ယခုလ (၁၆)ရက်နေ့ကမှ ပြန်လည်လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။

ပြန်လည်လွတ်မြောက်လာသူ ပြည်နယ်ခေါင်းဆောင်များက ၎င်းတို့အနေဖြင့် ဗဟိုကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်အတိုင်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီ ရန်ကုန်ရှိ အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် (၅)ဦးတို့နှင့် သွားရောက်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ❖



# ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများ ချက်ချင်းပြန်လွှတ်ရန် အဲန်အယ်လ်ဒီ ဗဟိုအမျိုးသမီးအဖွဲ့ တောင်းဆို



ဒေါ်အောင်ဆန်းစုကြည်



ဦးတင်ဦး

**ဇန်နဝါရီ၊ (၂၁)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ယုံကြည်ချက်ကြောင့် ဖမ်းဆီးခံနေရသည့် နိုင်ငံရေး အကျဉ်းသားများအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် အဲန်အယ်လ်ဒီ ဗဟိုအမျိုးသမီးအဖွဲ့က နအဖ စစ်အုပ်စုကို စာရေး တောင်းဆိုလိုက်သည်။

အဆိုပါတောင်းဆိုစာတွင် ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရေး၊ အကျဉ်းထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရေးနှင့် တနိုင်ငံလုံးရှိအဲန်အယ်လ်ဒီ ရုံးများ ပြန်လည်ဖွင့်ခွင့်ရရှိရေး စသည့် အဓိကအချက်ကြီး (၃)ချက်ပါဝင်ကြောင်း သိရသည်။

ထို့အတူ ဒီပဲယင်းမျက်မြင်သက်သေ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် တနိုင်ငံလုံးရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀၀)ကျော်တို့ကလည်း ဒေါ်အောင်ဆန်းစုကြည်ပြန်လွှတ်ပေးရေး၊ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရေးနှင့် အထူးသဖြင့် ကလေးမြို့ထောင်တွင်ဖမ်းဆီးခံနေရသည့် အဲန်အယ်လ်ဒီ ဒုဥက္ကဋ္ဌ ဦးတင်ဦးအား ခြွင်းချက်မရှိပြန်လွှတ်ပေးရန် နအဖ ဝန်ကြီးချုပ်ထံ စာရေးတောင်းဆိုရန် ပြင်ဆင်လျှက်ရှိကြောင်း သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ သက်နီးကျွန်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က နအဖအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဆောင်မှုများပြုလုပ်နေချိန်တွင် အသက် (၈၀)အရွယ်နီးပြီဖြစ်သည့် ဦးတင်ဦးနှင့် အမျိုးသားခေါင်းဆောင်ကြီး၏သမီး၊ ဒီမိုကရေစီသင်္ကေတဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်တို့ကို အကျယ်ချုပ်ဖြစ်စေ၊ အကျဉ်းချုပ်ဖြစ်စေ ယခုအချိန်တွင် မရှိသင့်တော့ကြောင်း ပြောဆိုလိုက်သည်။

ထို့အတူ အဲန်အယ်လ်ဒီဗဟိုကော်မတီဝင်(၅)ဦးတို့ကလည်း လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်တိုင်းများမှ အဲန်အယ်လ်ဒီ ခေါင်းဆောင်များ၊ ဥပဒေအထောက်အကူပြုအဖွဲ့မှ ရှေ့နေကြီးများနှင့်တွေ့ဆုံ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များ ပြန်လည်လွတ်မြောက်ရေး၊ အမျိုးသားညီလာခံတွင် ချမှတ်ထားသည့် အခြေခံမူ(၁၀၄)ချက်တို့ကို ပြင်ဆင်ရေးနှင့် ဒီပဲယင်းအကြမ်းဖက်မှုကြီး အမှုမှန်ပေါ်ပေါက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးလျှက်ရှိကြောင်း သိရသည်။ ❖

# အာဆီယံနိုင်ငံများအနေဖြင့် နအဖအပေါ် စိတ်ရှည်သည်းခံရန် ဒေါ်အောင်ဆန်းစုကြည်ပြောဆိုသည်ဆိုခြင်းမှာ မဟုတ်မှန်

အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် နအဖစစ်အုပ်စုအပေါ် စိတ်ရှည်သည်းခံကြရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်က ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါသတင်းကို အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟာဆန်ဝီရာရုဒ်က သတင်းစာရှင်းလင်းပွဲတရပ်တွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်အနေဖြင့် နအဖစစ်အုပ်စုအပေါ် အလွန်အမင်း ဖိအားပေးနေခြင်းဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီပေါ်ထွန်းရေးကို ထိခိုက်စေနိုင်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မည်သို့ဆက်သွယ်နိုင်ခဲ့သည်ကို ၎င်းက ပြောကြားခြင်းမရှိဟု ဇန်နဝါရီ(၇)ရက်နေ့ ထုတ် အင်ဒိုနီးရှားနိုင်ငံဂျာကာတာပို့စ် သတင်းစာတွင် ဖော်ပြထားသည်။

ထိုသတင်းနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမြင့်က မှန်ကန်မှုမရှိကြောင်း အခိုင်အမာ ပြောဆိုခဲ့ပြီး အဖွဲ့ချုပ်၏ နိုင်ငံတကာရပ်တည်ချက် သဘောထားသည် ယနေ့ထိ အပြောင်းအလဲ မရှိသေးဟု လွတ်လပ်သည့်အာရှသတင်းဌာနသို့ ပြောကြားခဲ့သည်။

မစ္စတာဝီရာရုဒ်က အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နအဖ စစ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေးတို့အတွက် အချိန်ဇယားသတ်မှတ်လုပ်ဆောင်ရန် မျှော်လင့်နေကြောင်းပြောကြားခဲ့ပြီ စစ်အုပ်စုသည် အတိုက်အခံများအပေါ် ပျော့ပြောင်းလာကြောင်းနှင့် ယခင်ကထက် ပွင့်လင်းမှုများရှိလာကြောင်း ထုတ်ဖော်ချီးကျူးသွားသည်ဟု သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအသင်း၏ လက်ရှိဥက္ကဋ္ဌတာဝန်ကိုယူထားသည့် နိုင်ငံတခုဖြစ်သည်။ ❖

## ○ ညီလာခံဥပဒေ ဖျက်သိမ်းရေးမှ

စေရန်၊ သေးသိမ်စေရန်၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန် နှောင့်ယှက်ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း (သို့မဟုတ်) ရေးသားဖြန့်ဝေခြင်းများပြုလုပ်ပါက ပြစ်ဒဏ်များအဖြစ် နိုင်ငံရေးပါတီများအား (က)ကာလသတ်မှတ်၍ရပ်ဆိုင်းထားနိုင်သည်၊ (ခ) ဖျက်သိမ်းနိုင်သည်၊ (သို့မဟုတ်) (ဂ) မတရားသင်း ဥပဒေအရ မတရားသင်းအဖြစ် ကြေညာနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုပါ ဥပဒေနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီဗဟိုအလုပ်မှုဆောင် တဦးဖြစ်သူ ဦးစိုးမြင့်က အခြေခံဥပဒေတခုတည်ဆောက်ရေးအတွက် အတားအဆီးဖြစ်နေသည့် ယခုလိုဥပဒေမျိုးကို ပယ်ဖျက်ပေးသင့်ကြောင်း ဆက်လက်၍ အဲန်အယ်လ်ဒီအနေဖြင့် ညီလာခံ၏ လုပ်ထုံးလုပ်နည်းများအား ကျေနပ်ဖွယ်အဆင့်ထိ ပြုပြင်ပြောင်းလဲပေးသည်အထိ စောင့်ဆိုင်းနေမည်ဆိုသည့် သဘောထားရှိနေဆဲဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ထို့ပြင် ဦးစိုးမြင့်က သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (သို့) အမျိုးသားညီလာခံကိုသာ ဦးတည်သွားလိုသည်ဆိုပါက ညီလာခံနှင့် ပတ်သက်ပြီးဆွေးနွေးရန် အဆင်သင့်ရှိကြောင်း၊ နအဖဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့၏အဆိုအရ အဲန်အယ်လ်ဒီနှင့်ဆွေးနွေးရန် သဘောထားရှိသည်ဆိုသော်လည်း ဆွေးနွေးပွဲသည် ပွင့်ပွင့်လင်းလင်းဆွေးနွေးခွင့်ရရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့မစုံညီသည့်အတွက် အကျပ်အတည်းရှိနေကြောင်း ညီလာခံတွင် အောင်အောင်မြင်မြင် စည်းစည်းလုံးလုံးနှင့် အခြေခံဥပဒေတရပ်ဖြစ်ထွန်းစေချင်သည် ဆိုပါက အကျဉ်းထောင်ရှိ ဦးတင်ဦးနှင့်နေအိမ်အကျယ်ချုပ်ကျနေသည့် ဥက္ကဋ္ဌဦးအောင်ရွှေ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးလွင်တို့ကို လွှတ်ပေးရမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံသို့ ပြောကြားသွားခဲ့သည်။ ❖

# သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှပေါ်ပေါက်လာသည့် အမျိုးသားညီလာခံမဟုတ်ပါက သမိုင်းတရားခံဖြစ်မည်

**ဇန်နဝါရီ၊ (၆)ရက်။ [ဘီဘီစီ]**



ဦးခွန်ထွန်းဦး

အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့(၁၇)ဖွဲ့နှင့် အာဆီယံအပါအဝင် အိမ်နီးချင်းနိုင်ငံများကပါ ထောက်ခံထားသော အမျိုးသားညီလာခံကျင်းပရေးကို အမျိုးသားရေးအတွက် ထောက်ခံကြရန်နှင့် ပြည်ပက ဖိအားပေးစွက်ဖက်နေပါက ထိုကိစ္စသည် နှောင့်နှေးကြန့်ကြာသွားနိုင်ကြောင်း နအဖ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်တို့က လွတ်လပ်ရေးနေ့နှင့် နှစ်သစ်ကူးမိန့်ခွန်းများတွင် ပြောကြားသွားရာ ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ထိုကြေညာချက်အပေါ် (၃)ပွင့်ဆိုင်ဆွေးနွေးပွဲမှ ပေါ်ပေါက်လာသည့် အမျိုးသားညီလာခံကသာ တိုင်းပြည်အတွက် အသင့်တော်ဆုံးဖြစ်မည်ဟု တုံ့ပြန်ပြောကြားလိုက်သည်။

ဇန်နဝါရီ(၂)ရက်နေ့က နအဖဝန်ကြီးချုပ်ခင်ညွန့်က ရန်ကုန်ရှိသံတမန်များအား နှစ်သစ်ကူးမိန့်ခွန်း၌ အမျိုးသားညီလာခံကျင်းပရေးနှင့်ပတ်သက်၍ ပြည်ပက ဖိအားများပေးနေလျှင် မလိုလားအပ်ဘဲ အချိန်နှောင့်နှေးကြန့်ကြာစေလိမ့်မည်ဟု ပြောကြားသွားခဲ့သည်။

ထိုသို့ ပြောဆိုခဲ့ခြင်းနှင့် ပတ်သက်၍ ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌဦးခွန်ထွန်းဦးက မိမိတို့အနေဖြင့် (၃)ပွင့်ဆိုင်ဆွေးနွေးပွဲကို တောင်းဆိုနေခြင်းသည် ဖိအားပေးခြင်းမဟုတ်ဘဲ တရားဝင်ပါတီတခုက ပြဿနာတရပ်အပေါ် ပြေလည်ရာပြေလည်ကြောင်း တင်ပြဆွေးနွေးခြင်းသာဖြစ်သည်ဟုဆိုသည်။ ထို့ပြင် တိုင်းရင်းသားများအားလုံးအတွက် တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုဆိုသည့် အရာများမရှိသည့်အပေါ်တွင် မိမိတို့ပါဝင်ရေးဆွဲမည်ဆိုပါက သမိုင်းတရားခံဖြစ်သွားမည်ဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ဟု သိရသည်။ ❖

# အဲန်အယ်လ်ဒီဗဟိုနှင့် မြို့နယ်အဆင့် ဆွေးနွေးမှုများပြုလုပ်



ဦးညွန့်ဝေ

**ဇန်နဝါရီ၊ (၁၂)ရက်။ [ဒီဗွီဘီ]**

လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများအား အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်လည်းဖြစ်၊ ပဲခူးတိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ်သူ ဦးညွန့်ဝေက ပဲခူးတိုင်းအတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများအား ရှင်းလင်းပြောကြားခြင်းနှင့် နိုင်ငံရေးအတွေ့အကြုံများအပေါ် အပြန်အလှန်ဆွေးနွေးပွဲများပြုလုပ်နေကြောင်း သိရသည်။

ပဲခူးမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌလည်းဖြစ် လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သူ ဦးမြတ်လှ၏အဆိုအရ ဦးညွန့်ဝေသည် ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်များမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ တိုင်းအဖွဲ့ချုပ်တွဲဖက်ဥက္ကဋ္ဌ (၂)ဦးနှင့် အတွင်းရေးမှူးတို့ကို ယခုလ(၁၀)ရက်နေ့ကခေါ်ယူတွေ့ဆုံပြီး နိုင်ငံရေးအတွေ့အကြုံများ အပြန်အလှန် ရှင်းလင်းတင်ပြခဲ့သည်ဟုဆိုသည်။

အလားတူ ပဲခူးတိုင်းအနောက်ဘက်ခြမ်းရှိ မြို့နယ်မှ အဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့်လည်း မကြာမီတွေ့ဆုံလိမ့်မည်ဟု သိရသည်။

ထိုသို့တွေ့ဆုံစဉ် ဦးညွန့်ဝေက လက်ရှိနိုင်ငံရေးအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး အကျပ်အတည်း အခက်အခဲများကြားမှ အဖွဲ့ချုပ်၏ မူဝါဒသဘောထားလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်ဥက္ကဋ္ဌများကလည်း နယ်များတွင်ဖြစ်ပျက်နေသည့် အခြေအနေများအား ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြောင်း ဦးမြတ်လှက ပြောကြားသွားသည်။

ဦးညွန့်ဝေအပါအဝင် အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်(၅)ဦးသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ခဲ့သော်လည်း ပြည်နယ်တိုင်းအသီးသီးရှိ အဲန်အယ်လ်ဒီခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ❖

# နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်လာရေး အပြောထက် လက်တွေ့လုပ်ဆောင်ရန် AI အဖွဲ့က စစ်အုပ်စုကိုတောင်းဆို

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး အခြေအနေများ တနေ့တခြား ပိုမိုဆိုးရွားလာနေသည့်အတွက် စစ်အုပ်စုအနေဖြင့် လူ့အခွင့်အရေးရပိုင်ခွင့်များ တိုးတက်လာရေးကို အပြောနှင့်မဟုတ် လက်တွေ့လုပ်ဆောင်ရန် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International-AI)အဖွဲ့က တောင်းဆိုလိုက်သည်။

ထိုတောင်းဆိုချက်တွင် ဒီမိုကရေစီရေးဆောင်ရွက်သူများကို တရားဥပဒေမဲ့ဖမ်းဆီးပြစ်ဒဏ်ချမှတ်မှုများ၊ ဖမ်းဆီးချုပ်နှောင်သည့်နေရာအတိအကျမသိရှိရမှုများ၊ မျှတမှုမရှိသည့်တရားစီရင်မှုများကို ဆက်လက်မပြုလုပ်နိုင်ရန် အရေးတကြီးဆောင်ရွက်ရန် အလေးထားတောင်းဆိုသည်။

AI အဖွဲ့ကြီးသည် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအတွင်း မြန်မာနိုင်ငံတွင် ၁၇ ရက်ကြာ လေ့လာမှုများပြုလုပ်ခဲ့ပြီးနောက် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာ မေ-၃၀ ဒီပဲယင်းလုပ်ကြံမှုကို စစ်အုပ်စုအာဏာပိုင်များက အဲန်အယ်လ်ဒီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များ၊ ထောက်ခံသူပြည်သူများကို စနစ်တကျတိုက်ခိုက်ခဲ့ကြောင်း ဒီမိုကရေစီရေးလှုပ်ရှားသူအများအပြားကို ဖမ်းဆီးထားကြောင်း ဖော်ပြခဲ့သည်။

AI ၏တောင်းဆိုချက်ထဲတွင် စစ်အုပ်စုအနေဖြင့် မကြာမီမြန်မာပြည်အတွင်း ပြောင်းလဲမှုများဖြစ်ပေါ်လာမည်ကို နိုင်ငံတကာကမြင်တွေ့ရမည်ဟု အကြိမ်ကြိမ်ပြောဆိုနေသော်လည်း ခိုင်မာသည့်သက်သေအနေဖြင့် ယုံကြည်ချက်ဖြင့်အကျဉ်းကျခံနေရသူများအား ပြန်လွှတ်ပေးရန်လိုအပ်မည်ဟု ဖော်ပြခဲ့သည်။

စစ်အုပ်စုက စိတ်ရှည်ရှည်ထားကြပါ၊ မကြာခင်ပြောင်းလဲမှုများ မြင်တွေ့ရလိမ့်မည်ဟုပြောဆိုနေသည့်ကြားက ဖိနှိပ်မှုများဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် လက်တွေ့ကျကျတိုးတက်မှုများ အဖြစ်မြင်လိုကြောင်း AI အဖွဲ့၏တောင်းဆိုချက်က ဖော်ပြခဲ့သည်။

❖

# မြန်မာနိုင်ငံအပါအဝင် နိုင်ငံများအနေဖြင့် ကလေးစစ်သားများ ဆက်လက်အသုံးပြုနေလျှင် လုံခြုံရေးကောင်စီက ထိရောက်စွာ အရေးယူရန်စီစဉ်



စစ်အုပ်စုမှ အသုံးပြုနေသည့် ကလေးစစ်သားတဦး

ဇန်နဝါရီ၊ (၂၀)ရက်။ [အေအက်ဖ်ပီ]

အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်ပွဲများနှင့်လက်နက်ကိုင်ပဋိပက္ခများအကြား အသုံးချနေသောနိုင်ငံများကို တင်းကြပ်သည့် ကန့်သတ်တားမြစ်မှုများချမှတ်ပြီး ထိရောက်စွာအရေးယူနိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဇန်နဝါရီ (၂၀)ရက်နေ့က ဆွေးနွေးခဲ့ကြောင်းသိရသည်။

လုံခြုံရေးကောင်စီတွင် ပါဝင်သည့်အဖွဲ့ဝင်များက ကလေးများကို စစ်ပွဲများအကြား အသုံးချနေမှုများမှ ကာကွယ်တားဆီးရန် ကြာရှည်ကြိုးပမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရှိသည့်အတွက် အင်မတန်ဝမ်းနည်းဖွယ်ကောင်းကြောင်း ဆွေးနွေးခဲ့ကြသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကလေးစစ်သားများအသုံးပြုနေသည့် နိုင်ငံပေါင်း(၅၄)နိုင်ငံသည် ကလေးစစ်သားပပျောက်ရေးကို ထိထိရောက်ရောက်မလုပ်ဆောင်ကြကြောင်း ပြောကြားခဲ့ပြီး လိုက်နာခြင်းမရှိပါက အရေးယူမှုများပြုလုပ်ရန် အကြံပြုထားသည်။

ကုလသမဂ္ဂအနေဖြင့် ထိုနိုင်ငံများကို လေ့လာစောင့်ကြည့်နေပြီး တိုးတက်မှုမရှိပါက ကလေးစစ်သားစုဆောင်းသည့် တာဝန်ရှိသူများအား ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်ခြင်း၊ အစိုးရအဖွဲ့မှထုတ်ပယ်ပစ်ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်မှ ကင်းလွတ်စေခြင်းတို့ဖြင့် အရေးယူမည်ဖြစ်ပြီး ထိုနိုင်ငံများအား လက်နက်ရောင်းချခြင်းအပါအဝင် ငွေကြေးထောက်ပံ့သည့်အကူအညီများအား ပိတ်ပင်ပစ်မည်ဟု ကိုဖီအာနန်ကအကြံပြုထားသည်။

ကမ္ဘာတဝှမ်း ကလေးစစ်သားများ အသုံးပြုနေသည့် နိုင်ငံများနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ နိုဝင်ဘာ ၂၀၀၃ ထုတ်ပြန်ချက်၌ ကမ္ဘာပေါ်တွင် ကလေးစစ်သား (၃)သိန်းကျော်ရှိနေပြီး အာရှနိုင်ငံများအနက် မြန်မာ၊ သီရိလင်္ကာနှင့် ဖိလစ်ပိုင်တို့ပါဝင်ပြီး၊ အဆိုပါ ထိပ်တန်းနိုင်ငံများအပြင်၊ ကွန်ဂို၊ လိုင်ဘေးရီးယားနှင့် မြန်မာတို့ပါဝင်သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် အမေရိကန်ပြည်ထောင်စုကိုယ်စားလှယ်က နအဖတပ်အတွင်း စစ်သားများ၏ ၃၅% မှ ၄၀%သည် အရွယ်မရောက်သေးသည့် ကလေးသူငယ်များဖြစ်သည်ဟုဆိုပြီး ဗြိတိသျှကိုယ်စားလှယ်က အသက် ၁၁ နှစ်အောက်ရှိ ကလေးများအား နအဖကတပ်သားသစ်များ အဖြစ်စုဆောင်းနေကြောင်းပြောကြားခဲ့သည်။

နအဖကမူ ကိုဖီအာနန်၏အစီရင်ခံစာပါ အချက်များကို ငြင်းဆန်ထားပြီး အစိုးရမဟုတ်သည့် NGOs အဖွဲ့များ၊ အစိုးရကို ဆန့်ကျင်နေသည့် လက်နက်ကိုင်အဖွဲ့များနှင့် တပ်ပြေးများထံမှရရှိသည့် သတင်းများကို အခြေခံကာ ရေးသားထားခြင်းဖြစ်သည်ဟု ဆိုကာ ပယ်ချထားသည်။ ❖

# နအဖအပေါ် အီးယူအရေးယူမှု သက်တမ်းတိုးမြှင့်

စစ်အုပ်စုကိုချမှတ်ထားသည့် ပြည်ဝင်ခွင့်ဗီဇာပိတ်ပင်မှုနှင့် ငွေကြေးပိုင်ဆိုင်မှုထိန်းချုပ်ကန့်သတ်မှုများအား အီးယူ (ဥရောပအဖွဲ့)က ဆက်လက်အရေးယူသွားမည်ဟု သတင်းထုတ်ပြန်သည်။

ယခုလို သက်တမ်းတိုးအရေးယူမှုအရ စစ်အုပ်စု ထိပ်တန်းခေါင်းဆောင်များအဖွဲ့ဝင်များ၊ စစ်အုပ်စုဝန်ကြီးအဖွဲ့များ၊ အဆင့်မြင့်စစ်တပ်အရာရှိကြီးများ၊ ကြံ့ဖွံ့အဖွဲ့ဝင်များ၊ စစ်အုပ်စုနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်နေသူများ၊ စစ်အုပ်စု၏စီးပွားရေးမူဝါဒချမှတ်သူများနှင့် မိသားစုဝင်များအားလုံး အပေါ် အကျုံးဝင်မည်ဖြစ်သည်။

အီးယူအနေဖြင့် နအဖ၏နိုင်ငံရေးလမ်းညွှန်အစီအစဉ် အမျိုးသားညီလာခံခေါ်ယူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမည့် အစီအစဉ်ကိုသတိထားမိသော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် စစ်မှန်သည့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် တောင်းဆိုထားသည်။

ထိုဆွေးနွေးပွဲများတွင် အဲန်အယ်လ်ဒီနှင့် အခြားနိုင်ငံရေးအင်အားစုများ ပါဝင်ခွင့်ပြုရမည်ဟု ကြေညာချက်တွင်ဖော်ပြထားပြီး ကုလသမဂ္ဂအထူးသံရာဇာလီကို မြန်မာနိုင်ငံသို့အမြန်ဆုံးဝင်ရောက်ခွင့်ပြုရန် စစ်အုပ်စုကို တောင်းဆိုထားသည်။ အီးယူက မြန်မာနိုင်ငံ၏အခြေအနေများကို သတိထားစောင့်ကြည့်နေကြောင်း ဇန်နဝါရီ(၂၀)ရက်နေ့ထုတ်ကြေညာချက်တွင် ဖော်ပြထားသည်။

❖

# နအဖ၏အမျိုးသားညီလာခံကိုထောက်ခံခဲ့သည့် ကိုဖီအာနန်အား ပြစ်တင်ရှုတ်ချ ရာဇာလီကို မြန်မာနိုင်ငံအထူးသံကိုယ်စားလှယ်အဖြစ်မှ ဖယ်ရှားရန်တောင်းဆို




ကိုဖီအာနန်

နအဖကရေးဆွဲထားသည့် နိုင်ငံရေးလမ်းပြမြေပုံ အချက်(၇)ချက်အရ ကျင်းပရန် စီစဉ်နေသည့် အမျိုးသားညီလာခံကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကထောက်ခံခဲ့သည့်အတွက် ပြစ်တင်ရှုတ်ချကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးသံ မစ္စတာရာဇာလီအစ္စမေးလ်ကို ရာထူးမှ ဖယ်ရှားပေးရန်တောင်းဆိုသည့် စာလွှာတစောင်ကို ICDB ခေါ် မြန်မာ့ဒီမိုကရေစီရေး နိုင်ငံတကာလှုပ်ရှားမှုအဖွဲ့က အတွင်းရေးမှူးချုပ်ထံပေးပို့ခဲ့ကြောင်းသိရသည်။

ထိုစာလွှာတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်နှင့် မစ္စတာရာဇာလီအစ္စမေးလ်တို့က နအဖစစ်အုပ်စုကိုထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည့်အတွက် မိမိတို့များစွာစိတ်ပျက်ရကြောင်း၊ နအဖအဆိုပြုထားသည့် အမျိုးသားညီလာခံသည် မြန်မာနိုင်ငံအတွက် စစ်မှန်သည့်အဖြေရနိုင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကုလသမဂ္ဂကဆက်လက်ပါဝင်ကူညီရန် မျှော်လင့်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန်၊ နိုင်ငံရေးပါတီ ရုံးများအားပြန်လည်ဖွင့်လှစ်ပေးရေးတို့ကိုလည်း အဆိုပါစာလွှာတွင် တောင်းဆိုထားသည်။

ဆက်လက်ဖော်ပြထားရာတွင် မြန်မာ့အရေးတွင် ကြားခံအဖွဲ့တဖွဲ့၏ ပါဝင်ဆောင်ရွက်မှုသည် အရေးကြီးသည့်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ထိုလုပ်ပိုင်ခွင့်ကို ထိုင်းနိုင်ငံသို့လွှဲမပေးသင့်ကြောင်း၊ မြန်မာနိုင်ငံအတွက် တခုတည်းသောဖြေရှင်းနည်းမှာ အဲန်အယ်လ်ဒီ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် နအဖတို့ (၃)ပွင့်ဆိုင်ဆွေးနွေးမှုသာ ဖြစ်သည်ကို စစ်အုပ်စုအားတောင်းဆိုဖို့နှင့် နိုင်ငံတကာကို အသိပေးရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါစာလွှာကို ကိုဖီအာနန်အပြင် အမေရိကန်သမတဂျော့ဘုရှ်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် အမေရိကန်အထက်အောက်လွှတ်တော်(၂)ရပ်လုံးသို့ မိတ္တူပေးပို့ထားကြောင်းသိရသည်။

❖

# အာဆီယံဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဂျာဗားကျွန်း၌ ဆွေးနွေး

ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန်အတွက် အရှေ့တောင်အာရှနိုင်ငံ (၁၀)နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ တက်ရောက်သည့် နှစ်ပတ်လည်ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပပြုလုပ်ခဲ့သည်။

ထိုအစည်းအဝေးသည် အောက်တိုဘာက ကျင်းပခဲ့သည့် ဘာလီထိပ်သီးညီလာခံတွင် ချမှတ်ခဲ့သည့် ဒေသတွင်းစီးပွားရေး၊ လုံခြုံရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုသည့် သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ထိုသဘောတူညီချက်အရ အာဆီယံစီးပွားရေးဈေးကွက်တွင် ဒေသတွင်းရှိ လူဦးရေ သန်းပေါင်း (၅၃၀)ကျော်တို့ ၂၀၂၀ ခုနှစ်တွင် လွတ်လပ်စွာ ကုန်စည်ရောင်းဝယ်ဖောက်ကားရင်းနှီးမှုများ ချောမွေ့သွားစေရေးအတွက် တခုတည်းသော ဈေးကွက်အဖြစ် ရောက်ရှိရေးကို အဓိကရည်မှန်းထားရှိသည်။

ယခုအစည်းအဝေးတွင် လွတ်လပ်စွာကုန်စည်ကူးသန်းရောင်းဝယ်ရေးကို ၂၀၁၀ ခုနှစ်တွင် ရောက်ရှိရေးနှင့် အရှေ့အာရှနိုင်ငံများနှင့်ဆက်ဆံရေးကိစ္စများပါ ဆွေးနွေးခဲ့ကြသည်။

❖

# နိုင်ငံရေးလမ်းပြမြေပုံ ပြုပြင်ပြောင်းလဲရုံနှင့် မလုံလောက်ဟု အင်ဒိုနီးရှားဆို

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အချိန်ဇယားတိကျစွာသတ်မှတ်ပေးရန်လိုအပ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက နအဖစစ်အစိုးရကို တိုက်တွန်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများ အားလုံး ပြန်လွှတ်ပေးပြီး၊ ထိုလုပ်ငန်းစဉ်အတွင်း တိုင်းရင်းသားများပါဝင်နိုင်ရန်၊ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရန်တို့ လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

စင်ပြိုင်အာဆီယံအဖွဲ့တာဝန်ခံ ဒက်ဘီစပော်ဟတ်က မြန်မာ့အရေးတွင် အင်ဒိုနီးရှားနိုင်ငံက တက်ကြွစွာပါဝင်လာခြင်းမှာ ကောင်းကြောင်း၊ အာဆီယံအဖွဲ့ကြီး အဓိကစိန်ခေါ်နေမှုမှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် လူ့အခွင့်အရေးရရှိရေးတို့အတွက်လုပ်ဆောင်နေဖို့ဖြစ်ကြောင်း၊ နအဖရေးဆွဲထားသည့်နိုင်ငံရေးလမ်းညွှန်အစီအစဉ်နှင့်သာမလုံလောက်ဘဲ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လွှတ်ရေးနှင့် ဒီမိုကရေစီ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားများပါဝင်နိုင်ရေး၊ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးတို့လည်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။

၎င်းက နအဖ၏နိုင်ငံရေးလမ်းညွှန်အစီအစဉ်ကို ဒီမိုကရေစီအခြေခံကျသည့် လုပ်ငန်းစဉ်များအား အချို့အာဆီယံနိုင်ငံများက သတိပြုမိကြကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် ပြဿနာများအပေါ် ဝိုင်းရံနေသည့် အခြေအနေများအား ရှင်းလင်းစွာမသိမြင်ပါက ယခုအစီအစဉ်သည် ရေတိုအတွက်သာဖြစ်ပြီး နိုင်ငံရေးအရ အခြေခံပြုပြင်မှုများ အောင်မြင်နိုင်မည်မဟုတ်ကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံနှင့် မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။❖

# တပ်မတော်ပြုပြင်ပြောင်းလဲရေးကို ပြောရမယ်

**စစ်တပ်ပြုပြင်ရေးဆိုတာ လက်နက် တပ်ဆင်မှု၊ တပ်ယူနီဖောင်း၊ တံဆိပ် စတာတွေက အဓိကမဟုတ်ဘူး။ အထက်ကပြောခဲ့တဲ့ အခြေခံတွေးခေါ်စဉ်းစားနည်းတွေကို ပြုပြင်ပြောင်းလဲဖို့ဖြစ်တယ်။**

ဗညြ

ဗမာပြည်ရဲ့ ဒီမိုကရေစီအရေးတော်ပုံ တိုက်ပွဲအရှိန်မြင့်လာနိုင်တဲ့ အလားအလာ တချို့ကိုမြင်လာရချိန်မှာ အရေးကြီးတဲ့ ပြဿနာလေးတချို့ကို ပြောဖို့လိုလာတယ်။ ဒီနေ့စစ်အစိုးရကို ဆန့်ကျင်နေကြတဲ့လူတွေ၊ အင်အားစုတွေအားလုံးဟာ ဒီအစိုးရကို ဖြုတ်ပစ်ရမယ်ဆိုတာမှာ ဝိဝါဒမကွဲကြဘူး။ 'ဖြုတ်' ဆိုတဲ့စကားလုံးအပေါ်မှာ အမြင်မ တူတာရှိကောင်းရှိပေမယ့် အစိုးရအပြောင်း အလဲလုပ်ရမယ်ဆိုတာမှာတော့ အားလုံး တူညီကြတယ်။

ဒီမှာမေးစရာရှိတာက အစိုးရပြောင်း တယ်ဆိုရင်ပြီးရောလား။ တခြားအဆောက် အအုံတွေရော နဂိုအတိုင်းထားမှာလား။ မမေ့ သင့်တာက ဒီနိုင်ငံမှာစစ်အုပ်စုသက်တမ်း အနှစ် ၄၀ ကျော်ကြာခဲ့ပြီမို့ အဆောက်အအုံ တိုင်းကို သူတို့ကြိုက်သလို ပုံသွင်းထားနိုင် တယ်။ ဒါမှမဟုတ် သူတို့မလုပ်တတ်လို့၊ တာ ဝန်မဲ့လုပ်လို့ပျက်စီးနေတယ်။ အဲဒီအဆောက် အအုံတွေကို ဘယ့်နှယ်လုပ်မလဲ။ ပြင်လို့ရ တာပဲ၊ ပြင်ယူကြတာပေါ့။ ဟုတ်ပြီ။ ဒါဖြင့် စစ်တပ်ကိုရော။ အထူးသဖြင့် အထက်ပိုင်း က စစ်ဗိုလ်တွေကိုရော။

တခြားဟာတွေက အချိန်ယူလုပ်လို့ရ ပေမယ့် စစ်တပ်ပြုပြင်ရေးဟာ အချိန်ယူလို့ မရဘူး။ ဒီစစ်တပ်ဟာ သာမန်စစ်တပ်မဟုတ် ဘူး။ တလျှောက်လုံး ပြည်တွင်းစစ်ကိုတိုက်နေ တဲ့၊ အကြိမ်ကြိမ် လူတွေအစုလိုက် အပုံလိုက် သတ်ဖူးတဲ့တပ်ဖြစ်တယ်။ ဒါ့အပြင် အာဏာရဲ့ အရသာကို ဘိန်းဖြူစွဲသလိုစွဲနေပြီး ထစ်ကနဲရှိ အာဏာသိမ်းတာအကျင့်ပါနေတဲ့တပ်ဖြစ်တယ်။ ဒါဟာ ဒီတပ်ရဲ့အစဉ်အလာဖြစ်တယ်။ ဒီလို အစဉ်အလာတွေရှိနေတဲ့တပ်ကို နောက်တက်တဲ့ အစိုးရတွေက ဒီအတိုင်းလက်ခံထားလို့ကတော့ မြွေပွေး ခါးပိုက်ပိုက်ထားတာထက်ဆိုးမှာပဲ။ စစ်တပ်ရဲ့ အခြေခံအတွေးအခေါ်ကအစ ပြောင်းပစ်ရမယ်။ ဒီစစ်တပ်ဟာ“တပ်မတော် သည် တိုင်းပြည်၏ ဦးဆောင်မှုအခန်းက ပါဝင်ရမည်”ဆိုတဲ့ အတွေးအခေါ်မျိုးကို ဆက်ကိုင်ထားလို့ကတော့ အဲဒီအစိုးရဟာ ကိုယ့်ခေါင်းကိုယ် တည ဘယ်နှစ်ခါ စမ်းနေရ မလဲ မသိဘူး။

စစ်တပ်ပြုပြင်ရေးဆိုတာ လက်နက် တပ်ဆင်မှု၊ တပ်ယူနီဖောင်း၊ တံဆိပ် စတာ တွေက အဓိကမဟုတ်ဘူး။ အထက်ကပြော ခဲ့တဲ့ အခြေခံတွေးခေါ်စဉ်းစားနည်းတွေကို ပြုပြင်ပြောင်းလဲဖို့ ဖြစ်တယ်။ အဲဒီလိုအတွေး အခေါ်ကို မစွန့်လွှတ်ဘူးဆိုသူတွေကို ဖယ် ရှားတာ လုပ်သင့်လုပ်ရမှာ။ ဒါတွေဟာ သိပ် အသေးစိပ်လွန်းတယ်ဆိုရင် ထားတော့။

ဖိလစ်ပိုင်နိုင်ငံက မားကို့စ်အာဏာစွန့် ရမှုကို ပြန်ကြည့်သင့်တယ်။ ဒီနေရာမှာ ဗမာ ပြည်ကစစ်အာဏာရှင်တွေကို ဖယ်ရှားရေး မှာ ဖိလစ်ပိုင်ကို ကိုးကားကြတာအတော်နည်း တာ ထောက်ပြချင်တယ်။ ဘာကြောင့်လဲ မသိဘူး၊ ဗမာပြည်နဲ့ လှမ်းလဲလှမ်း နောက်ခံ သမိုင်းချင်းလည်း အတော်ဝေးတဲ့ တောင် အာဖရိကကိုပဲ ကိုးကားကြတာကများတယ်။ ဖိလစ်ပိုင်နိုင်ငံက အပြောင်းအလဲမှာ RAM (Reform the Army Movement) ဆိုတဲ့ စစ်တပ်ပြုပြင်ပြောင်းလဲရေးအဖွဲ့ရဲ့ အခန်း ဟာ သိပ်ထိရောက်ခဲ့တယ်။ သူတို့ရဲ့ လှုပ်ရှား မှုသာမရှိရင် မစ္စစ်အကွီနိုလည်း သက်တမ်းပြည့် နေချင်မှ နေရမယ်၊ နောင်မှာ ရွေးကောက် တင်မြှောက်တဲ့ သမတတွေလဲ ဖောင်ကားစား မောင်မောင်ရဲ့ ကံကြမ္မာကို တွေးလန့်နေရ မှာ။

တကယ်က ဗမာပြည်သမိုင်းမှာ စစ် တပ်ကို ပြုပြင်ပြောင်းလဲတယ်၊ စစ်တပ်ရဲ့ အတွေးအခေါ်ကို ပြုပြင်ပြောင်းလဲတယ်ဆို တာ အဆန်းမှမဟုတ်တာ၊ မကြုံဖူးကြတာမှ မဟုတ်တာ။ ဘီအိုင်အေကနေ ဘီဒီအေ၊ ပီဘီ အက်ဖ် ပြောင်းလဲခဲ့တဲ့ ဖြစ်စဉ်ကိုပဲကြည့်။ ဘီအိုင်အေဟာ ဗမာပြည်ထဲဝင်ကာစမှာ ဂျပန့်ဆီက ဖက်ဆစ်ပုံ အပြည့်ပါလာတာပဲ။ ဖက်ဆစ်ဗီဇပါလာတယ်လို့ကို ပြောနိုင်တယ်။ ဗီဇရှိနေတော့ အကျင့်စရိုက်တွေလဲဖော်ပြ တော့တာပဲ။ အဲဒီတပ်ကြီးကို ဗိုလ်ချုပ် အောင်ဆန်းတို့နဲ့ ကွန်မြူနစ်တွေအပါအဝင် နိုင်ငံရေးအသိရှိသူတွေက နိုင်ငံရေးအတွေး အခေါ်သွင်းပေး၊ ပုံသွင်းပေးလို့သာ တော် လှန်ရေးကို အောင်ပွဲအထိသယ်ဆောင်နိုင် တဲ့ တပ်ဖြစ်လာခဲ့တာ။

ဗမာပြည်က လက်ရှိ တပ်မတော်ဟာ ဗိုလ်နေဝင်းပုံသွင်းခဲ့တဲ့အတိုင်း အာဏာရှင် အတွေးအခေါ်၊ ဗီဇ၊ အကျင့်စရိုက်တွေ အပြည့်ရှိနေတယ်ဆိုတာ ဘယ်သူမှ မငြင်း နိုင်ဘူး။ ဒါကိုမပြောင်းနိုင်သရွေ့ လူထုက ရွေးကောက်တင်မြှောက်လိုက်သူတွေရဲ့ ကြမ္မာဟာ စိုးရိမ်စရာဖြစ်နေမှာပဲ။

ဒါကို ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမှာ ပြဋ္ဌာန်းသင့်ရင် ပြဋ္ဌာန်းရမယ်။ ❖

**ဖိလစ်ပိုင်နိုင်ငံက အပြောင်းအလဲမှာ RAM (Reform the Army Movement) ဆိုတဲ့ စစ်တပ်ပြုပြင်ပြောင်းလဲရေးအဖွဲ့ရဲ့ အခန်းဟာ သိပ်ထိရောက်ခဲ့တယ်။**

## စစ်သားတွေချည်း နိုင်ငံချစ်တာမဟုတ်

ဒီတပ်မတော်ဟာ လူတဦးတယောက်အတွက် တည်ထောင်တာမဟုတ်၊ တနိုင်ငံလုံး၊ တမျိုးသားလုံးအတွက်ဖြစ်တယ်။ ဒီတပ်မတော်ဟာ တပါတီလူတစုအတွက် တည်ထောင်တာ မဟုတ်၊ တနိုင်ငံလုံး၊ တမျိုးသားလုံးအတွက်ဖြစ်တယ်။

ငါတို့က ဒီလိုမဟုတ်၊ အားနည်းတဲ့အခါမှာလည်း အားကြီးတဲ့လူကို မတရားရင် မကြောက်၊ အားကြီးတဲ့အခါမှာလည်း အားနည်းတဲ့လူကို မတရားမလုပ်ဆိုတဲ့အတိုင်း လုပ်ချင် တယ်၊ ပြချင်တယ်။ ဒါကြောင့် စစ်တပ်ဟာ နိုင်ငံရဲ့အစေခံဖြစ်တယ်ဆိုတာ ပြောရတာပဲ။ နောက်ဆုံး မှာချင်တာက ငါတို့သာ နိုင်ငံချစ်တယ်ဆိုတဲ့ စိတ်မထားကြဖို့ဘဲ။ ဒီနိုင်ငံမှာဖြစ်ဖြစ်၊ ဒို့ပြင်နိုင်ငံမှာ ဖြစ်ဖြစ် စစ်သားတွေချည်း နိုင်ငံချစ်တဲ့လူ ရှိကြတာ မဟုတ်ဘူး။ အခြား စစ်သားမဟုတ်ပေမယ့် နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံ၊ အမျိုးမျိုးစွန့်စားလုပ်ကြတဲ့လူတွေလဲ ရှိတာပဲ။

ဒါကြောင့် စစ်သားမှ စစ်သားဆိုတဲ့စိတ်သဘောထားကို ပြောင်းကြရမယ်။ သို့ပေမယ့် တခုနားလည်စေချင်တယ်၊ တဦးတယောက်ဟာ စစ်တပ်ကို မတရားနှိမ်မယ်၊ လူလည်လုပ်မယ်၊ စစ်တပ်ရဲ့အခွင့်အရေးကို မတရားသဖြင့် ချိုးဖျက်မယ်ဆိုရင် ကျွန်ုပ် အစွမ်းကုန်တိုက်ဖျက်မယ် ဆိုတာ ရဲဘော်တို့ သိစေချင်တယ်။

ဗိုလ်ချုပ်အောင်ဆန်း

စစ်တက္ကသိုလ်ကျောင်းဆင်းပွဲမိန့်ခွန်းကောက်နုတ်ချက် (၁၃၊ ၃၊ ၁၉၄၄)

# အမျိုးသားပြန်လည်သင့်မြတ်ရေး အမြန်ဆုံးအကောင်အထည်ဖော်ရန် ဒီမိုကရေစီအင်အားစုအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်

အမျိုးသားပြန်လည်သင့်မြတ်ရေး နိုင်ငံ ပြုပြင်ပြောင်းလဲမှုအစီအစဉ်များ အမြန်ဆုံး အကောင်အထည် ပေါ်ပေါက်စေရေးတို့အတွက် အခြားသော ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားရေးအင်အားစု၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

အဆိုပါသဝဏ်လွှာတွင် တပါးကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ထိုခေတ်ထိုအခါက လူထုကြီးသည်အသက်ပေါင်းများစွာ စတေး ၍ရယူခဲ့ကြကြောင်း၊ ၁၉၈၈ ခုနှစ်တွင်လည်း လွတ်လပ်ခွင့်အတွက် အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြကြောင်း၊ ယခုအခါတွင်လည်း ပြည်သူလူထုတရပ်လုံးသည် ထိုအခွင့်အရေး များအတွက် အပတ်တကုပ် ကြိုးစားနေဆဲ ဖြစ်ကြောင်း၊ သို့ရာတွင် ညီညွတ်မှုအားနည်း နေကြောင်း ထို့အတွက် ဒီမိုကရေစီရေးနှင့် မြန်မာနိုင်ငံသားများ ဆင်းရဲမှုအပေါင်းမှ လွတ်ကင်းအောင် အမျိုးသားအင်အားစုက မည်သူနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည် ဟုဆိုသည်။

အလားတူ မကြာမီပေါ်ပေါက်လာ ဖွယ်ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းသစ်ကို တိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ် အကျိုးရှိမည့် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း ကြီးဖြစ်လာရန် ဒီမိုကရေစီအင်အားစုတခု လုံး ညီညွတ်သောအားဖြင့် ဝိုင်းဝန်းဆောင် ရွက်ရန် တိုက်တွန်းလိုက်ပြီး အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်ကကျင့်သုံးနေသည့် ဖွဲ့စည်း အုပ်ချုပ်ပုံရေးဆွဲခြင်းမူနှင့် သဘောထားများ ကို ထောက်ခံကြောင်း ဖော်ပြထားသည်။

ထို့ပြင် (၈၊ ၁၁၊ ၂၀၀၃)ရက် အမျိုးသား အောင်ပွဲနေ့က ဝါရင့်နိုင်ငံရေးသမားကြီး များထုတ်ပြန်ခဲ့သည့် ကြေညာချက်စာတမ်းပါ ယနေ့ပကတိအခြေအနေအရ (၃)ပွင့်ဆိုင် ဆွေးနွေးအဖြေရှာခြင်းနည်းလမ်းနှင့် (၁၀၊ ၁၂၊၂၀၀၃)နေ့တွင်ထုတ်ပြန်ခဲ့သည့် UNA ၏ ကြေညာစာတမ်းပါ ရပ်ဆိုင်းနေသည့် ညီလာခံကို ပြန်အသက်သွင်းရန် ကြိုးပမ်း မနေတော့ဘဲ (၃)ပွင့်ဆိုင်တွေ့ဆုံဆွေးနွေး ရန် အဆိုပြုချက်၊ ပြည်ထောင်စုတိုင်းရင်း သားလူမျိုးဒီမိုကရေစီအဖွဲ့ချုပ်မှ အဆိုပြု ထားသည့် အခြေခံမူ(၁၀၄)ချက်အား ပြန် လည်ညှိနှိုင်းဆွေးနွေးရန် တင်ပြချက်တို့ကို ထောက်ခံကြောင်း ဖော်ပြပါရှိသည်။ ❖

# နအဖဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အနာဂတ် မြန်မာ့အရေးတွင် ပြဿနာဖြစ်နိုင်

**ဇန်နဝါရီ၊ (၅)ရက်။**
**[အာအက်ဖ်အေ]**

နအဖ၏နိုင်ငံရေးလမ်းညွှန် အချက်(၇)ချက် အရ မကြာမီကျင်းပဖွယ်ရှိသည့် အမျိုးသား ညီလာခံသို့ စစ်အုပ်စုနှင့်အပစ်အခတ်ရပ်စဲ ထားသည့်အဖွဲ့များက မပျက်မကွက်တက် ရောက်ရန် ကတိကဝတ်များပြုနေသော် လည်း၊ ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာနိုင်ငံရေး့နေများကောင်စီက အဆိုပါ အစီအစဉ်အတိုင်း ဆက်လုပ်မည်ဆိုပါက ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သည် ပြဿနာအများအပြား ကြုံတွေ့လာနိုင် ကြောင်း စာတမ်းတစောင်ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ(၄)ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ သည့် စာမျက်နှာ ၃၀ကျော်ပါ အဆိုပါစာ တမ်းတွင် အဓိကအချက်(၄)ချက် ပါဝင်ပြီး စာတမ်းပြုစုသူ ဦးအောင်ထူးက ရှင်းလင်း ပြောကြားခဲ့ရာတွင်“ဥပဒေပြုအာဏာကို ကျင့်သုံး မည့် လွှတ်တော်နှစ်ရပ်လုံးတွင် ပြည်သူများက ရွေးချယ်တင်မြှောက်မထားသည့် စစ်ဗိုလ်များ အား လွှတ်တော်အမတ်အဖြစ် တက်ရောက်ခွင့် ပေးခြင်းသည် ဒီမိုကရေစီအခြေခံတွင် လုံးဝ ဆန့်ကျင်ကြောင်းပြောကြားခဲ့ပြီး၊ တိုင်းရင်း သားလူမျိုးပေါင်းစုံကို အခြေခံထားသည့် တိုင်းပြည်တွင် ဗမာလူမျိုးက အများစုဖြစ် သဖြင့် လူဦးရေအရ ဗမာက သမတ ဖြစ်နိုင် ချေ ပိုများခြင်းကြောင့် သမတစနစ်သည် မြန်မာပြည်၌ မဆီလျော်ကြောင်း”ထောက်ပြ ထားသည်။

ဆက်လက်၍ ဦးအောင်ထူးက ပြော ကြားရာ၌ “ဒီထက်ပိုမဆီလျော်တဲ့ အချက်က တော့ သမတရွေးချယ်တင်မြှောက်ရေးအဖွဲ့ ကို ဖွဲ့တဲ့အခါမှာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှာ မှမရှိတဲ့ အစုအဖွဲ့(၃)ဖွဲ့စနစ်ကို ဖွဲ့စည်း ထားတဲ့အပြင် တစုကစစ်ဗိုလ်တွေကို ဖွဲ့စည်း ပေးထားတာကြောင့် ဒီအစုက Solid မဲရ နေပြီးတော့ ကျန်တဲ့ (၂)စုထဲမှာလည်းပဲ စစ်ဗိုလ်တွေက စည်းရုံးထားနိုင်မယ့် လူတွေ ပါမယ်ဆိုရင် သမတဟာ စစ်ဗိုလ်သမတ ဖြစ်လာဖို့ပဲ များပါတယ်”ဟု သမတစနစ် ထားရှိရေးကို ဝေဖန်ထောက်ပြခဲ့သည်။

တရားစီရင်ရေးနှင့်ပတ်သက်၍ ဆက် လက်ပြောကြားရာတွင် လုံးဝလွတ်လပ်မှု မရှိဘဲ စစ်ဗိုလ်သမတကသာ ခန့်ခွင့်ဖြုတ်ခွင့် ပေးထားခြင်းကြောင့် တရားစီရင်ရေးတခု လုံးသည် အုပ်ချုပ်ရေးအောက်တွင် ရောက် သွားသည့်အတွက် အခြေခံလူ့အခွင့်အရေး များကို ကာကွယ်စောင့်ရှောက်နိုင်မည့် တရားစီရင်ရေးအာဏာမရှိတော့ကြောင်း၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံ၌လည်း အခြေခံမူ(၁၀၄)ချက်ထဲ တွင် တိုင်းကြီး(၇)တိုင်း၊ ပြည်နယ်(၇) ပြည် နယ်ပုံစံဖြင့်သာ ဆက်လက်သွားမည်ဟု ဆို ထားသည့်အတွက် တိုင်းရင်းသားအများကြား တွင် တန်းတူရည်တူဖော်ဆောင်နိုင်ရေးကို စိတ်ကူးမြော်မှန်း၍မရနိုင်တော့ကြောင်း ဒီမို ကရက်တစ်မြန်မာ့အသံ၏ မေးမြန်းခန်း၌ ပြောကြားသွားသည်။ ❖

# နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် အလေးထားဆောင်ရွက်သွားမည်

၂၀၀၃ ခုနှစ်အတွင်း စာနယ်ဇင်းလွတ်လပ်ခွင့်အခြေအနေသည် ကမ္ဘာကြီးတွင်ပိုမိုဆိုးရွားလာနေကြောင်း RSF ခေါ် နယ်ခြားမဲ့သတင်းထောက်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြလိုက်ပြီး စာနယ်ဇင်းလွတ်လပ်ခွင့်ကင်းမဲ့သည့် နိုင်ငံများအတွက် အာမခံရရှိရေးကိုအလေးထားဆောင်ရွက်မည်ဟု ဆိုလိုက်သည်။

ထိုအစီရင်ခံစာ၌ ၂၀၀၃ ခုနှစ်အတွင်း အသတ်ခံရသည့် သတင်းနှင့်စာနယ်ဇင်းသမားများသည် အီရတ်စစ်ပွဲနှင့်ပိုမို ဆက်နွယ်နေကြောင်း၊ သတင်းဌာနများက စစ်ပွဲသတင်းများကို နေ့ညမပြတ်ဖြန့်ချိနိုင်ရန် လုပ်ဆောင်နေမှုများကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ အမေရိကန်တွင်ဖြစ်ပွားခဲ့သည့် (၁၁/၉) အကြမ်းဖက်တိုက်ခိုက်မှုကြီးအပြီး ကမ္ဘာတဝှမ်းလုံး အကြမ်းဖက်တိုက်ဖျက်ရေးဆောင်ရွက်မှုများပြုလုပ်ခဲ့သဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေချမှတ်ချက်များသည် သတင်းသမားအများအပြား ဖမ်းဆီးခံရခြင်းနှင့်အတူ စာနယ်ဇင်းဖြတ်တောက်မှုတို့နှင့်ပါ ဆက်နွယ်ခဲ့သည်ဟု RSFကဆိုသည်။

အာရှနိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံများ၌ သတင်းသမားများအပေါ် အကြမ်းဖက်မှု၊ ဖမ်းဆီးမှုများရှိနေဆဲဖြစ်ပြီး၊ တရုတ်နှင့်မြန်မာနိုင်ငံတို့တွင် ဆင်ဆာဖြတ်တောက်မှုများရှိနေဆဲဟု ဖော်ပြထားသည်။

ထို့ပြင်အာရှဒေသသည် အင်တာနက်သုံးစွဲခွင့်တွင် ကမ္ဘာ့အကြီးဆုံးအကျဉ်းထောင်ကြီးတခုလိုဖြစ်နေပြီး စာနယ်ဇင်းသမားများအား မြန်မာနိုင်ငံ၌ အများအပြား ဖမ်းဆီးထားကြောင်း ဖော်ပြထားသည်။

RSF ၏အာရှ–ပစိဖိတ်ဒေသ တာဝန်ခံ ဘင်းဆင့်ဘရိုဆယ်က မြန်မာပြည်တွင် ၂၀၀၁ ခုနှစ် ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့် (ယူနက်စကို) ဆုရ သတင်းစာဆရာကြီး ဦးဝင်းတင်(ဟံသာဝတီ)အပါအဝင် စာနယ်ဇင်းသမား(၁၇)ဦးတို့ အကျဉ်းကျခံနေရကြောင်း၊ ၎င်းတို့ကို စစ်ဗိုလ်ချုပ်များက ဒီမိုကရေစီပြောင်းလဲရေးအတွက် ရေးသားမှုများကြောင့် ဖမ်းဆီးခြင်းဖြစ်သည်ဟုဆိုသည်။

စာနယ်ဇင်းလွတ်လပ်ခွင့်သည် မရှိမဖြစ်တန်ဖိုးတရပ်ဖြစ်သလို ဒီမိုကရေစီ၏ အရေးကြီးဆုံး မဏ္ဍိုင်ဖြစ်ပြီး ၎င်းတို့အတွက် မိမိတို့က အလေးထားဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတွင် ငွေမင်သုတ်၍ ဆင်ဆာဖြတ်မှုအပါအဝင် စာနယ်ဇင်းလွတ်လပ်ခွင့်များကိုနည်းမျိုးစုံအသုံးပြုနေပြီး မေ ၃၀ ဒီပဲယင်းလုပ်ကြံမှုကြီးအား၊ မည်သည့်သတင်းစာ၊ စာနယ်ဇင်းတွင်မှ ဖော်ပြခွင့်မရခဲ့ကြောင်း ပြင်သစ်အခြေစိုက်နယ်ခြားမဲ့သတင်းထောက်များ၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ❖

# ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ်အခမ်းအနား မဲဆောက်တွင်ကျင်းပ

ကျောင်းပေါင်း(၃၀)ကျော်မှ ရွှေ့ပြောင်းမြန်မာကျောင်းသူကျောင်းသား ကလေးငယ်ပေါင်း (၁၀၀၀)ကျော်ခန့်ပါဝင်သည့် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားတခုကို မဲဆောက်မြို့ရှိ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းတွင် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားကို ဦးစီးကျင်းပသူ ဒေါက်တာစင်သီယာမောင်က မဲဆောက်မြို့နှင့်အနီးဝန်းကျင်ရှိ လက်လှမ်းမီသည့် ကျောင်းများမှ ကလေးများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကလေးများ၏ ပျော်ရွှင်မှု၊ ကလေးများ၏ ရုပ်ပိုင်းစိတ်ပိုင်းနှင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်းပြောဆိုခဲ့သည်။ ထို့ပြင် ကလေးများ၏အခြေအနေများအား နိုင်ငံတကာရှိ မိသားစုများက ပိုမိုသဘောပေါက်လာပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုသော ဆန္ဒလည်းရှိကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ကလေးများနေ့သည် နိုဝင်ဘာ (၂၀)ရက်နေ့က ကျရောက်ခဲ့သော်လည်း၊ ဇန်နဝါရီ(၁၂)ရက်နေ့မှ ကျင်းပနိုင်ခဲ့ရသည်ဟုဆိုသည်။ ထိုအခမ်းအနားတွင် ကလေးများ၏ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများပါ ထည့်သွင်းကျင်းပခဲ့သည်။ ❖



ကလေးများနေ့အခမ်းအနားမှ မြင်ကွင်းတခု

# စစ်အာဏာရှင်စနစ်ဆိုးချုပ်ငြိမ်းစေ၍ ဆုံးခန်းတိုင်အောင်ပွဲရသည်အထိ တိုက်ပွဲဝင်သွားမည် ၅၆ နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနား NLD(LA)၌ ကျင်းပ




အမျိုးသားဒီမိုကရေစီ(လွတ်မြောက်နယ်မြေ)မှ အတွင်းရေးမှူးဒေါ်စန်းစန်း မိန့်ခွန်းပြောကြားနေစဉ်

၅၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတရပ်ကို လွတ်မြောက်နယ်မြေတနေရာတွင် အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ)က ကျင်းပခဲ့သည်။

ထိုအခမ်းအနားတွင် အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်) ဥက္ကဋ္ဌဦးဝင်းခက်က စစ်အာဏာရှင်စနစ်ဆိုးအား ချုပ်ငြိမ်းစေ၍ ဒီမိုကရေစီပြည်ထောင်စုကြီးဖြစ်လာသည်အထိ ဆုံးခန်းတိုင်ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု သန္နိဋ္ဌာန်ပြု ပြောကြားသွားသည်။

အခမ်းအနားသို့ တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး၊ အနုပညာရှင်များက လွတ်လပ်ရေးအငြိမ့်နှင့် တင်ဆက်ဖျော်ဖြေခဲ့ကြသည်။ ❖

# ရခိုင်ပြည်နယ်ရှိ ပြည်ချစ်ဝါဒီရဲဘော်များသို့ ရခိုင်ရဲဘော်ဟောင်းတဦးထံမှ ပန်ကြားလွှာ

၁၃၀၀ပြည့် အရေးတော်ပုံခေတ်ကာလမှ စတင်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့တွင် ပါဝင်ခဲ့ကာ လွတ်လပ်ရေးခေတ်ကာလတလျှောက်လုံး ဒီမိုကရေစီအရေးတော်ပုံကြီးတွင်လည်း ရှေ့ဆုံးတန်းမှ ပါဝင်ခဲ့သည့် ဝါရင့် ရခိုင်နိုင်ငံရေးသမားကြီး ရဲဘော်ကျော်မြမှ ရခိုင်ပြည်နယ်ရှိ ပြည်ချစ်ဝါဒီ ရဲဘော်အပေါင်းအား စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ပြီး ဒီဇင်ဘာလ (၂၀) ရက်နေ့ နေ့စွဲဖြင့် ပန်ကြားလွှာတစောင် ထုတ်ပြန်ခဲ့သည်။

၎င်းပန်ကြားချက်တွင် နှစ်ပေါင်း (၇၀) နီးပါးမျှ ဖြတ်သန်းလာခဲ့သော တော်လှန်ရေးခရီးကြမ်းအတွေ့အကြုံများမှ သင်ခန်းစာထုတ်ယူကာ ရဲဘော်တို့အားလုံးအား စစ်မှန်သော ပြည်ချစ်ဝါဒီများ ဖြစ်လာကြစေရန်၊ ပြည်သူနှင့်အတူ လက်တွဲတိုက်ပွဲဝင်ရာတွင် ရှေ့တန်းမှပါဝင်သည့် စံပြသူရဲကောင်းများ ဖြစ်လာကြစေရန် မွန်မြတ်သောစေတနာဖြင့် ဤပန်ကြားလွှာကို ရေးလိုက်ခြင်းဖြစ်ကြောင်းနှင့် မိမိတို့ချင်း ညီညွတ်ရေးအတွက် ဗျူရိုကရက်စနစ်'၊ 'ဓနရှင်အမျိုးသားရေးဝါဒ'၊ 'ဂိုဏ်းဂဏဝါဒ'တည်းဟူသော နိုင်ငံရေးရောဂါဆိုးများကို တိုက်ဖျက်နိုင်ရန် အထူးလိုအပ်ကြောင်းကို မှာကြားပြောဆိုခဲ့သည်။

ဒီပဲယင်းအရေးအခင်းအပြီးနောက်ပိုင်း အခြေအနေအား သုံးသပ်ရာတွင် လူထုအုံကြွမှု ယာယီငြိမ်သက်နေခြင်းသာ ဖြစ်ကြောင်း အချိန်ကျရောက်လာသည်နှင့် လူထုအုံကြွမှုမုန်တိုင်းကြီး တိုက်ခတ်လာမည်မှာ မုချဖြစ်ကြောင်း သုံးသပ်ပြောဆိုကာ တိုက်ပွဲဝင်ရဲဘော်များအား ဖြစ်နိုင်သမျှသော နည်းမျိုးစုံကို အသုံးချကာ ပြည်သူလူထုနှင့်အတူ ပူးပေါင်းနိုင်အောင် ကြိုးစားကြစေလိုကြောင်းကိုလည်း ထပ်လောင်းပြောဆိုခဲ့သည်။

ယခုအခါ အသက် (၉၀)ရှိပြီဖြစ်သည့် ဦးကျော်မြသည် ဗမာပြည်ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်အဆင့်ထိ တာဝန်ယူခဲ့သူ၊ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲစဉ်တလျှောက်လုံး နှစ်ပေါင်း (၇၀)ကျော်ကြာမျှ ယခုအချိန်ထိတိုင် တာဝန်ထမ်းဆောင်နေသူတဦးဖြစ်ပြီး မြန်မာ့နိုင်ငံရေးဖြစ်စဉ်တလျှောက်တွင် မိတ်ဆွေများသာမက ရန်သူများကပါ လေးစားကြည်ညိုခံရသူတဦးဖြစ်သည်။



CPB နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်ဟောင်း ဦးကျော်မြ

# နုအဖတပ်တွင်း ဖိနှိပ်မှုများကြောင့် တပ်ပြေးမှုများပြားလာ

နုအဖတပ်အတွင်း ထက်အောက်ဖိနှိပ်မှု၊ ပင်ပန်းဆင်းရဲမှုနှင့် ပြည်သူလူထုအပေါ် မတရားညှဉ်းပန်းနှိပ်စက်မှုများကို မခံနိုင်တော့သည့်အတွက် ကြာအင်းဆိပ်ကြီးအခြေစိုက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်သား(၂)ဦး ပြီးခဲ့သည့်လ(၃)ရက်နေ့က ဝင်းရေးမြို့နယ် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA သို့ ပူးပေါင်းဝင်ရောက်လာကြောင်းသိရသည်။

အဆိုပါ တပ်သားနှစ်ဦးအနက် ကပ/၂၅၄၀၉၂ ရဲဘော်မိုးဝင်းက တပ်တွင်း ပင်ပန်းဆင်းရဲမှု၊ ထက်အောက်ဖိနှိပ်မှုများအား မခံနိုင်၍ လွတ်မြောက်ဒေသသို့ ထွက်ပြေးလာလိုသူ များပြားနေကြောင်း ပြောဆိုခဲ့ပြီး နုအဖတပ်တွင်းတွင် အရွယ်မရောက်သေးသည့်ကလေးများနှင့် လူငယ်များကို တပ်သားသစ်များအဖြစ် အဓမ္မစုဆောင်းမှုများ ပိုမိုများပြားလာသည်ဟု ဆိုသည်။

အလားတူ ဒီဇင်ဘာ(၇)ရက်နေ့ကလည်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရုတ်ပိကျေးရွာတွင် ခလရ(၃၁)မှ တပ်သားတဦးထွက်ပြေးလာသည့်အတွက် လိုက်လံဖမ်းဆီးစဉ် ပစ်ခတ်မှုဖြစ်ပွား၍ ကရုတ်ပိရဲစခန်းမှူးသေဆုံးသွားပြီး ၎င်းကိုင်ဆောင်သည့်ပစ္စတိုသေနတ်ပါ ပျောက်ဆုံးသွားခဲ့သည်ဟု လွတ်လပ်သည့်မွန်သတင်းအေဂျင်စီ၏အဆိုအရ သိရသည်။

ထို့ပြင် ဒီဇင်ဘာ(၁၇)ရက်နေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော နယ်စပ်ကျောက်တိုင်အမှတ်(၉)အနီး တပ်စွဲထားသည့် ခမရ(၅၃၁)စခန်းတွင် အောက်ခြေတပ်သားများက ဗုံးထောင်တိုက်ခိုက်ခဲ့သည့် အတွက် ဒုတပ်ရင်းမှူးဝေကျော်အပါအဝင် ဒုတပ်ကြပ်တဦး၊ တပ်သား(၄)ဦး စုစုပေါင်း (၆) ဦး သေဆုံးသွားကြောင်း ရှမ်းသတင်းအေဂျင်စီအဆိုအရ သိရသည်။

ဗုံးထောင်တိုက်ခိုက်ခဲ့သည့် တပ်သားများအား နုအဖတပ်ရင်းများက အပူတပြင်းလိုက်လံရှာနေသော်လည်း ယခုအချိန်အထိ ဖမ်းဆီးရမိခြင်းမရှိသေးဟုဆိုသည်။

❖

# မနိုင်၍ သည်းခံရခြင်းနှင့် ဤစည်းကို ကျော်ပါက

**'မင်းတို့က ရဲတွေပဲ၊ လုပ်ပေါ့ကွာ' 'ရှင်တို့က စစ်တပ်ကပဲ လုပ်ကြပေါ့' ဆိုတဲ့ စကားတွေကို ဒီကနေ့ မြန်မာနိုင်ငံရဲ့ မြို့ရွာအနှံ့အပြားမှာ အလွယ်တကူ ကြားနိုင်ကြပါတယ်**

**စိုး နေလင်း**

သည်းခံခြင်း(Patience)ဟာ ကောင်းမွန်တဲ့ တရားတခု(Virtue) ဖြစ်ပါတယ်။ ဒေါသတရား(Anger)ကတော့ နှိုင်းယှဉ်မှု သဘောအရ မကောင်းတဲ့အရာတခုလို့ဆိုနိုင်ပါတယ်။ အရာရာကို ဒေါသနဲ့ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်တတ်၊ တုံ့ပြန်တတ်တဲ့ သူတွေဟာ အများအားဖြင့် အမှားတခုခုကို ကျူးလွန်မိတတ်ကြတာများပါတယ်။ ဒေါသတရားကို ထိန်းချုပ်ပြီး အသိဉာဏ်ပညာနဲ့၊ ဆင်ခြင်တုံတရားနဲ့ ချဉ်းကပ်စဉ်းစားလုပ်ကိုင်ဆောင်ရွက်ခြင်းကသာ မှန်ကန်သင့်မြတ်တဲ့ အကျိုးရလဒ်ကို ရလာနိုင်မှာဖြစ်တယ်လို့ ပြောရင် မှားလိမ့်မယ်မဟုတ်ပါဘူး။ ဒါဟာ ယေဘုယျအားဖြင့် မှန်ကန်တဲ့ကောက်ချက်တခုဖြစ်ပါတယ်။

ဒါပေမယ့် သည်းခံတယ်ဆိုတဲ့နေရာမှာ အတိုင်းအတာတခုတော့ ရှိရပါလိမ့်မယ်။ ရှိလည်းရှိသင့်တယ်လို့ ကျနော်ကယူဆပါတယ်။ ပညာရေးမြင့်မားပြီး ဒီမိုကရေစီ စနစ်ထွန်းကားဖွံ့ဖြိုးအားကောင်းတဲ့ လူ့အဖွဲ့အစည်းတွေမှာ သာမန်လူမှုဆက်ဆံရေးအရ သည်းခံလိုက်ရတာမျိုးကလွဲပြီး မတရားမှုတခုကို သည်းခံလိုက်ရတယ်ဆိုတဲ့ အဖြစ်မျိုးကတော့ ပညာရေးစနစ်ကလည်းညံ့ဖျင်း၊ ဒီမိုကရေစီ အခွင့်အရေးဆိုတာကလည်း မှုံလို့တောင် ရှုစရာမရှိတဲ့ ကျနော်တို့ မြန်မာနိုင်ငံလို လူ့အဖွဲ့အစည်းမျိုးမှာထက်စာရင် အများကြီးကွာခြားနည်းပါးလိမ့်မယ် ထင်ပါတယ်။ ခြွင်းချက်အရ အနည်းအပါး ရှိနိုင်ပေမယ့် ယေဘုယျသဘောအရ လွတ်လပ်အမှီအခိုကင်းတဲ့ တရားစီရင်ရေး၊ လူ့အခွင့်အရေး လေးစားလိုက်နာမှု စတာတွေပြည့်ဝတဲ့ လူ့အဖွဲ့အစည်းတွေမှာ ခါးခါးသီးသီး၊ နာနာကျည်းကျည်းခံစားပြီး သည်းခံလိုက်ရတဲ့အဖြစ်မျိုး၊ မနိုင်လို့ သည်းခံလိုက်ရတဲ့ အဖြစ်မျိုးတွေ အင်မတန် ရှားပါးလိမ့်မယ်လို့ ကျနော်ထင်ပါတယ်။ မတော်မတရား လုပ်လာမယ်ဆိုရင် သမတအဆင့်အထိ တရားစွဲဆိုပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေ အပြည့်အဝရှိနေတယ် မဟုတ်လား။ အမှန်တရားကို ယာယီ သဘောအရ ဖုံးကွယ်ထားလို့ ရကောင်းရနိုင်မှာဖြစ်ပေမယ့် သိပ်မကြာခင် အချိန်မှာ အမှန်တရားက ဘွားကနဲ မားမားမတ်မတ် ပြန်ပြီး ပေါ်လာတာပါပဲ။ ဒီနေရာမှာ ကျနော်က တချိန်တုန်းက အမေရိကန် သမတရာစ်ချတ်နစ်ဆင်ရဲ့ ဝါးတားဂိတ် (Water Gate) အရေးကိစ္စလို၊ အမေရိကန် နယူးစ်တိုင်းမ်(News Time) သတင်းစာကြီးကို အမေရိကန်အစိုးရက တရားလိုပြု တရားစွဲဆိုယှဉ်ပြိုင်မှုမှာ တရားသူကြီးက နယူးစ်တိုင်းမ်သတင်းစာကို အနိုင်ပေးလိုက်တဲ့ တရားစီရင်ရေးမျိုးကို သွားသတိရမိပါတယ်။ (တချိန်တည်းမှာပဲ အဲဒီအကြောင်းကို ကျနော်တို့ လူငယ်တွေ ဖတ်ခွင့်ရအောင် 'ချစ်စရာ အမေရိကန်'စာအုပ်ကို ရေးသားခဲ့တဲ့၊ ခုချိန်မှာ ယုံကြည်ချက်ကြောင့် စစ်အာဏာရှင်အစိုးရရဲ့ မတရားဖမ်းဆီးအကျဉ်းချတာကို ခံနေရဆဲဖြစ်တဲ့ သတင်းစာဆရာ၊ စာရေးဆရာကြီး ဦးဝင်းတင်ကို သတိရတောင့်တမိပါတယ်။) အလွန်အားကျ၊ ဂုဏ်ယူစရာကောင်းတဲ့ ဒီမိုကရေစီ အခွင့်အရေးဖြစ်ပါတယ်။

ကျနော်တို့ မြန်မာပြည်လူ့အဖွဲ့အစည်းမှာတော့ အမှန်တရားကို လုံးဝမမြင်မတွေ့ရအောင် ဖုံးကွယ်ဖိနှိပ်ထားခံခဲ့ရတာ ခုဆိုနှစ်ပေါင်းလေးဆယ့်တနှစ်ကျော် ကြာမြင့်လာခဲ့ပါပြီ။ မြန်မာနိုင်ငံက ပြည်သူလူထုကြီးတရပ်လုံးဟာ စစ်အာဏာရှင်တွေရဲ့ မတရား ဖိနှိပ်ချုပ်ချယ်မှု၊ ပြင်းထန်ဆိုးဝါးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ခါးခါးသီးသီး ခံစားလာခဲ့ကြရတာဖြစ်ပါတယ်။ ဒါဟာ သည်းခံခြင်းတရားမှန်ပေမယ့် 'မနိုင်၍ သည်းခံရခြင်း'သာ ဖြစ်ပါတယ်။ မနိုင်လို့ မတရားမှန်းသိလျက်နဲ့ သည်းခံရခြင်းဟာ သိပ်ပြီး ပြင်းထန်တဲ့ခံစားမှုဖြစ်တယ်ဆိုတာကိုတော့ ခံစားဖူးသူအားလုံး သိကြပြီးဖြစ်ပါလိမ့်မယ်။ ကျနော်ကိုယ်တိုင်လည်း အတိုင်းအတာတခုထိ မနိုင်လို့သည်းခံခဲ့ရတဲ့အခါမျိုးတွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျနော် အထက်မှာတင်ပြခဲ့သလို သည်းခံခြင်းမှာ အတိုင်းအတာတခုတော့ ရှိသင့်ပါတယ်။ သာမန်လူမှုဆက်ဆံရေးနယ်ပယ်၊ လူချင်းချင်း ပေါင်းသင်းဆက်ဆံကြတဲ့ နေရာမှာတော့ လူသားသဘာဝအရ ရှိတတ်တဲ့ ခွင့်လွှတ်နိုင်စရာ အမှားမျိုး (Excusable Mistakes)တွေကိုတော့ ကျနော်တို့ မလွဲမသွေနားလည်သည်းခံခွင့်လွှတ်ကြရမှာပါပဲ။ ဒါပေမယ့် ပြင်းထန်ဆိုးဝါးပြီး လူတယောက်ရဲ့ ဂုဏ်သိက္ခာတရားနဲ့ လူမှုစီးပွားရေးဘဝ၊ မိသားစုဘဝပျက်စီးရတဲ့အထိ ထိပါးမတရားပြုလာတာမျိုး ကြုံတွေ့ရမယ်ဆိုရင်တော့ သည်းခံမှုဟာ အတိုင်းအတာရှိသင့်ပါတယ်။ ကိုယ်သတ်မှတ်ဆုံးဖြတ်ထားတဲ့ အတိုင်းအတာ ကျော်လွန်တာနဲ့ အဲဒီမတရားမှုကို တနည်းနည်းနဲ့ ဆန့်ကျင်ခုခံသွားရမှာပါပဲ။ ဒီနေရာမှာ ဒေါသတရားနဲ့ ဘာမှမစဉ်းစားပဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး တုံ့ပြန်ဆန့်ကျင်ရမယ်လို့ ကျနော်မဆိုလိုပါဘူး။ ကျနော်ကတော့ လူတယောက်အနေနဲ့ မတရားမှုကို (ကိုယ်ကိုယ်တိုင် မဟုတ်တောင်) တွေ့ရ၊ မြင်ရ၊ ကြုံရတဲ့အချိန်မှာ ရှိသင့်တဲ့ဒေါသတရား(Indignation)တော့ ရှိသင့်ကြတယ်လို့ ယုံကြည်ပါတယ်။ လူတယောက်ဟာ အဲဒီလို ဒေါသတရားမျိုးမှမရှိဘူးဆိုရင် လူ့အဖွဲ့အစည်းတခုမှာ မတရားမှုတွေကို မင်းမူစိုးမိုးခွင့်ပြုထားသလို ဖြစ်နေပါလိမ့်မယ်။

ကျနော့်အတွေ့အကြုံအရ ဒီကနေ့ ကျနော်တို့မြန်မာနိုင်ငံက သာမန်ပြည်သူတွေကြားမှာအသုံးပြုနေကြတဲ့ လူထုသုံး သည်းခံခြင်းနဲ့ဆိုင်တဲ့ စကားလေးတွေကို နေ့တဓူဝ ကြားနေခဲ့ရပါတယ်။ 'မင်းတို့က ရဲတွေပဲ၊ လုပ်ပေါ့ကွာ'၊ 'ရှင်တို့က စစ်တပ်ကပဲ လုပ်ကြပေါ့' ဆိုတဲ့ စကားတွေကို ဒီကနေ့မြန်မာနိုင်ငံရဲ့မြို့ရွာအနှံ့အပြားမှာ အလွယ်တကူ ကြားနိုင်ကြပါတယ်။ ဒါဟာ မြန်မာနိုင်ငံက သာမန်ပြည်သူလူထု တကယ့်ရင်ထဲကခံစားချက်နဲ့ထွက်ပေါ်လာတဲ့ စကားလုံးတွေဖြစ်ပါတယ်။ တနည်းအားဖြင့်တော့ မနိုင်၍ သည်းခံရခြင်းကြောင့် ထွက်ပေါ်လာတာပါပဲ။ ဒါပေမယ့် အဲဒီလိုမနိုင်လို့သည်းခံပြီး ဒီလို စကားမျိုးကိုပဲ ဖွင့်အံထုတ်နေရုံနဲ့တော့ မတရားမှုတွေ၊ ဖိစီးနှိပ်စက်မှုတွေ ပပျောက်သွားလိမ့်မယ် မဟုတ်ပါဘူး။ သည်းခံမှုကို အတိုင်းအတာတခုထိ သတ်မှတ်ထားပြီး အဲဒီအတိုင်းအတာကျော်တာနဲ့ မတရားမှု၊ ဖိနှိပ်မှုကို ဆန့်ကျင်ခုခံရပါလိမ့်မယ်။ စစ်အာဏာရှင်တွေ လုပ်လေ့ရှိတဲ့ 'ဤစည်းကို ကျော်ပါက သေနတ်နှင့်ပစ်မည်'ဆိုတာမျိုး ပြည်သူလူထုဘက်ကလည်း 'ဤစည်းကို ကျော်ပါက ဆန့်ကျင်ခုခံရလိမ့်မည်' လုပ်ကြရပါမယ်။

ဒေါသတကြီး၊ ဆင်ခြင်တုံတရားမဲ့၊ ပရမ်းပတာ ခုခံဆန့်ကျင်မှုမျိုးလည်းလုပ်လို့ မဖြစ်ပါဘူး။ လုပ်လည်း မလုပ်သင့်ပါဘူး။ ဒါပေမယ့် အတိုင်းအတာတခုထိတော့ သတ္တိရှိဖို့၊ ကိုယ်ကျိုးစီးပွားကို စွန့်လွှတ်ရဲဖို့လိုအပ်ပါလိမ့်မယ်။ ဥပမာအားဖြင့် ကျနော်ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်လေးတခုကို ပြောပြချင်ပါတယ်။ ကျနော် နောက်ဆုံးတခေါက် ဆိတ်ဖလူးရနံ့သင်းပျံ့တဲ့ကျောင်းတော်ကြီးက ကိုယ့်အိမ်ကိုယ့်ရာပြန်ရောက်ပြီး ၆ လ၊ တနှစ်လောက်ရှိမယ်ထင်ပါတယ်။ တနေ့ခင်း ကျနော်နဲ့ဇနီးသည်တို့ အိမ်မှာရှိနေတုန်း စာရွက်စာတမ်းတချို့နဲ့ လူတယောက် တက်လာပြီး အိမ်မှာအသက်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူ ဘယ်နှစ်ယောက်ရှိသလဲ။ အမည် အသက်နဲ့ မှတ်ပုံတင်အမှတ်ကို တောင်းတဲ့အတွက် ကျနော်က ဇနီးသည်ကိုပြောပြလိုက်ဖို့ပြောပြီး အိမ်နောက်ဘက်ထမင်းစားခန်းထဲ ခဏဝင်သွားခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ ကျနော့်အမျိုးသမီးက ကျနော့်ကိုလှမ်းခေါ်သံကြားလိုက်ရတဲ့အတွက် အိမ်ရှေ့ကိုအမြန်ပြန်ထွက်ခဲ့ရပါတယ်။ အိမ်ရှေ့ရောက်တော့ ဇနီးသည်က အဲဒီလူရေးဖြည့်နေတဲ့ စာရွက်ရဲ့ခေါင်းစဉ်းကို လှမ်းကြည့်လိုက်တော့ ဒေါ်အောင်ဆန်းစုကြည်ကို မထောက်ခံတဲ့အကြောင်း ခေါင်းစဉ်းတပ်ထားတာ သူတွေ့ရပြီး လက်မှတ်ထိုးခိုင်းနေတယ်လို့လည်း ကျနော့်ကို ပြောပြပါတယ်။ ကျနော်က စာရွက်ကို တောင်းမကြည့်တော့ပဲ အဲဒါကို ကျနော်တို့ လက်မှတ်မထိုးနိုင်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ခံတဲ့အကြောင်း အဲဒီပုဂ္ဂိုလ်ကို ပြောလိုက်ပါတယ်။ အဲဒီလူက သူ့အနေနဲ့ သက်ဆိုင်ရာကိုအကြောင်းကြားသတင်းပို့ရလိမ့်မယ်ဖြစ်ကြောင်း၊ သူက တာဝန်ပေးအပ်လို့ လာရတာဖြစ်ကြောင်း ပြောပါတယ်။ ကျနော်က တာဝန်ရှိတဲ့သူ ဘယ်သူပဲဖြစ်ဖြစ် အကြောင်းကြားလို့ရကြောင်း၊ ကျနော် ရင်ဆိုင်ဖြေရှင်းမယ့်အကြောင်းပြန်ပြောလိုက်တော့ ကျနော်တို့ ဇနီးမောင်နှံကို မကျေမနပ်ကြည့်ပြီး အိမ်ပေါ်က ဆင်းသွားပါတယ်။ ကျနော်က အဲဒီအချိန်မှာ ကျနော်ယုံကြည်လက်ခံထားမှုအပေါ်မှာ အခိုင်အမာရပ်တည်ဖို့၊ အကျိုးရလဒ်ကိုရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် ညနေဘက်မှာလမ်းလျှောက်ထွက်ရင်း ကျနော်နဲ့အတော်အတန်ရင်းနှီးခင်မင်ပြီဖြစ်တဲ့ ရအဖဥက္ကဋ္ဌဖြစ်သူကို အကျိုးအကြောင်းပြောပြ မေးကြည့်လိုက်တော့ ဥက္ကဋ္ဌက မြို့နယ်က မေးခိုင်းတာမှန်ကြောင်း၊ ဒါပေမယ့် ကျနော့်အိမ်ကိုမဝင်ဖို့ သူမှာလိုက်ဖို့ မေ့သွားလို့ဖြစ်ရတာပါ၊ ပြေပြေလည်လည်ပြောပြပြီး ပြဿနာမရှိတဲ့အကြောင်း ကျနော့်ကိုပြောပြခဲ့ပါတယ်။ သူက ကျနော့်ရဲ့ အတိတ်အကြောင်း သိပြီးသား မို့လို့ပါ။

ကျနော်တင်ပြလိုရင်းကတော့ ဒီကနေ့ ကျနော်တို့ မြန်မာပြည် လူထုအနေနဲ့ ကိုယ်ယုံကြည်ထားတဲ့ အမှန်တရားဘက်က အတိုင်းအတာတခုထိ ဆန့်ကျင်ခုခံကြဖို့ပါပဲ။ နည်းနည်းသိ၊ နည်းနည်းတတ်နိုင်ရင် နည်းနည်းဆန့်ကျင်ပါ။ များများသိ များများတတ်နိုင်ရင် များများဆန့်ကျင်ကြပါ။ တတ်နိုင်သမျှလည်း အမှန်တရားကို သိမြင်နားလည်အောင်၊ ကောက်ကျစ်စဉ်းလဲတဲ့ စစ်အာဏာရှင်အစိုးရရဲ့ လိမ်လည်လှည့်စားအယုံသွင်းစည်းရုံးတာကို မခံရအောင် ကြိုးစားကြဖို့ လိုအပ်ပါလိမ့်မယ်။ ကျနော်တို့ တိုင်းပြည်က စစ်အာဏာရှင်တွေလည်း လူကြားကောင်းအောင် ဥပဒေစကားတော့ ပြောရသေးတာပါပဲ။ သူတို့ ကိုးကားအသုံးပြုနေတဲ့ ဥပဒေကြောင်းအရ ဘာချိုးဖောက်မှုမှမလုပ်ဘူးဆိုရင် ရုတ်တရက်သူတို့ ဘာမှမလုပ်ရဲပါဘူး။ ဒါပေမယ့် အာဏာသိမ်းခါစက ဗိုလ်ချုပ်မှူးကြီးစောမောင်ပြောခဲ့သလို 'No law at all' ဆိုပြီး လုပ်ခဲ့ရင်လည်း ကိုယ့်ယုံကြည်ချက်အတွက်၊ အမှန်တရားအတွက် စွန့်လွှတ်အနစ်နာခံရမှာပါပဲ။ ကျနော်တို့ ပြည်သူလူထု အထူးသဖြင့် ကျောင်းသားကျောင်းသူတွေ၊ ပညာရှင်တွေ၊ ပညာတတ်ဝန်ထမ်းတွေ၊ အလုပ်သမားတွေအနေနဲ့ စစ်အာဏာရှင်တွေရဲ့ မတရားတဲ့ အမိန့်အာဏာတွေ၊ အတင်းအကျပ်စေခိုင်းမှုမျိုးတွေကို ဦးဆောင်လမ်းပြအနေနဲ့ တတ်နိုင်သမျှ နည်းလမ်းမျိုးစုံသုံးပြီး အာခံဆန့်ကျင်ပြကြဖို့ သိပ်ပြီးအရေးတကြီးလိုအပ်နေပြီလို့ ကျနော်ယူဆပါတယ်။ အတိုင်းအတာတခုထိ ကိုယ်ကျိုးစွန့် အနစ်နာခံရဲဖို့လိုအပ်ပါတယ်။ (ဥပမာ– ဆရာကြီး ဒေါက်တာဆလိုင်းထွန်းသန်း လုပ်သလိုမျိုးပေါ့လေ)။ တနိုင်ငံလုံးက ကျောင်းသားကျောင်းသူတွေ၊ ပညာရှင် ပညာတတ်ဝန်ထမ်းအလုပ်သမားတွေက နည်းလမ်းအမျိုးမျိုးနဲ့ မတရားအုပ်ချုပ်မှုကို ဆန့်ကျင်အံတုလာကြပြီဆိုရင် ကျနော်ထင်ပါတယ်။ စစ်အစိုးရဟာ အဲဒီလူအားလုံးကို ဖမ်းဆီးထောင်ချလို့ မဖြစ်နိုင်ပါဘူး။ ကျနော်က အသိပညာ အသိတရားချို့တဲ့ရှာတဲ့ ဘာမှခုခံပြောဆိုနိုင်စွမ်းမရှိတဲ့ တနေ့လုပ်မှတနေ့စား ဆင်းရဲသားပြည်သူလူထု၊ နွမ်းပါးချို့တဲ့တဲ့ တောင်သူလယ်သမားတွေကို မဆိုလိုပါဘူး။ သူတို့က ပိုပြီး အကာအကွယ်မဲ့ကြရှာပါတယ်။ အာဏာရှင်တွေထင်တိုင်းလုပ်တာကို ခံကြရတာပါ။ အထူးသဖြင့် မြို့ပြနဲ့အလှမ်းဝေးတဲ့ နေရာတွေမှာ မတရားမှု၊ ဖိနှိပ်မှု၊ အဓမ္မဖမ်းဆီးချုပ်နှောင် နှိပ်စက်မှု၊ သတ်ဖြတ်မှုတွေကို စစ်အစိုးရရဲ့လက်ပါးစေတွေက ပိုပြီးပြုလုပ်တတ်ကြပါတယ်။ ဒါပေမယ့် မြို့ပြတွေနဲ့ မြို့ကြီးပြကြီးတွေမှာ အများမြင်သာထင်ရှားဖြစ်တဲ့အတွက် စိတ်ထင်တိုင်းသူတို့ မလုပ်ရဲတတ်ကြပါဘူး။ ဒါကိုကျနော်တို့ ပြည်သူလူထု သတိပြုမိစေချင်ပါတယ်။

ကျနော့်ဆောင်းပါးမှာ ပညာတတ်၊ ပညာရှင်တွေ၊ ကျောင်းသားကျောင်းသူတွေ၊ အလုပ်သမားတွေကိုဦးစားပေးပြီး အဆုံးအစမဲ့ သည်းခံမနေကြဖို့၊ အာခံဆန့်ကျင်ကြဖို့ အလေးအနက်တိုက်တွန်းရတာ အကြောင်းရှိပါတယ်။ အခုဆို စစ်အာဏာရှင် အစိုးရက ကျနော်တို့တိုင်းပြည်ရဲ့ 'ပညာရေး'ကို ရည်ရွယ်ချက်ရှိရှိဖျက်ဆီးပစ်ခဲ့ပါပြီ။ အဲဒါဟာ အကြောင်းမဲ့မဟုတ်ပါဘူး။ 'ပညာရေးသည် လူတို့ကို ဦးဆောင်ရလွယ်ကူစေ၏၊ သို့သော် ကျွန်ပြုရန်ခက်ခဲ၏' ဆိုတဲ့ ပညာရှိစကားကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။ ❖

**လူတယောက်ရဲ့ ဂုဏ်သိက္ခာတရားနဲ့ လူမှုစီးပွားရေးဘဝ၊ မိသားစုဘဝပျက်စီးရတဲ့အထိ ထိပါးမတရား ပြုလာတာမျိုး ကြုံတွေ့ရမယ်ဆိုရင်တော့ သည်းခံမှုဟာ အတိုင်းအတာရှိသင့်ပါတယ်။**

**ကိုယ်သတ်မှတ်ဆုံးဖြတ်ထားတဲ့ အတိုင်းအတာကျော်လွန်တာနဲ့ အဲဒီမတရားမှုကို တနည်းနည်းနဲ့ ဆန့်ကျင်ခုခံသွားရမှာပါပဲ**

## မန္တလေးတိုင်းအဲန်အယ်လ်ဒီအဖွဲ့ဝင်များ ပါတီစည်းရုံးရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နေ

မန္တလေးတိုင်းအဲန်အယ်လ်ဒီက တိုင်းအတွင်းရှိ မြို့နယ်(၃၀)ကို ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းများဖွင့်လှစ်ကာ ပါတီစည်းရုံးရေးလုပ်ငန်းစဉ်များ ပြန်လည် လုပ်ဆောင်နေကြကြောင်းသိရသည်။ ထို့ပြင် မေ ၃၀ ဒီပဲယင်းအရေးအခင်းအပြီး လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း တိုင်းတွဲဖက်အတွင်းရေးမှူးက ပြောကြားလိုက်သည်။

တိုင်းအတွင်းရှိမြို့နယ်များမှ အဖွဲ့ချုပ်ဝင်များပြန်လည်စုစည်းရန် မိမိတို့ဆောင်ရွက်နေကြောင်း၊ မန္တလေးတိုင်း မြောက်ဘက်ပြင်ဦးလွင်၊ မန္တလေးနှင့် ကျောက်ဆည်ခရိုင်(၃)ခုနှင့် တောင်ဘက်မှ ရမည်းသင်း၊ မိတ္ထီလာ၊ မြင်းခြံရိုင် (၃)ခုသို့ သွားရောက်ကာ အဖွဲ့ချုပ်ဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်း၊ မြို့နယ်ပေါင်း (၂၆)မြို့နယ်ကို သွားရောက်တွေ့ဆုံပြီးဖြစ်သော်လည်း ကျန်သည့်မြို့နယ်များအား ဆက်လက်သွားရောက်ဦးမည်ဖြစ်ကြောင်း တိုင်းတွဲဖက်အတွင်းရေးမှူးနှင့် ရမည်းသင်းအမှတ်(၂)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်းက အာအက်ဖ်အေသို့ ပြောကြားခဲ့သည်။

မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်များသည် မေ ၃၀ ဒီပဲယင်း အရေးအခင်းတွင် ဆိုးဆိုးရွားရွားကြုံတွေ့ခဲ့ရပြီး သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူ၊ ထောင်ကျနေသူများ ရှိသည့်အတွက် အဖွဲ့ချုပ်လုပ်ငန်းစဉ်များ အားနည်းချိနဲ့ခဲ့ရသဖြင့် ယခုလိုဆက်လက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်သည်ဟုဆိုသည်။ ယခု ဆက်သွယ်ရေးလမ်းကြောင်းများ သတ်မှတ်ပြီးပြီဆိုပါက ယခင်လို စုစည်းနိုင်မည့် အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသွားသည်။

မန္တလေးတိုင်း အဲန်အယ်လ်ဒီသည် ဒီပဲယင်းအရေးအခင်းအတွင်း တိုင်းဥက္ကဋ္ဌအပါအဝင် ထိပ်တန်းတာဝန်ရှိသူများ ဖမ်းဆီးခံခဲ့ရသည်။ ❖

## ဒီပဲယင်းတရားခံအစစ်အမှန်ဖော်ထုတ်၍ သေဆုံးဒဏ်ရာရ၊ ထောင်ကျသူများ၏ စာရင်းအတိအကျပြုစုပေးရန် အမျိုးသမီးခေါင်းဆောင်တောင်းဆို



ဒေါ်ဝင်းမြမြ

**ဇန်နဝါရီ(၁၇)ရက်။**

ဒီပဲယင်းလုပ်ကြံမှုကြီး၏ တရားခံအစစ်များကိုဖော်ထုတ်ပေးပြီး သေဆုံး၊ ဒဏ်ရာရ၊ ထောင်ကျနေသူများ၏ စာရင်းအတိအကျကို ပြုစုပေးရန် ရွှေဘိုအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသူ မန္တလေးတိုင်း အဖွဲ့ချုပ်အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြက နအဖကို တောင်းဆိုလိုက်သည်။

ဒေါ်ဝင်းမြမြသည် မေ (၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း လက်နှစ်ဖက်လုံး ကျိုးကာ ဒဏ်ရာအပြင်းအထန်နှင့် ဖမ်းဆီးခံခဲ့ရပြီး ရွှေဘိုအကျဉ်းထောင်တွင် (၈)လနီးပါး ကြာနေခဲ့ရသူဖြစ်သည်။ ၎င်းက မင်းမဲ့စရိုက်နှင့် လူတစုက ယခုလို ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူလူထုတရပ်လုံးကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းသည် နိုင်ငံရေးဇာတ်ခုံပေါ်မှ လုံးဝချုပ်ငြိမ်းသွားစေရန် လုပ်ဆောင်ခြင်းဟု ဆိုလိုက်သည်။

"ဘာမှအပြစ်မရှိတဲ့ ဒီလိုလူမျိုးတွေကို တုတ်တွေနဲ့ အသေအကြေရိုက်တယ်ဆိုတာက မြင်ကွင်းမှာလည်း မကောင်းပါဘူး၊ ဒီလိုမျိုးလည်း မဖြစ်သင့်ပါဘူး၊ စိမ်ပြေနပြေကို တုတ်တွေ၊ ခဲတွေနဲ့ ထုနှက်ပြီး ရိုက်သတ်တယ်ဆိုတာဟာ ရုပ်ရှင်တောင်မှ မရိုက်သင့်ပါဘူး"ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံကို ပြန်လည်ပြောပြခဲ့သည်။

ဆက်လက်၍ "ပြည်သူလူထုရဲ့ ထောက်ခံမှုများလွန်းအားကြီးတဲ့အပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းစွာဆောင်ရွက်နေတဲ့နိုင်ငံရေးဇာတ်ခုံကို ချုပ်ငြိမ်းအောင်လို့ ဒီနေရာမှာလာပြီး ရိုက်သတ်တဲ့သဘောမျိုးပဲ"ဟု ဒီပဲယင်းအဖြစ်အပျက်အပေါ် အတိုချုပ် ရှင်းလင်းပြောကြားခဲ့သည်။

ထိုခရီးစဉ်သည် အာဏာပိုင်အဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းပြီးမှ ထွက်လာခဲ့ခြင်းဖြစ်သည်။ ဥပဒေဘောင်အတွင်း စည်းကမ်းအတိုင်းလည်း လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

ဒေါ်ဝင်းမြမြသည် လုပ်ကြံမှုကြီးအတွင်း လက်နှစ်ဖက်လုံးကျိုးကြေသွားသည့်အပြင် ကားမှန်စများ မျက်နှာတခုလုံး ထိရှခဲ့သည်။

ယခုလို ဖမ်းဆီးခံခဲ့ရသည့်အတွက် ခံနိုင်ရည်အားများရှိလာပြီး၊ နိုင်ငံရေး ပိုမိုရင့်ကျက်လာသည်ဟု ၎င်းကဆိုလိုက်ပြီး၊ ယုံကြည်ချက်နှင့် ဒီမိုကရေစီရရှိ အောင်မြင်သည်အထိ ဆက်လက်ကြိုးပမ်းသွားမည်ဟု အသံလွှင့်ဌာနများသို့ သန္နိဋ္ဌာန်ပြု ပြောကြားသွားသည်။ ❖

## မကြာခင်ကလွတ်လာသူများ ထပ်မံဖမ်းဆီးခံရပြန်

**ဇန်နဝါရီ၊ (၇)ရက်။ [ဒီဗွီဘီ]**

ဒီပဲယင်း အရေးအခင်းအတွင်းဖမ်းဆီးခံရသူ မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်များအား ပြန်လည်လွှတ်ပေးလိုက်ပြီးနောက် မကြာမီ ၎င်းတို့ကို ထပ်မံဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရာ မန္တလးတိုင်း အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်လူငယ် ကိုအောင်နိုင်သူကို စစ်ထောက်လှမ်းရေးက ဖမ်းဆီးလိုက်သည်။

တက္ကသိုလ်ကျောင်းသားတဦးဖြစ်သော ကိုအောင်နိုင်သူသည် ဒီဇင်ဘာ(၂၂)ရက်နေ့က အဖမ်းခံခဲ့ရသော ဒေါ်နှင်းပပ၏ သားဖြစ်သည်။ ၎င်းတို့သားအမိနှစ်ဦးစလုံး မေလ စည်းရုံးရေးခရီးစဉ်အတွင်း မန္တလေးမြို့သို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိခဲ့စဉ်က အဖွဲ့ချုပ်လုပ်ငန်းများကို တက်ကြွစွာ လှုပ်ရှားခဲ့သူများ ဖြစ်သည်။

အရှေ့တောင်မြို့နယ် အဖွဲ့ချုပ် အမျိုးသမီးအဖွဲ့ဝင် ဒေါ်နှင်းပပကို ပြင်ပအတိုက်အခံများနှင့် ဆက်သွယ်သည်ဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့သော်လည်း သားဖြစ်သူကိုမူ မည်သည့်ပြစ်မှုဖြင့် ဖမ်းဆီးသည်ဆိုသည်ကို မသိရပေ။

ထပ်မံရရှိသောသတင်းများအရ မကြာမီကမှ ပြန်လည်လွတ်မြောက်လာသူ မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်(၇)ဦးအား ပြည်ပရှိအတိုက်အခံများနှင့်ဆက်သွယ်သည်ဟုဆိုကာ ပြီးခဲ့သည့်လ (၂၂)ရက်နေ့တွင် စစ်ထောက်လှမ်းရေးက ထပ်မံဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဖမ်းဆီးခံရသူများမှာ မန္တလေးအရှေ့တောင်မြို့နယ်မှ ကိုလှစိုး၊ ကိုမြင့်ဦး၊ ကိုသန်းဝင်း၊ အနောက်မြောက်မြို့နယ်မှ ဒေါ်နှင်းပပ၊ ကိုအောင်နှင့် အခြားအမည်မသိ (၂)ဦးတို့ဖြစ်သည်။

၎င်းတို့အား ဖမ်းဆီးစဉ် ကိုလှစိုးထံမှ ကျပ်ငွေ(၃)သိန်းနှင့်အတူ လက်ကိုင်ဖုန်းတလုံးကိုလည်း စစ်ထောက်လှမ်းရေးက သိမ်းဆည်းသွားကြောင်း မန္တလေးဒေသခံတို့ အဆိုအရ သိရသည်။ ❖

## မကွေးတိုင်းအဖွဲ့ချုပ်၏ လွတ်လပ်ရေးနေ့လှုပ်ရှားမှုအား တားမြစ်ခံရ

မကွေးတိုင်းဆေးရုံရှိ ကလေးလူနာများအား လွတ်လပ်ရေးနေ့လက်ဆောင်ပစ္စည်းများပေးမည့် တိုင်းအမျိုးသမီးလုပ်ငန်းအဖွဲ့၏အစီအစဉ်ကို အာဏာပိုင်များက တားမြစ်မိန့်ထုတ်ပြန်လိုက်သဖြင့် အစီအစဉ် ပျက်သွားကြောင်း သိရသည်။

ဆင်းရဲနွမ်းပါးသည့် ကလေးလူနာများအား အားပေးရန်ရည်ရွယ်ချက်ဖြင့် မိမိတို့လုပ်ဆောင်ခဲ့ကြသော်လည်း အာဏာပိုင်များက နိုင်ငံရေးသဘောဆောင်သည်ဟု အကြောင်းပြကာ တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း အမျိုးသမီး အဖွဲ့ဝင် ဒေါ်စန္ဒာဝင်းက ဆိုသည်။

မိမိတို့အနေဖြင့် နိုင်ငံရေးအမြတ်ထုတ်လိုမှုနှင့် လုပ်ဆောင်ခြင်းမဟုတ်ဘဲ လူသားချင်းစာနာသည့်စိတ်ဓာတ်ဖြင့် လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကလည်း အဖွဲ့ချုပ်ရုံးများ အပိတ်မခံရချိန်အထိ အင်္ဂါနေ့တိုင်း ကလေးများကို အခမဲ့ ဆေးဝါးထောက်ပံ့ပေးခဲ့ကြောင်း ပြောဆိုသွားခဲ့သည်။

ထိုအစီအစဉ်ကို ဒီဇင်ဘာ (၂၉)ရက်ကတည်းက အာဏာပိုင်များထံ ကြိုတင်စာရေးအကြောင်းကြားခဲ့သော်လည်း မဝတ ဥက္ကဋ္ဌ ဦးမျိုးညွန့်က အထက်ကညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သိရသည်။ ❖

## ၅၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပခြင်းကို မန္တလေးတိုင်း အာဏာပိုင်များက ဆိုးရွားစွာနှောင့်ယှက်

**ဇန်နဝါရီ၊ (၅)ရက်။ [အာအက်ဖ်အေ]**

မန္တလေးတိုင်း၊ ညောင်ဦးမြို့၊ သံလျက်ချောင်း ဘုန်းတော်ကြီးကျောင်းတွင် ၅၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မန္တလေးတိုင်း အဲန်အယ်လ်ဒီအဖွဲ့ဝင်များက ကျင်းပရာတွင် အာဏာပိုင်များက ဆိုးဆိုးရွားရွား နှောင့်ယှက်ခဲ့သည့်အတွက် တရားတော်နှင့်အညီသည်းခံကာ ကျင်းပခဲ့ရကြောင်း တိုင်းစည်းရုံးရေးကော်မတီတဦး အဆိုအရသိရသည်။



အဖွဲ့ချုပ်ခေါင်းဆောင်များအား မန္တလေးတိုင်းခရီးစဉ်၌တွေ့ရစဉ်

မန္တလေးတိုင်းစည်းကော်မတီဝင် မိတ္ထီလာ အမှတ်(၂)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းလွင်က"ကျနော်တို့ အဲဒီမှာ လွတ်လပ်ရေးနေ့ကို မလွတ်လပ်ဘဲ ကျင်းပခဲ့ကြတာပဲ၊ ဘာလို့လဲဆိုတော့ ကျနော်တို့ ဒီနေ့နှောင့်ယှက်တဲ့ပုံကြီးက တော်တော်ဆိုးတယ်။ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်၊ အကုန်အစုံပါပဲ။ တံခါးဖွင့်ပေးတို့၊ ဘာတို့ညာတို့ဆိုတော့ တော်တော်စော်ကားတယ်။ ဒါပေမယ့် ကျနော်တို့လည်း ဘုန်းကြီးတရားကလည်း နာထားတဲ့အတွက်ကြောင့် သည်းခံကြပါ။ ဇွဲရှိပါ၊ ရိုးသားပါဆိုတော့ ဘုန်းကြီးတရားအတိုင်း ကြည့်ခဲ့ရတယ်"ဟု အာဏာပိုင်တို့၏ နှောင့်ယှက်ပုံကို ပြောပြခဲ့သည်။

ထိုအခမ်းအနားတွင် မန္တလေးတိုင်းစည်းကော်မတီဝင်များက ညောင်ဦးမြို့နယ်မှ အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၏ ဗဟိုခေါင်းဆောင်(၅)ဦး၏ မှာကြားချက်များကို ပြန်လည်ရှင်းလင်းတင်ပြရန် စီစဉ်ခဲ့သော်လည်း ထောက်လှမ်းရေး၊ ရယကများက ခြိမ်းခြောက်သည့် ပုံစံမျိုးဖြင့်၊ ဓာတ်ပုံများ တဖျပ်ဖျပ်ရိုက်၍ နှောင့်ယှက်ခဲ့ကြောင်း၊ ထို့ပြင် ငှားထားသည့်ကားများကိုလည်း လိုက်မပို့ရန် ခြိမ်းခြောက်တားမြစ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆွေးနွေးပွဲကျင်းပနေစဉ်အတွင်း အာဏာပိုင်များက ၎င်းတို့ပါတက်ရောက်ရန် တံခါးဖွင့်ခိုင်းခဲ့သည့်အတွက် အချေအတင် စကားပြောခဲ့ရကြောင်း သိရသည်။

အခမ်းအနားအပြီးတွင်လည်း အဖွဲ့ချုပ်ဝင်များ ဘုရားဖူးသွားရောက်သည့် လမ်းတလျှောက် ၎င်းတို့က လိုက်လံနှောင့်ယှက်ခဲ့ကြကြောင်း ဒေါက်တာသိန်းလွင်က ပြောပြခဲ့ပြီး ဒီမိုကရေစီနိုင်ငံကို သွားမည့် လမ်းပြမြေပုံကိုဆွဲ၍၊ အခြေခံဥပဒေလည်း ဆွဲတော့မည့်အချိန်၊ နိုင်ငံတကာကိုလည်း အဲန်အယ်လ်ဒီအဖွဲ့ကိုပါ ပါဝင်စေပါမည်ဟု ပြောကြားထားချိန်တွင် ယခုလို ဆိုးဆိုးရွားရွားနှောင့်ယှက်နေခြင်းသည် ၎င်းတို့ ပြောကြားနေသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းနေသည်ဆိုသော ပြောဆိုနေမှုကို ယုံကြည်လက်ခံနိုင်ဖွယ်မရှိကြောင်း ဆက်လက်ပြောကြားသွားသည်။

ထိုအခမ်းအနားတွင် လွတ်လပ်ရေးနေ့ စာတမ်းတစောင်ကိုလည်း ဖတ်ကြားခဲ့ပြီး ၅၆ လွတ်လပ်ရေးနေ့အခါသမယတွင် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည်ကိုပင် နိုင်ငံရေး လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်မပေးဘဲ နေအိမ်အကျယ်ချုပ် ချထားခြင်းသည် အဆိုးရွားဆုံးလုပ်ရပ်တခုဖြစ်ကြောင်း ဖော်ပြထားသည်ဟု သိရသည်။

❖

# ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးခံရသူ အဲန်အယ်လ်ဒီအဖွဲ့ဝင်(၂၆)ဦး ပြန်လည်လွှတ်မြောက်

မေ ၃၀ ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရပြီးနောက် ဖမ်းဆီးခြင်းခံထားရသည့် အဲန်အယ်လ်ဒီအဖွဲ့ဝင်များနှင့် ထိုကိစ္စနှင့်ပတ်သက်၍ ဆက်နွယ်ဖမ်းဆီးထားသူ အဲန်အယ်လ်ဒီအဖွဲ့ဝင် (၂၆) ဦးတို့ ယခုလ(၁၆)ရက်နေ့က ပြန်လည်လွှတ်မြောက်လာကြကြောင်း သိရသည်။

ယခုလို ဖမ်းဆီးထားသူများအား လွှတ်ပေးခဲ့ခြင်းကို မူအရကြိုဆိုသော်လည်း ကလေးအကျဉ်းထောင်အတွင်း ဆက်လက်ဖမ်းဆီးထားဆဲဖြစ်သော ဒုဥက္ကဋ္ဌဦးတင်ဦးနှင့် နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဥက္ကဋ္ဌဦးအောင်ရွှေ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးလွင်တို့ကို ယခုအချိန်အထိ ပြန်လည်လွှတ်ပေးရန်လိုအပ်ကြောင်း အဲန်အယ်လ်ဒီဗဟိုကော်မတီဦးစိုးမြင့်က ဆိုသည်။

ယခုလို ပြန်လည်လွှတ်မြောက်လာသူများတွင် မန္တလေးတိုင်းဥက္ကဋ္ဌ ဦးဘိုစံနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးတင်အောင်အောင် (မန္တလေးအနောက်မြောက်မြို့နယ်)၊ ဦးပေါခင် (မြင်းခြံ)နှင့် မန္တလေးတိုင်းအဖွဲ့ချုပ်အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြတို့ပါဝင်သည်။ ၎င်းတို့ကို ရွှေဘို၊ ကလေး၊ မန္တလေးနှင့်မြစ်ကြီးနားထောင်တို့မှ ပြန်လည်လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး၊ ရွှေဘိုထောင်မှ (၁၀) ဦး၊ ကလေးမှ (၃)ဦး၊ မန္တလေးမှ (၈)ဦးနှင့် မြစ်ကြီးနားထောင်မှ (၅)ဦးတို့ ပြန်လည်လွှတ်မြောက်လာသည်။

ပြန်လည်လွှတ်မြောက်လာသူများမှာ မန္တလေးတိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘိုစံ၊ ဒုဥက္ကဋ္ဌ ဦးစောဌေး၊ အတွင်းရေးမှူး ဦးကံထွန်း၊ ဘဏ္ဍာရေးမှူး ဦးကိုကိုကြီးနှင့် မိုးကုတ်မြို့မှ မြို့နယ်ဥက္ကဋ္ဌ ဦးစံလင်း၊ ဒုဥက္ကဋ္ဌ ဦးမောင်ကို၊ အတွင်းရေးမှူး ဦးကျော်သိန်းနှင့် လူငယ်အဖွဲ့ဝင် ကိုမင်းသူတို့ဖြစ်သည်။ မြစ်ကြီးနားထောင်မှပြန်လွှတ်လာသူများမှာ ကချင်ပြည်နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးလာတဆိုင်၊ အတွင်းရေးမှူး ဦးနေဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးနိုင်ဇော်ဝင်း၊ အဖွဲ့ဝင်ဦးမရန်ဘောက်လာနှင့် ကဝါနော်ဆိုင်းတို့ဖြစ်ကြောင်းသိရသည်။

ရွှေဘိုထောင်မှ ပြန်လွှတ်လာသူများတွင် မန္တလေးတိုင်းအဖွဲ့ချုပ်အမျိုးသမီးခေါင်းဆောင် ဒေါ်ဝင်းမြမြ၊ ဦးတင်ထွဋ်ဦး၊ အမရပူရဥက္ကဋ္ဌ ဦးလှမြင့်၊ မန္တလေးအရှေ့မြောက်မြို့နယ်မှ ဦးရဲမြင့်အောင်၊ မြင်းမူမှ ဦးဘာဘာ၊ ဝက်လက်မှ ဦးထွန်းမြိုင်၊ ကသာမှဦးမြင့်ကြည်၊ ဘုတလင်မှ ဦးအောင်ဆန်းနှင့် အခြားတဦးပါဝင်ပြီး၊ ကလေးအကျဉ်းထောင်မှ မန္တလေးအနောက်မြောက်မြို့နယ် ပြည်သူ့ကိုယ်စားလှယ် ဦးတင်အောင်အောင်၊ မြင်းခြံပြည်သူ့ကိုယ်စားလှယ် ဦးပေါခင်နှင့် စစ်ကိုင်းတိုင်း ခင်ဦးမြို့မှ ဒေါက်တာဝင်းအောင်တို့ ဖြစ်ကြောင်းသိရသည်။

ယခုလို အဲန်အယ်လ်ဒီအဖွဲ့ဝင်များ ပြန်လည်လွှတ်ပေးခဲ့ခြင်းကို အမေရိကန်ပြည်ထောင်စုကလည်းကြိုဆိုပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုခဲ့သော်လည်း အကျဉ်းကျခံနေရသည့် ဦးတင်ဦးနှင့် နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ ဦးလွင်တို့အား ဆက်လက်ထိန်းသိမ်းထားခြင်းကို သတိပေးပြောကြားလိုက်ပြီး ဒီပဲယင်းအရေးအခင်းအတွင်း နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးခြင်းခံထားရသူရာပေါင်းများစွာတို့အတွက် စိုးရိမ်ပူပန်ကြောင်း၊ ထိုသို့ဖမ်းဆီးထားသည့် အတွက် ရှုတ်ချကြောင်းပြောဆိုခဲ့သည်။ ❖

# ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဓာတ်ခွဲခန်း မီးလောင်ပေါက်ကွဲ၍ သိန်း(၁၀၀)ဖိုးနီးပါး ဆုံးရှုံး




လွှမ်းမောဖွယ်တက္ကသိုလ်ပရဝဏ်

**ဇန်နဝါရီ၊ (၉)ရက်။ [ဒီဗွီဘီ]**

ယခုလ (၇)ရက်နေ့က ရန်ကုန်တက္ကသိုလ်ဓာတုဗေဒဌာနမှ ဓာတ်ခွဲခန်း မီးလောင်ပေါက်ကွဲခဲ့ရာ ကာလတန်ဖိုး သိန်း(၁၀၀)ဖိုးခန့် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

ထိုနေ့နေ့လည်ပိုင်းက ကျောင်းသားများဓာတ်ခွဲခန်းအတွင်းစမ်းသပ်မှုများ ပြုလုပ်နေစဉ် မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဆရာဆရာမများနှင့်ကျောင်းသူကျောင်းသားများ ထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း အဆောက်အဦတခုလုံး မီးလောင်ပေါက်ကွဲခဲ့ကြောင်း ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ အရောင်းဆိုင်ရှင်တဦး အဆိုအရသိရသည်။

ထိုမီးလောင်ပေါက်ကွဲမှုကို အချိန်မီ မငြိမ်းသတ်နိုင်မှုကြောင့် နိုင်ငံခြားမှ မှာယူတင်သွင်းထားသည့် PhD ဒေါက်တာဘွဲ့ယူ စာအုပ်စာတမ်းများ၊ ဓာတ်ခွဲခန်းပစ္စည်းများနှင့် အခြားစုစုပေါင်းတန်ဖိုးသိန်း(၁၀၀)ခန့် ဆုံးရှုံးခဲ့သည်ဟုဆိုသည်။

မီးလောင်ပေါက်ကွဲနေစဉ် မီးသတ်ကား (၂၁)စီးရောက်ရှိလာသော်လည်း ဓာတ်ခွဲခန်းသည် တက္ကသိုလ်စာကြည့်တိုက်၏နောက်ဖက်ချောင်ကျသည့်နေရာတွင် ရှိနေသည့်အတွက် ကားများ အလွယ်တကူ မဝင်ရောက်နိုင်၍ မီးလောင်ချိန်(၂)နာရီနီးပါး ကြာမြင့်ခဲ့သည်ဟုသိရသည်။

ယခုလိုဓာတ်ခွဲခန်းမျိုးတွင် ခေတ်မီ မီးသတ်ဗူးများမထားရှိသည့်အတွက် ပြဿနာကိုပိုမိုကြီးမားစေခဲ့ပြီး၊ မီးသတ်ကားများကလည်း ပိုက်များကွဲနေသည့်အတွက်ထိရောက်မှုမရှိခဲ့ကြောင်း အဆိုပါဆိုင်ရှင်က ပြောဆိုသွားခဲ့သည်။ ❖

# ညမထွက်ရအမိန့် နှင့် သံဃာတော်(၁၀၀)ကျော်တို့အား ဖမ်းဆီးထောင်ချ

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကထုတ်ပြန်ထားသည့် သံဃာတော်များ ညမထွက်ရအမိန့်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ပရိယတ္တိစာသင်တိုက်အချို့မှ သံဃာတော်အပါး(၁၀၀)ကျော်ကို အာဏာပိုင်များက ဖမ်းဆီးထားကြောင်း သိရသည်။

အဆိုပါအမိန့်မှာ ယမန်နှစ် အောက်တိုဘာလက သံဃာတော်အတုတချို့နှင့် စစ်ထောက်လှမ်းရေးများက အစ္စလာမ်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များအကြား ဘာသာရေးအရ အငြင်းပွားဖွယ်ရာကိစ္စများ ဖန်တီးပြီးနောက် ဖြစ်ပေါ်လာသည့် ပဋိပက္ခများအရ သံဃာတော်များအားနှိပ်ကွပ်ရန် ထုတ်ပြန်ခဲ့သည့် အမိန့်ဖြစ်သည်။

ယခုအခါ ထိုအမိန့်နှင့်ငြိစွန်းသည်ဟုဆိုကာ ရန်ကုန်တိုင်းအတွင်းရှိ သံဃာတော်အပါး(၁၀၀)ကျော်တို့ကို ဖမ်းဆီးထားပြီး၊ ရိုက်နှက်ခံခဲ့ကြရသည့် သံဃာတော်အချို့မှာ ဆေးရုံတွင်ကုသမှုခံနေရသည်ဟု ဆိုသည်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးကိုတိတ်နိုင်၏အဆိုအရ ပြီးခဲ့သည့်လ(၂၀)ရက်နေ့က ရန်ကင်းမိုးကောင်းကျောင်းတိုက်၊ ပဥ္စနိကကာယ်ကျောင်းတိုက်နှင့် အောင်ချမ်းသာကျောင်းတိုက်တို့မှ သံဃာ(၁၅)ပါးနှင့် နိုဝင်ဘာလ(၂၂)ရက်နေ့က တောင်ဥက္ကလာပ ငွေကြာယံပရိယတ္တိစာသင်တိုက်မှ သံဃာတော်(၁၀)ပါးတို့အား အာဏာပိုင်များက ဖမ်းဆီးထောင်ချခဲ့ပြီး ရန်ကုန်တိုင်းအတွင်းရှိ ကျောင်းတိုက်ကြီးများအား ပဲခူးတပ်မ(၇၇)မှ တပ်ရင်းက အချိန်ပြည့် စောင့်ကြည့်နေကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ပရောက် မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုများသမဂ္ဂဥက္ကဋ္ဌ အရှင်ခေမာစာရက စစ်အုပ်စုသည် သံဃာတော်များ၏ညီညွတ်မှုကို ဖြိုခွဲရန်နှင့် ပရိယတ္တိစာပေကို ကြိုးစားအားထုတ်သင်ကြားခွင့်မရရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း မြွက်ကြားသွားခဲ့သည်။

စစ်အာဏာရှင်တို့သည် (၈)လေးလုံးအရေးတော်ပုံအတွင်းကလည်း သံဃာတော်များအား နှိပ်ကွပ်သတ်ဖြတ်မှုများပြုလုပ်ခဲ့သည့်အတွက် သံဃာတော်အများအပြား ပျံလွန်တော်မူခဲ့သည်။ ည(၇)နာရီမှ နံနက်(၄)နာရီထိ သံဃာတော်များညမထွက်ရအမိန့်ကို အာဏာပိုင်များက ယနေ့အချိန်ထိ ရုပ်သိမ်းပေးခြင်းမရှိသေးချေ။ ❖

# အမျိုးသားကောင်စီ ခေါင်းဆောင်များ လုပ်ငန်းညှိနှိုင်းမှု အစည်းအဝေးကျင်းပ

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီတွင် ပါဝင်သော အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ လုပ်ငန်းကော်မတီခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် သဘာပတိအဖွဲ့ဝင်များ ပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လွတ်မြောက်နယ်မြေ တနေရာ၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ (၂၄) ရက်နေ့၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် KNU မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးတာမလာဘောက သဘာပတိအဖြစ်ဆောင်ရွက်ပြီး NCUB အထွေထွေအတွင်းရေးမှူးဦးအောင်မိုးဇော်က အခမ်းအနားမှူးအဖြစ် တာဝန်ယူခဲ့သည်။

NCUB အဖွဲ့ဝင်(၂၁)ဦးအပြင် KNPP ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်သန်းလေးနှင့် အထွေထွေအတွင်းရေးမှူး ဦးရီမွန်ထူးတို့လည်း အစည်းအဝေး တက်ရောက်ခဲ့ကြသည်။ လက်ရှိနိုင်ငံရေး အခြေအနေအရပ်ရပ်ကို ခေါင်းဆောင်များကသုံးသပ်ခဲ့ကြပြီး လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်ဟုဆိုသည်။ ❖



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးကောင်စီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနေစဉ်

# ကေအိုင်အို ထိပ်ပိုင်းခေါင်းဆောင် (၅)ဦး ရာထူးမှ ဖယ်ရှားခံရ

မကြာသေးမီက KIO (ကချင်လွတ်လပ်ရေးအဖွဲ့)အတွင်း အာဏာသိမ်းရန် ကြံစည်မှုများဖြစ်ပွားခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာပြီးနောက်၊ KIO နှင့် KIA (ကချင်လွတ်လပ်ရေးတပ်မတော်)တို့မှ ထိပ်တန်းခေါင်းဆောင်(၅)ဦးကို ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ကချင်သတင်းအဖွဲ့ (Kachin News Group)၏ သတင်းအရ သိရသည်။

သတင်းများအရ ပြီးခဲ့သည့်လ (၂၈) ရက်နေ့က ကချင်ပြည်နယ် မိုင်ဂျာယန်တွင် ကချင်လူထုခေါင်းဆောင်များ အစည်းအဝေးတရပ်ကျင်းပနေစဉ် အာဏာသိမ်းရန် ကြံစည်မှုဖြစ်ပွားခဲ့သဖြင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်အင်ဘန်လက တပ်အင်အားသုံး၍ အခြေအနေထိန်းသိမ်းခဲ့ရသည်ဟု ဆိုသည်။

ထို့နောက် ဇန်နဝါရီ (၇)ရက်နေ့က အဖွဲ့အတွင်း ဖမ်းဆီးမှုများပြုလုပ်ခဲ့ရာ အာဏာသိမ်းရန်ကြိုးပမ်းခဲ့သည့် ခေါင်းဆောင် ထောက်လှမ်းရေးတာဝန်ခံ ဗိုလ်မှူးကြီးလဇ်ဟော်နှင့် စီးပွားရေးတာဝန်ခံ ဟောင်းလဘန်လတို့ လွတ်မြောက်သွားခဲ့ကြောင်း ဒုတိယနိုင်ငံခြားရေးရာတာဝန်ခံ ဗိုလ်မှူးကြီး ဂျိမ်းလန်တောင်းက ဘီဘီစီသို့ ပြောကြားခဲ့သည်။

အဆိုပါအမှုကို ဇန်နဝါရီ(၁၂)ရက်နေ့က စုံစမ်းရေးကော်မရှင်ဖွဲ့၍ စစ်ဆေးခဲ့ပြီးနောက် ထိုကော်မရှင်က ဗိုလ်မှူးကြီးလဇ်ဟောင်အပါအဝင် အခြား(၄)ဦးတို့အား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း ကချင်သတင်းအဖွဲ့က ဖော်ပြထားသည်။

ယခု ထုတ်ပယ်ခြင်းခံရသည့် KIO ၊ KIA ခေါင်းဆောင်များတွင် အာဏာသိမ်းရန် ဦးဆောင်သည်ဟု စွပ်စွဲခြင်းခံရသည့် ကချင်အမျိုးသား လုံခြုံရေးအဖွဲ့တာဝန်ခံနှင့် KIA ထောက်လှမ်းရေးတာဝန်ခံ ဗိုလ်မှူးကြီးလဇ်ဟောင်အပါအဝင် KIO ဒုဥက္ကဋ္ဌဆန်မြန်၊ ဗိုလ်မှူးဂမ်အောင်နှင့် ဗိုလ်ကြီးအဆင့်ရှိသူ အခြား(၂)ဦးတို့ ပါဝင်သည်ဟုသိရသည်။

နောက်ပိုင်းသတင်းများအရ စစ်ဦးစီးချုပ် ဗိုလ်ချုပ်အင်ဘန်လကိုလည်း ယခုအခါ နေအိမ်အကျယ်ချုပ်ချထားကြောင်း သိရသည်။

KIO အတွင်းရေးမှူး ဒေါက်တာတူဂျာအဆိုအရ ယခုဖြစ်ပွားမှုသည် အမျိုးသားညီလာခံအပေါ် KIO ၏သဘောထားနှင့်မသက်ဆိုင်ကြောင်း ပြောဆိုခဲ့သည်။ KIO အဖွဲ့သည် အမျိုးသားညီလာခံတက်ရောက်ရန် နအဖထံကတိပြုထားသည့် အဖွဲ့ဖြစ်သည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# တက္ကသိုလ်ကျောင်းသားများ အားကစားသမဂ္ဂဖွဲ့၍ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရ

အားကစားသမဂ္ဂဖွဲ့စည်းရန် ကြိုးပမ်းအားထုတ်ခဲ့သည့် ဒဂုံတက္ကသိုလ်ကျောင်းသား (၇)ဦးတို့ကို နအဖတရားရုံးက ထောင်ဒဏ်နှစ်ရှည်ချမှတ်လိုက်ကြောင်းသိရသည်။

တက္ကသိုလ်အားကစားသမဂ္ဂ ဖွဲ့စည်းရန် ပါမောက္ခချုပ်ထံ တရားဝင်စာရေးအကြောင်းကြားခဲ့သော်လည်း ခွင့်ပြုချက်မရသဖြင့် ကျောင်းသား(၇)ဦးက ၎င်းတို့ဘာသာ ဖွဲ့စည်းခဲ့ပြီးနောက် ယခုလို ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

ဖမ်းဆီးခံရသူများမှာ ဒုတိယနှစ်ဥပဒေကျောင်းသား ကိုအောင်ကြီး၊ နန်းကျန်နုံး၊ မျိုးသန်းထွဋ်တို့ဖြစ်ပြီး ၎င်းတို့ကို ပြီးခဲ့သည့်နှစ် ဇွန်လကဖမ်းဆီးခဲ့ပြီးနောက် ယခုလစောစောပိုင်းကမှ ယခုလိုထောင်ဒဏ်နှစ်ရှည်ချမှတ်ခဲ့ခြင်းဖြစ်သည်။

နအဖအနေဖြင့် ကျောင်းသားများအား ယခုလိုကြီးလေးသည့် ပြစ်ဒဏ်ချမှတ်ခြင်းအတွက် ဗကသများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)က ကန့်ကွက်ပြောဆိုလိုက်ပြီး နိုင်ငံရေးနှင့်မသက်ဆိုင်သည့် အသင်းအဖွဲ့တခုပင် ဖွဲ့စည်းခွင့်မရသည့် မြန်မာပြည်တွင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး မည်သို့မျှအောင်မြင်နိုင်မည်မဟုတ်ဟု ပြောကြားခဲ့သည်။ ❖

# ထောင်ချခံနေရသည့် အဖွဲ့ချုပ်ဝင်(၄)ဦး အယူခံလွှာ ပယ်ချခံရ

**ဇန်နဝါရီ၊ (၁၀)ရက်။ [ဒီဗွီဘီ]**

မေ(၃၀)အကြမ်းဖက်မှုနောက်ပိုင်း ဖမ်းဆီးထောင်ချထားခြင်း ခံနေရသောရန်ကုန်တိုင်းအဖွဲ့ချုပ်ဝင်(၄)ဦးတို့၏အယူခံလွှာကို ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ပယ်ချလိုက်ကြောင်း သိရသည်။

အယူခံအပယ်ခံရသူများမှာ ရန်ကင်းမြို့နယ်အဖွဲ့ချုပ်လူငယ်မှ ကိုမျိုးခင်၊ တောင်ဥက္ကလာပမြို့နယ်မှကိုမြင့်ဌေး၊ ကြည့်မြင်တိုင်မြို့နယ်မှ ကိုမောင်မောင်လေးနှင့် ရန်ကုန်တိုင်းအဖွဲ့ချုပ် ဗဟိုလုံခြုံရေးနှင့်စည်းရုံးရေးတာဝန်ခံ ကိုနေဝင်းတို့ ဖြစ်သည်။ ၎င်းတို့ကို အဖွဲ့ချုပ်ရုံးချုပ်ပြန်ဖွင့်ရေး တောင်းဆိုမှု၊ ဒီပဲယင်းကိစ္စစာရွက်စာတမ်း ဖြန့်ဝေမှုများနှင့် ပတ်သက်ပြီး၊ ပြီးခဲ့သည့်နှစ်ဇွန်လတွင်စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့ခြင်း ဖြစ်ပြီး

ထောင်ဒဏ်(၃)နှစ်မှ(၄)နှစ်အထိ အသီးသီးချမှတ်ပြီး အင်းစိန်ထောင်တွင် ဖမ်းဆီးထားခြင်းဖြစ်သည်။ ၎င်းတို့(၄)ဦး၏ အယူခံများ ပယ်ချခံရကြောင်းကို ထောင်ဝင်စာသွားတွေ့ခဲ့သည့် ကိုမျိုးခင်၏ဇနီး ဒေါ်ခင်ခင်ဝင်း ပြောပြချက်အရသိရသည်။ ❖

# မျက်မှောက် မြန်မာ့နိုင်ငံရေးအခြေအနေ ဆွေးနွေးပွဲ တရပ် NCGUB ဦးစီးကျင်းပ



အမျိုးသားညွန့်ပေါင်းအစိုးရ(နယ်စပ်)ရုံး အစည်းအဝေးတက်ရောက်သူများ

လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေနှင့် ပတ်သက်သည့်ဆွေးနွေးပွဲတရပ်ကို အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB က ဇန်နဝါရီ(၈)ရက်နေ့က ထိုင်း–မြန်မာနယ်စပ် တနေရာတွင် ဦးဆောင်ကျင်းပခဲ့သည်။

ထိုဆွေးနွေးပွဲနှင့်ပတ်သက်၍ NCGUB ကျန်းမာရေးနှင့်ပညာရေးဝန်ကြီး ဦးမောင်မောင်အေးက လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး အခြေအနေအရပ်ရပ်ကို ဒီမိုကရေစီအင်အားစုများ၊ အဖွဲ့အစည်းများအားလုံး ရှင်းရှင်းလင်းလင်းသိရှိနိုင်ရန်၊ လက်ရှိအနေအထားများအရ တော်လှန်ရေးအဖွဲ့အစည်းများအတွင်း မည်သို့မည်ပုံရပ်တည်ကြမည်ဆိုသည်ကို ဆွေးနွေးညှိနှိုင်းကြရန်နှင့် ရှေ့အနာဂတ်အတွက် အလားအလာများအပေါ် အမြင်များ စုပေါင်းဖလှယ်ကြရန်ရည်ရွယ်ကြောင်းပြောကြားခဲ့သည်။

ထိုဆွေးနွေးပွဲသို့ နယ်စပ်အခြေစိုက် ဒီမိုကရေစီလှုပ်ရှားဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၄၀)ခန့် တက်ရောက်ခဲ့ကြပြီး၊ နအဖက ကျင်းပရန်စီစဉ်နေသည့် အမျိုးသားညီလာခံကို တညီတညွတ်တည်းကန့်ကွက်ကြောင်း သဘောတူခဲ့ကြသည်။ ❖

# အမျိုးသားညီလာခံနှင့်ပတ်သက်၍ မကဒတ အထွေထွေအတွင်းရေးမှူး ရဲဘော်ကျော်ကို၏ ပြောကြားချက်



**မှားတာ၊ တွေဝေတာတွေ လူထုမှာမရှိခဲ့ဘူး။ ကျနော်တို့ ပြည်သူတွေက သိပ်လက်တွေ့ကျပါတယ်။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့ သူတို့ခင်းပေးတဲ့ လမ်းကို ကျောခိုင်းသွားတဲ့စစ်အုပ်စုအပေါ် လူထုက စိတ်ကူးမယဉ်ပါဘူး။**

❑ နအဖရဲ့ Road Map အပေါ် သဘောထား။

Road Map ရုတ်တရက် ပေါ်လာရတဲ့ အခြေခံလေးကို အရင်တင်ပြချင်ပါတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတာ မလုပ်ကောင်းတဲ့အလုပ်မဟုတ်ပါဘူး။ အလုပ်သင့်ဆုံးအလုပ်ပါ။ စစ်အုပ်စုကလွဲပြီး အားလုံးက လိုလားတောင့်တနေတဲ့ လုပ်ငန်းစဉ်ပါ။ ဒါကို စစ်အာဏာရှင်တွေက စစ်သချိုင်းလို့ယူဆပြီး လိပ်ပြာလန့်နေတယ်။ ပြီးတော့ တဖြည်းဖြည်းနဲ့ပိုပြီးစုစည်းမိလာနေတဲ့ ပြည်တွင်းပြည်ပကစစ်အုပ်စုဆန့်ကျင်ရေး အင်အားစုတွေ၊ ပြည်သူတွေရဲ့ တောင်းဆိုတိုက်ပွဲဝင်နေမှုတွေကိုလည်း ဒီအတိုင်းဆက်ပြီးလွှတ်ထားလို့မရတော့ဘူး။ ဒီကနေတဆင့် စစ်အုပ်စုကိုဖြုတ်ချမယ့် ရှစ်လေးလုံးလို လူထုလှုပ်ရှားမှုတခု ဆက်ဖြစ်လာမှာကိုလည်း စစ်အုပ်စုက ကြောက်လန့်လာတယ်။ သောင်မတင်ရေမကျ အခြေအနေအတိုင်းဆက်နေလို့မရတော့တဲ့အချိန်၊ တခုခုတော့ပြတ်ပြတ်သားသားရွေးရတော့မယ့်အခြေအနေမှာ စစ်အုပ်စုဟာ (စစ်အာဏာရှင်တွေရဲ့ သဘာဝအတိုင်း) အေးချမ်းစွာဖြစ်ပေါ်ရေးလမ်းကို ကျောခိုင်းလိုက်တယ်။ 'ဒီပဲယင်းလုပ်ကြံမှုကြီး'ကို ဇွတ်လုပ်လိုက်တယ်။ ဒီနောက်မှာ'သေမထူး'အတွေးအခေါ်နဲ့ပဲ RoadMap ဆိုတာကြီးကိုပါ သွေးရူးသွေးတန်းနဲ့ ဆက်လုပ်လာတော့တယ်။

Road Map နဲ့ပတ်သက်ပြီး CRPP က'**နအဖ၏** Road Map **သည် မိမိတဦးတည်း သဘောအတိုင်းသာ နိုင်ငံတော်၏ အနာဂတ်ကိုဖန်တီးသွားမည်ဟူသည့် သဘောထားကို အတိအလင်းထုတ်ဖော်လိုက်ခြင်းပင်ဖြစ်သည်**'ဆိုတာကို ကျနော်တို့ ထောက်ခံတယ်။ ကျနော်တို့ သဘောထားနဲ့ တထပ်တည်းပါပဲ။ Road Map ဟာ သူတို့ရဲ့ထွက်ပေါက်လို့ နအဖ ထင်နေတာ မှားတယ်၊ သူတို့ သေတွင်းသာဖြစ်တယ်။

❑ နအဖရဲ့ အမျိုးသားညီလာခံပေါ် သဘောထား။

လုံးဝဆန့်ကျင်ပါတယ်။ ဆန့်ကျင်ရတဲ့ အခြေခံအကျဆုံးအကြောင်းတရားက ဒီညီလာခံမှာ လူထုပူးပေါင်းပါဝင်ခွင့်မရခြင်းပါ။ လူထုမပါအောင်ကို ဥပဒေတွေနဲ့ တမင်ကန့်သတ်ထားတယ်။ ဒါနဲ့ပတ်သက်လို့ ပြစရာ ဥပမာတွေအများကြီးပါပဲ။ (၅/၉၆ လိုဥပဒေတွေ။)ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲမယ်ဆိုတဲ့ ဒီညီလာခံဟာ ဘယ်သူ့အတွက်လဲ။ တိုင်းပြည်နဲ့လူမျိုးအတွက်လား၊ စစ်အုပ်စုအတွက်လား မေးစရာတောင် မလိုတော့ပါဘူး။ ကျနော်တို့တိုင်းပြည်ရဲ့ လွတ်လပ်ပြီး အနှစ်၅၆နှစ်မှာ ဖွဲ့စည်းပုံနဲ့နေခဲ့ရတာက (အိမ်စောင့်အစိုးရခေတ်ကိုပါထည့်တွက်ဦးတောင်) ခုဆို ၂၇နှစ်၊ စစ်ဥပဒေ(မာရှယ်လောနဲ့) နေရတာကလဲ ၂၇နှစ်။ လွတ်လပ်ပြီးခေတ်တဝက်တိတိကို မာရှယ်လောနဲ့အုပ်ချုပ် ထင်တိုင်းလုပ်နေတာကို သူတို့အားမရသေးဘူး၊ အနာဂတ်ကာလတခုလုံးကိုပါ အုပ်ချုပ်ဖို့လုပ်နေ၊ တောင်းနေတာမျိုးကို ကျနော်တို့ လုံးဝဆန့်ကျင်ပါတယ်။

နောက်တချက်က ညီလာခံကိုယ်စားလှယ်တွေကို လူထုကရွေးချယ်မှာစိုးလို့ ဥပဒေတွေထုတ်ပြီးတော့တောင် ကန့်သတ်ထားပါသေးတယ်။

ညီလာခံအတွင်းမှာလဲ လွတ်လပ်စွာတင်ပြဆွေးနွေးရင် ပြစ်မှုကျူးလွန်ရာရောက်စေတဲ့ လုပ်ထုံးလုပ်နည်းတွေလဲ ပြဋ္ဌာန်းနေတယ်။

ပြီးတော့ ဒီညီလာခံဟာ နအဖက သူကိုယ်တိုင်ထုတ်ထားတဲ့ ဥပဒေတွေ၊ အမိန့်တွေ၊ ကတိကဝတ်တွေကိုလဲ သူကိုယ်တိုင်က ကျူးလွန်ဖောက်ဖျက်နေတယ်။ (ဥပမာ–ရွေးကောက်ပွဲဥပဒေတို့၊ ၁/၉၀ အပိုဒ်–၂၀ စတာတွေပါ။)

ဒီတော့ နအဖရဲ့ဒီအမျိုးသားညီလာခံဟာ သူတို့လုပ်ချင်ရာကို ဇွတ်လုပ်နေတဲ့ ညီလာခံပါ။ အမျိုးသားညီလာခံဆိုတဲ့ ဂုဏ်နဲ့ ဒြပ်နဲ့ ကိုက်ညီမှုမရှိပါဘူး။

❑ ဒီညီလာခံကိုတက်ရောက်မယ့်သူတွေအပေါ် သဘောထား။

ဒီညီလာခံကိုတက်မယ့်သူတိုင်းမှာ သူ့အကြောင်းနဲ့သူ ရှိကြပါလိမ့်မယ်။ ဒါပေမယ့် ဒီညီလာခံတက်သူတိုင်းဟာ နအဖကိုထောက်ခံမယ့်သူတွေ၊ နအဖခင်းပေးတဲ့လမ်းကို ပေါ့ပေါ့လေး လျှောက်ကြမယ့်သူတွေချည်းပဲလို့တော့ ကျနော်တို့မသတ်မှတ်ပါဘူး။ စစ်အုပ်စုဖျက်သိမ်းရေး၊ အမျိုးသားရေးလမ်းကြောင်းပေါ်မှာ သူတို့တွေကျရာကဏ္ဍက တာဝန်ကျေမှာပဲလို့ယုံတယ်။ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေရဲ့ ပန်ဆန်းကြေညာချက်တို့၊ ကချင်အဖွဲ့များကြေညာချက်တို့ကို ကျနော်တို့သတိပြုမိပါတယ်။ တရားဝင်ထုတ်ပြန်မထားသေးတဲ့ ကြေညာချက်တွေလည်းရှိနေပါလိမ့်မယ်။ ဒီညီလာခံဟာ တိုင်းပြည်အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတဲ့ 'သတိ' သူတို့မှာရှိနေမယ်ဆိုတာကိုလည်း ကျနော်တို့ယုံပါတယ်။

❑ နအဖက ဒီညီလာခံ အောင်မြင်ရေး လုပ်ဆောင်နေမှုများ။

Road Map အော်ပြီး တာထွက်ကတည်းက ပိုပြီးပျာယီးပျာယာတွေလုပ်ခဲ့တယ်။ ထောက်ခံပွဲဆိုတာတွေနဲ့ လိပ်ပြာလုံအောင်လုပ်နေတာ၊ နိုင်ငံတကာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အမျိုးသားညီလာခံတက်ဖို့ဖိတ်ခေါ်ပါတယ်လို့ လိမ်ညာပြောနေတာ၊ ဝန်ထမ်းတွေကို အပိုဆောင်းငွေ ၅၀၀၀ ကျပ်စီထုတ်ပေးနေတာ၊ KIO အဖွဲ့တွင်း၊ ရလလဖအဖွဲ့တွင်းက လတ်တလောအဖြစ်အပျက်တွေ၊ KNU တို့ KNPP တို့ကိုအပစ်ခတ်ရပ်စဲဖို့ ဖုတ်ပူမီးတိုက်လုပ်နေတာတွေကို သတိပြုမိပါတယ်။ ညီလာခံကျင်းပခါနီးလေ ပိုပြီး သွေးရူးသွေးတန်းဆန်တဲ့အလုပ်တွေလုပ်လာပါလိမ့်မယ်။ သူတို့အတွက်က'သေတွင်း'ဆိုတော့ သေခါနီးလူတယောက်ရဲ့နောက်ဆုံးအဖြစ် အားကုန်ရုန်းကန်မှုတွေလဲ လုပ်လာမှာပါ။

❑ ပြည်တွင်းမှာရှိတဲ့ ပြည်သူတွေနဲ့ ညီလာခံ။

ကျနော်တို့ပြည်သူတွေဟာ နိုင်ငံရေးနိုးကြားမှုသိပ်မြင့်မားပါတယ်။ နယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲတွေ၊ ဖက်ဆစ်တော်လှန်ရေး၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး တိုက်ပွဲတွေမှာ စွမ်းစွမ်းတမံစွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့တဲ့လူထုပါ။ မှားတာ၊ တွေဝေတာတွေ လူထုမှာမရှိခဲ့ဘူး။ ကျနော်တို့ ပြည်သူတွေက သိပ်လက်တွေ့ကျပါတယ်။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့ သူတို့ခင်းပေးတဲ့ လမ်းကို ကျောခိုင်းသွားတဲ့စစ်အုပ်စုအပေါ် လူထုက စိတ်ကူးမယဉ်ပါဘူး။

ပြီးတော့လူထုရယ်၊ ( ၉၀ ခုနှစ်ရွေးကောက်ပွဲနဲ့ သူတို့ရွေးချယ်လိုက်တဲ့) လူထုကိုယ်စားလှယ်တွေရယ်၊ အဲဒီကိုယ်စားလှယ်တွေရဲ့ နအဖညီလာခံအပေါ်တုံ့ပြန်မှုတွေ၊ အတိုက်အခံအင်အားစုတွေရဲ့ ညီလာခံပေါ် သဘောထားတွေအားလုံး ချိတ်ဆက်မိမိရှိနေတာက အပြန်အလှန် 'အား' ဖြစ်စေတယ်။ ဒီ'အား'တွေက Road Map အဆင့်တိုင်းကို တိုက်ချကြိတ်နင်းသွားလိမ့်မယ်။

❑ နအဖ ညီလာခံနဲ့ ABSDF ။

ကျနော်တို့ ABSDF ဟာ ရှစ်လေးလုံး လူထုအရေးတော်ပုံကာလကြီးအတွင်းမှာ အပြီးတိုင်မဖြုတ်ချနိုင်ခဲ့တဲ့ စစ်အုပ်စုဖျက်သိမ်းရေးတာဝန်ကို ဆက်လက်ထမ်းဆောင်ဘို့အတွက် ဖွဲ့စည်းခဲ့တာပါ။ ဒီတော့ စစ်အုပ်စုနဲ့ပြည်သူတွေရဲ့ နောက်ဆုံးလမ်းခွဲဖြစ်စေတဲ့ဒီညီလာခံကို ဆန့်ကျင်တိုက်ဖျက်ရေးမှာ ပြည်သူတွေနဲ့အတူ၊ ကျနော်တို့တိုက်ဖော်တိုက်ဖက်တွေနဲ့အတူ ဟန်ချက်ညီညီ၊ ညှိညှိနှိုင်းနှိုင်းနဲ့ လက်တွဲတိုက်ပွဲဝင်သွားမှာပါ။ ကျနော်တို့ထမ်းရမယ့်တာဝန်နဲ့ လုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်တွေကို ကျနော်တို့ ရှင်းရှင်းလင်းလင်းသိမြင်ထားပါတယ်။

❖



# ဆက်ဒမ်လွှန်သော် ... ... ...

**ရဲထွဋ်**

အီရတ်သမတဟောင်း ဆက်ဒမ်ဟူစိန်ကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ(၁၃)ရက်နေ့ည (၈း၃၀)နာရီမှာ Tikrit a'o Ad-Dawr ကျေးရွာအနီး သိုးထိန်းမိသားစုတစုပိုင်ဆိုင်တဲ့ အိမ်လေးထဲက (၈)ပေ၊ (၆)ပေကျယ်တဲ့ မြေတွင်းတခုထဲမှာ အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးမိခဲ့ပါပြီ။ ဒီဖမ်းဆီးမိခဲ့မှုဟာ ကမ္ဘာတဝှမ်းလုံးကို အကြီးအကျယ် ဂယက်ရိုက်ခဲ့ပြီး မတူခြားနားတဲ့ တုံ့ပြန်ချက်တွေ၊ အနာဂတ်မှန်းဆမှုတွေ အမျိုးမျိုးပေါ်ထွက်လာခဲ့ပါတယ်။

အီရတ်နိုင်ငံရဲ့ အမေရိကန်အုပ်ချုပ်ရေးအကြီးအကဲ Paul Bremer ကတော့ ဆက်ဒမ်ဟူစိန်ကို ဖမ်းမိတာဟာ အီရတ်နိုင်ငံရဲ့ သမိုင်းဝင်အောင်ပွဲကြီးလို့ ကြေညာပါတယ်။ Kirds လူမျိုးစုများနဲ့ Shias မွတ်စလင်များနဲ့ အီရတ်ကွန်မြူနစ်ပါတီကို ထောက်ခံသူများကလဲ ဆက်ဒမ်ကို ဖမ်းဆီးမိလို့ ဝမ်းမြောက်တဲ့ အထိမ်းအမှတ်ပွဲများ ကျင်းပကြတယ်။ အာရပ် သံတမန်တဦးက ဒါဟာ အမေရိကန်တွေရဲ့ အောင်ပွဲသက်သက်မဟုတ်၊ အီရတ်ပြည်သူတွေရဲ့ အောင်ပွဲပါလို့ ကြွေးကြော်ပါတယ်။ ဝါရှင်တန်အခြေစိုက် အာရပ်၊ အမေရိကန်အသင်းကြီးရဲ့ ဥက္ကဋ္ဌ James Zogby ကတော့ ဆက်ဒမ်မှာ အမှားတွေ မဟာဗျူဟာတိမ်းစောင်းမှုတွေ ရှိပေမယ့် ဇီယွန်ဝါဒရဲ့ မကျေချမ်းနိုင်တဲ့ ရန်သူအဖြစ် တောက်လျှောက် တာဝန်ကျေခဲ့သူပါလို့ မှတ်ချက်ချပါတယ်။

ဆက်ဒမ်ဟူစိန် အရှင်အဖမ်းခံရတာနဲ့ ပတ်သက်ပြီး၊ အာရပ်ကမ္ဘာဟာ အတော်ကလေး ထိတ်လန့်တုန်လှုပ်သွားတယ်လို့ ဆိုပါတယ်။ အာရပ်တွေရဲ့ရန်သူ အစ္စရေးကို အကာအကွယ်ပေးနေတဲ့ အမေရိကန်တွေဟာ အာရပ်အစိုးရတရပ်ကို ဖြုတ်ချထားတယ်ဆိုတဲ့အချက်နဲ့ နေသားတကျဖြစ်ဘို့ အီရတ်တွေအတွက် မလွယ်ကူလှသေးတဲ့ အချိန်မှာ ဆက်ဒမ်ဟူစိန်ရဲ့ ရှုံးနိမ့်မှုမြင်ကွင်းကို အနောက်တိုင်း မီဒီယာထုတ်လွှင့်မှုများကတဆင့် ထပ်ကာတလဲလဲပြသနေမှုက အီရတ်တွေရဲ့ အတွင်းစိတ်ကို ပိုပြီးဒဏ်ရာပြင်းထန်စေတာ ဖြစ်တယ်လို့ အီရတ်ကျွမ်းကျင်သူများက သုံးသပ်ကြတယ်။ ဆက်ဒမ်ရဲ့နိုင်ငံရေးကျဆုံးမှုဟာ အမေရိကန်နဲ့ အနောက်နိုင်ငံများရဲ့ လက်ထဲမှာ အာရပ်များ သုတ်သင်ချေမှုန်းခံလိုက်ရပြီဆိုတဲ့ လက္ခဏာဆောင်တယ်လို့ ကျန်အာရပ်ကမ္ဘာက ရှုမြင်ကြပါတယ်။

ဆက်ဒမ်ဖမ်းဆီးခံရတာနဲ့ပတ်သက်ပြီး ကူဝိတ်၊ ဘာရိမ်းနဲ့ ဆော်ဒီအာရေးဗီးယားနိုင်ငံတွေက ခံစားမှုပါပါနဲ့ ချီးကျူးပြောဆိုခဲ့ကြပေမဲ့ အာရပ်ကမ္ဘာရဲ့ အာဏာရပုဂ္ဂိုလ်အနည်းငယ်ကသာ ဆက်ဒမ်ရဲ့ ဖမ်းဆီးခံရမှုအပေါ် ဝမ်းနည်းကြောင်း ပြသခဲ့ပါတယ်။ ဂျော်ဒန်ပါလီမန်ရဲ့ အစ္စလာမ်မစ်ပါတီ အမတ် Azzam Hneidi ကတော့ ဆက်ဒမ်ဟာ အနောက်နိုင်ငံတွေကို အံတုရဲတဲ့ ရှားရှားပါးပါး အာရပ်သားကောင်း ရတနာတဦးဖြစ်ကြောင်း ထုတ်ဖော်ပြောလာတယ်။ ၁၉၉၀ ပင်လယ်ကွေ့စစ်ပွဲကာလတုန်းက စကဒ်ဒုံးကျည်နဲ့ အစ္စရေးကို ပစ်ခဲ့တဲ့ ဆက်ဒမ်ရဲ့ခေါင်းဆောင်မှုကို တသရင်း ဆက်ဒမ်ဟာ အရှေ့အလယ်ပိုင်းမှာ အမေရိကန်ရဲ့ တရားမျှတမှုမရှိတာကို ဆန့်ကျင်ခဲ့ပုံတွေကို ဂုဏ်ယူနေသူတွေလဲ အာရပ်ကမ္ဘာမှာ အနမတဂ္ဂရှိနေဆဲပါ။



အမေရိကန်သမတကတော့ ဆက်ဒမ်ဟူစိန်ကိုဖမ်းဆီးမိတာဟာ အီရတ်မှာအကြမ်းဖက်မှုတွေပြီးဆုံးသွားပြီဆိုတဲ့ အဓိပ္ပာယ်မသက်ရောက်ပါဘူးလို့ မှတ်ချက်ချပါတယ်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကလည်း ဆက်ဒမ်ရဲ့အုပ်ချုပ်ရေး ပြန်လာနိုင်တယ်ဆိုပြီး ထမင်းလုံးတစေခြောက်ခံနေရတဲ့ အရိပ်မဲကြီးကို ဖယ်ရှားလိုက်နိုင်ပြီလို့ ဆိုပါတယ်။

**ဆက်ဒမ်ဟူစိန်အဖမ်းခံရမှုက ဘယ်လိုဂယက်ရိုက်နိုင်သလဲဆိုတဲ့ မေးခွန်းက ကမ္ဘာ့ပြည်သူအများ စိတ်ဝင်စားနေကြတဲ့ မေးခွန်းဖြစ်ပါတယ်။ အီရတ်စစ်ပွဲစကတည်းက ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့အထိ အီရတ်ပြည်သူတွေရဲ့ခုခံစစ်ကြောင့် အမေရိကန်နဲ့ မဟာမိတ်စစ်သားစုစုပေါင်း (၅၉၃)ဦး ကျဆုံးခဲ့ရပြီ။**

အမေရိကန်ရဲ့ မဟာမိတ်များဖြစ်တဲ့ ဩစတြေးလျ၊ စပိန်နဲ့ ဂျပန်တို့က အလားတူ တုံ့ပြန်ကြပါတယ်။ ထူးသွားတာက အမေရိကန်ရဲ့ အီရတ်အပေါ်ကျူးကျော်မှုကို ဆန့်ကျင်ခဲ့တဲ့ ဂျာမန်အဓိပတိ Gehard Schroeder က ဆက်ဒမ်ကို ဖမ်းဆီးမိတာဟာ အီရတ်ကို ပြန်လည်ထူထောင်ရေးနဲ့ အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတကာရဲ့ ကြိုးပမ်းမှုများကို အထောက်အကူပြုလိမ့်မယ်လို့ ပြောလာခြင်းပါ။ အီရတ်စစ်ပွဲကို ဝေဖန်ပြစ်တင်ခဲ့သူ ပြင်သစ်သမတ Jacgues Chirac ကလည်း ဆက်ဒမ်ကိုဖမ်းဆီးမိတာဟာ အီရတ်နိုင်ငံရဲ့ ဒီမိုကရေစီဖြစ်ထွန်းရေးနဲ့ တည်ငြိမ်ရေးကို အထောက်အကူပြုမှာဖြစ်ပြီး အီရတ်ရဲ့အချုပ်အခြာအာဏာကို အီရတ်ပြည်သူတွေ ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိတာပဲလို့ ပြောလာပါတယ်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး Igor Ivanor ကလည်း အလားတူအမြင်မျိုးပဲ သုံးသပ်တယ်လို့ သတင်းများကဆိုပါတယ်။

အာရပ်အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ Amr Moussa ကတော့ ဆက်ဒမ်အာဏာပြန်ရဖို့ဟာ မဖြစ်နိုင်တော့တာမို့ အီရတ်ပြည်သူတွေကို အမြန်ဆုံးအာဏာလွှဲပြောင်းပေးဖို့ တောင်းဆိုလိုက်ပါတယ်။

တပြိုင်တည်းမှာပဲ ဆက်ဒမ်ဟူစိန်အဖမ်းခံရတာကြောင့် အီရတ်မှာဖြစ်ပွားနေတဲ့ အမေရိကန်ဆန့်ကျင်ရေး အီရတ်ခုခံစစ်ပွဲတွေ ပြီးဆုံးသွားမှာလား၊ ဒီခုခံတိုက်ခိုက်မှုတွေအပေါ် ဆက်ဒမ်ဟူစိန်အဖမ်းခံရမှုက ဘယ်လိုဂယက်ရိုက်နိုင်သလဲဆိုတဲ့ မေးခွန်းက ကမ္ဘာ့ပြည်သူအများ စိတ်ဝင်စားနေကြတဲ့ မေးခွန်းဖြစ်ပါတယ်။ အီရတ်စစ်ပွဲစကတည်းက ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့အထိ အီရတ်ပြည်သူတွေရဲ့ခုခံစစ်ကြောင့် အမေရိကန်နဲ့ မဟာမိတ်စစ်သားစုစုပေါင်း (၅၉၃)ဦးကျဆုံးခဲ့ရပြီ။ ဆက်ဒမ်ကိုဖမ်းမိပေမယ့် စစ်ရေးခုခံမှုတွေကတော့ ဆက်ပြီးပေါ်ပေါက်နေဦးမှာပဲ၊ နေ့တိုင်း ဒါမှမဟုတ် အပတ်တိုင်းမှာ အမေရိကန်တယောက်ကို သူတို့သတ်နိုင်ရင်လည်း အမေရိကန်ရဲ့သိမ်းပိုက်မှုကို လုံလောက်တဲ့ဖိအားပေးရာရောက်ပါတယ်လို့သံတမန်တဦးက မှတ်ချက်ချပြောဆိုပါတယ်။ အမေရိကန်ပြည်ထောင်စု ဆီးနိတ်လွှတ်တော် ထောက်လှမ်းရေးကော်မတီဒုဥက္ကဋ္ဌ Jay Rockefeller က အီရတ်မှာ ဆူပူသောင်းကျန်းမှုတွေဟာ ဆက်ဒမ်အတွက် မဟုတ်ဘူး၊ အမေရိကန်ပြည်ထောင်စုကို တိုက်ခိုက်နေတာဖြစ်တယ်။ ဒါကြောင့် ထူးဆန်းအံ့ဩရပြီး စိတ်အနှောင့်အယှက်ဖြစ်ရတယ်လို့ သူ့ရဲ့ပြောဆိုချက်ကို သတင်းစာများက ကိုးကားရေးသားကြတယ်။ ဆက်ဒမ်ဟူစိန်ကိုဖမ်းမိတဲ့ အမေရိကန်တပ်ဖွဲ့က တာဝန်ရှိသူတွေက ဆက်ဒမ်ဟာ ပုန်ကန်မှုကို အမိန့်ပေးထိန်းချုပ်နေတယ်လို့ ယူဆရတဲ့ ဆက်သွယ်ရေးပစ္စည်း တစုံတရာကို သူနဲ့အတူ မတွေ့ရဘူးလို့ ဆိုပါတယ်။

လေ့လာသူများရဲ့ ဆန်းစစ်ချက်ကတော့ ပြောက်ကျားစစ်ပွဲဟာ ပိုမိုဆုံးဖြတ်ချက်ရှိတဲ့ အဆင့်သစ်တရပ်ဆီကိုရောက်လာပြီလို့ သတ်မှတ်ကြပါတယ်။ ဆက်ဒမ်ဟာ အီရတ်ခုခံစစ်ပွဲရဲ့လက္ခဏာဆောင်တယ်လို့ ယူဆပြောဆိုနေမှုများဟာ ချဲ့ကားပြောဆိုနေမှုများသာဖြစ်တယ်လို့ ဆိုကြပါတယ်။ သူတို့ရဲ့ စမ်းစစ်ချက်အရ ပြောက်ကျားလှုပ်ရှားမှုကို အားပေးအားမြှောက်ပြုစေတဲ့ အချက်များစွာ ရှိနေတယ်လို့ ထောက်ပြကြပါတယ်။

ပထမအချက်ကတော့ အီရတ်ရဲ့ ခေါင်းဆောင်အဖြစ် ဆက်ဒမ်ဟူစိန်ပေါ်ထွက်လာမှုထက်ကျော်လွန်တဲ့ အီရတ်အမျိုးသားရေးစိတ်ဓာတ်ဖြစ်ပါတယ်။ အီရတ်လူမျိုးအများစုကြီးက အမေရိကန်ကျူးကျော်မှုရဲ့အဓိကအကြောင်းရင်းဟာ ဆက်ဒမ်ရဲ့ အဖျက်စွမ်းအားကြီးမားတဲ့ လက်နက်များဆိုတာထက် ရေနံကြောင့်ဖြစ်တယ်လို့ ယုံကြည်ကြပါတယ်။ အမေရိကန်တွေရဲ့ သူရဲမရဲစီးနေတဲ့ အီရတ်ရေနံတွေအပေါ် ခေါင်းပုံဖြတ် အမြတ်ကြီးစားမှုပုံရိပ်ဟာ ယခင်ကာလတွေထက် အီရတ်ပြည်သူတွေရဲ့ မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှုကို လှုံ့ဆော်ပေးနေသလိုဖြစ်နေတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အီရတ်မှာတင်မက အာရပ်ကမ္ဘာမှာပါ သမိုင်းဖြစ်ရပ်များဟာ ယခုကာလလက်ရှိဖြစ်ရပ်များကို ပုံဖော်ပေးနေတဲ့ ထိရောက်ပြီး လက်တွေ့ကျတဲ့ နိုင်ငံရေးအင်အားစုများ ဖြစ်နေခြင်းပါ။ အတိတ်ကာလ ရွှေထီးဆောင်းခဲ့ရတဲ့ ဘောဘီလုံကာလအပေါ် အလွန်အမင်း ပြန်ပြောင်းသတိရ တမ်းတတတ်တဲ့ အာရတ်လူမျိုးများဟာ Abassi မင်းဆက်လက်အောက်က သူတို့တိုင်းပြည်ရဲ့ ရွှေခေတ်များ၊ လူသားယဉ်ကျေးမှုနဲ့ အစ္စလာမ်ဘာသာ ဖွံ့ဖြိုးတိုးတက်ခဲ့မှုများကို ဘယ်တော့မှ မမေ့ပျောက်ကြပါ။ သူတို့ရဲ့အတိတ်ကာလအပေါ် လွမ်းမောတမ်းတမှုများက နိုင်ငံခြားအုပ်ချုပ်မှုများကို ဆန့်ကျင်တဲ့စိတ်ဓာတ်ကို ပိုမိုခက်ထန်မာကြောစေတာ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ခေတ်သစ်အာရပ်အမျိုးသားရေးဝါဒပဲ ဖြစ်ပါတယ်။ ဒီဝါဒကို ယုံကြည်ကြသူများဟာ အမေရိကန်ခုခံရေး ပြောက်ကျားတပ်များနဲ့ ဆက်သွယ်လှုပ်ရှားကြတယ်။ သူတို့ဟာ နာဆာရဲ့ အာရပ် အမျိုးသာရေးဝါဒကို ယုံကြည်လက်ခံသူများဖြစ်ပြီး နိုင်ငံခြားသားများ ယခုကိစ္စမှာတော့ အမေရိကန်တွေကို အာရပ်နိုင်ငံရေးမှာ ပါဝင်စွက်ဖက်ခွင့် မပေးလိုသူတွေ ဖြစ်ပါတယ်။

တတိယအချက်ကတော့ အစွန်းရောက် Wahabi အစ္စလာမ်တွေရဲ့ ဩဇာခံ နိုင်ငံခြားသား မုန်းတီးသူများဖြစ်ကြပါတယ်။ သူတို့ထဲက အများစုဟာ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ(၁၁)ရက်ကိစ္စကြောင့် အာဖဂန်နစ္စတန်က မောင်းထုတ်ခံလိုက်ကြရသူတွေပါ။

အီရတ်တပ်မတော် ဖျက်သိမ်းခံလိုက်ရတာကြောင့် အလုပ်မရှိတဲ့ တပ်မတော်သားများ၊ ရေနံလုပ်သားများအပါအဝင် ထောင်ပေါင်းများစွာသော အလုပ်ဖြုတ်ခံလိုက်ရတဲ့ အစိုးရဝန်ထမ်းများဟာ တရားမဝင် ကြေညာခံထားရတဲ့ Brath ပါတီနဲ့ နဂိုမူလက ရှိခဲ့တဲ့ ဆက်သွယ်မှုများကြောင့် ပြောက်ကျားတပ်ဖွဲ့များကို ဝင်ရောက်လာကြပါတယ်။ ကျွမ်းကျင်သူ ပညာရှင်တွေရဲ့ အကြံဉာဏ်နဲ့ ပူးပေါင်းမှုများကြောင့် အီရတ်တိုက်ခိုက်ရေးသမားများဟာ ရေနံပိုက်လိုင်းတွေကို ဗုံးခွဲတိုက်ခိုက်မှုများ ရှိလာနေပါတယ်။ ❖



(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတကာ

## အိန္ဒိယ –ဘူတန် ပူးတွဲ စစ်ဆင်ရေးကြောင့် တော်လှန်ရေးအင်အားစုများ ချေမှုန်းခံနေရ



ဘူတန်တပ်သားများ စစ်မျက်နှာသို့ ချီတက်နေစဉ်

ဇန်နဝါရီ၊ (၁၆)ရက်။ [Frontline ]

ဘူတန်နိုင်ငံတွင်အခြေစိုက်ပြီး အိန္ဒိယအစိုးရထံမှ လွတ်လပ်သောသီးခြားပြည်နယ်ရရှိရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေသည့် ညီညွတ်သောအာသံလွတ်မြောက်ရေးတပ်ဦး(ULFA)၊ ဘိုဒိုအမျိုးသားဒီမိုကရေစီတပ်ဦး(NDFB)နှင့် ကမာတပါလွတ်မြောက်ရေးအဖွဲ့ချုပ် (KLO) စသည့်အဖွဲ့များအပေါ် ၂၀၀၃ခုနှစ် ဒီဇင်ဘာ (၁၅) ရက်နေ့တွင် ဘူတန်ဘုရင့်တပ်မတော်က အိန္ဒိယတပ်ဖွဲ့များနှင့်ပူးပေါင်းကာ ဘူတန်–အိန္ဒိယနယ်စပ်ဒေသတွင် စစ်ဆင်ရေးစတင်လုပ်ဆောင်ခဲ့ရာ အမြောက်အမြားသေကြေဒဏ်ရာရရှိခဲ့ပြီး ဖမ်းဆီးခံခဲ့ရသည်။

စစ်ဆင်ရေးကို ဘုရင်ဂျစ်မဲဆင်ဂျေးဝမ်ချု (Jigme Singye Wangchuk) ကိုယ်တိုင်ဦးဆောင်နေကြောင်း၊ အိန္ဒိယတပ်ဖွဲ့များ အလုံးအရင်းပါဝင်ခဲ့ကြောင်းနှင့် စခန်းပေါင်း (၃၀)အား ချေမှုန်းလိုက်ကြောင်း ဘူတန်အစိုးရက ကြေညာခဲ့သည်။

ဘူတန်အာဏာပိုင်များ၏ သတင်းမှောင်ချထားမှုကြောင့် နှစ်ဖက်သေကြေဒဏ်ရာရသူများနှင့် ဖမ်းမိသူများ၏သတင်းများကို အတိအကျမသိရဘဲ အရပ်သတင်းများအရ စစ်သွေးကြွ(၁၀၀)ကျော်သေဆုံးပြီး၊ (၅၀၀)ကျော် ဖမ်းဆီးရမိကြောင်းနှင့် အိန္ဒိယတပ်မတော်မှ အတည်ပြုပြောကြားချက်အရ KLO အဖွဲ့မှ ဥက္ကဋ္ဌဂျီဘန်ဆင်းဂါး (Jiban Singha)မှာကျဆုံးခဲ့ပြီး ဒုတိယခေါင်းဆောင် မီလ်တန်ဘားမန်း(Milton Burman)နှင့် စစ်ဆင်ရေးမှူးဂျိုင်းဒက်ရှိုင်းတို့ နှစ်ဦးစလုံး ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရသည်။ ထို့ပြင် (ULFA)အားစတင်တည်ထောင်သူ ခေါင်းဆောင်တဦးဖြစ်သည့် ဘင်ခန်တာဘူရာဂိုဟိုင်း(Bhimkanta Buragohain)သည် လက်နက်ချရေး ဆွေးနွေးရန် အလံဖြူကိုင်ကာ မိန်းမများနှင့် ကလေးအုပ်ကြီးအား ဦးဆောင်လာနေစဉ်မှာပင် ပစ်သတ်ခံရကြောင်း သိရှိရသည်။ "ဘူရာဂိုဟိုင်း ကျဆုံးမှုဟာ ULFA ရဲ့ ကေဒါတွေကို ဆက်လက်တိုက်ပွဲဝင်ဖို့အတွက် ထာဝရလှုံ့ဆော်မှုပဲ ဖြစ်လိမ့်မယ်"ဟု စစ်သေနာပတိချုပ် ပရက်ရှ်ဘာရူးဝါး(PareshBarua)က ပြောဆိုခဲ့သည်။

သတင်းစာအများအပြားက သက်ကြီးရွယ်အိုများအားပစ်သတ်ခြင်းကို ရှုတ်ချခဲ့ကြသည်။ ကဗျာဆရာများကလည်း ဝမ်းနည်းကြောင်းအထိမ်းအမှတ် ကဗျာများကို ရေးသားထုတ်ဝေကြသည်။ "လူတိုင်း လိုချင်တာက သူပုန်ထမှုကို နိုင်ငံရေးအရ ဖြေရှင်းတာကိုပါ"ဟု ပြောကြားလိုက်ပြီး အာသံပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဆာရတ်ချန်ဒရာဆင်ဟာဦးဆောင်ကာ ထင်ရှားသော ပြည်နယ်လူကြီး(၃၃)ဦးက ဘူတန်တပ်မတော်နှင့် အန္ဒိယတပ်မတော်မှ စစ်သားမဟုတ်သူများ အထူးသဖြင့် မိန်းမများနှင့်ကလေးများအပေါ် သတ်ဖြတ်နေသည့် စစ်ပွဲအား ရပ်စဲပစ်ရန် ဒီဇင်ဘာ(၂၂)ရက်နေ့က မေတ္တာရပ်ခံပန်ကြားခဲ့သည်။ ဘူတန်အစိုးရက ULFA ကို သစ္စာဖောက်လိုက်တာပဲ ဖြစ်တယ်"ဟု ဂူဝါဟာတီအကျဉ်းထောင်ထဲ တွင်ရှိနေသည့် ULFA ၏ ဒုဥက္ကဋ္ဌဖြစ်သူ ပရာဒီဂိုဂွိုင်းက ပြောကြားခဲ့သည်။ စစ်ဆင်ရေးကြောင့် ဆုတ်ခွာလာရသော အဖွဲ့(၃)ဖွဲ့မှ ဒုက္ခသည်များနှင့် ၎င်းတို့၏စစ်သားများအား ယာယီခိုလှုံခွင့်ပြုရန် ULFA ၏ ဥက္ကဋ္ဌဖြစ်သူ အရာဘင်ဒါရပ်ဂျ်ခိုဝါက တရုတ်ပြည်သူ့သမတနိုင်ငံအစိုးရသို့ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ(၂၂)ရက်နေ့စွဲဖြင့် ပန်ကြားစာတစောင်လည်း ပေးပို့ခဲ့သည်။ ULFA ကို ၁၉၇၉ ခုနှစ် ဧပြီလ(၇) ရက်နေ့တွင် အထက်အာသံပြည်နယ်၊ ဆစ်ဆဂါ(Sibsagar) ၌ ပါရက်ရှ်ဘာရူးဝါး (Paresh Barua) ဦးဆောင်ကာ အချုပ်အခြာအာဏာပိုင်သော ဆိုရှယ်လစ်အာသံပြည်ထူထောင်ရေးရည်မှန်းချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ဗမာပြည်ရှိ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)နှင့် ဆက်ဆံရေးထူထောင်ခဲ့ပြီး (KIA)တွင် စစ်သင်တန်းများတက်ရောက်ခဲ့သည်။ ၁၉၉၀ ခုနှစ် အစပိုင်းမှစတင်ကာ ဘူတန်၌ အခြေခံစခန်းများတည်ထောင်ကာ အခြေစိုက်ခဲ့သည်။ ယခုအခါ ဘင်္ဂလားဒေ့ရှ် ၌ အခြေခံစခန်းများဖွင့်လှစ်ကာ ဆက်လက်တိုက်ပွဲဝင်နေသည်။

အိန္ဒိယထောက်လှမ်းရေးအဆိုအရ ULFA, NDFB, KLO နှင့် နီပေါကွန်မြူနစ်ပါတီ (မော့က်စ်၊ လီနင်၊ မော်)အဖွဲ့ (၄)ဖွဲ့သည် ဒေသလုံးဆိုင်ရာ ပူးတွဲစစ်ဆင်ရေး မဟာဗျူဟာချမှတ်ပြီး အကောင်အထည်ဖော်ရန် အစည်းအဝေးတခုပြုလုပ်ခဲ့ ကြောင်းသိရှိရသည်။

"အတိတ်ကာလက ဘူတန်နိုင်ငံရဲ့ ပြည်တွင်းရေးမှာ အသုံးဝင်ခဲ့တဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေဟာ အိပ်မက်ဆန်ဆန်ပြောင်းလဲသွားတဲ့ ပကတိအခြေအနေတွေအောက်မှာ ဘုရင့်နိုင်ငံအတွက်ခြိမ်းခြောက်မှုတရပ် ဖြစ်လာပါတော့တယ်"ဟု အိန္ဒိယနိုင်ငံထုတ် တပ်ဦးမဂ္ဂဇင်း (Frontline)၏ ပင်တိုင်ဆောင်းပါးရှင် မစ်စ်ပရာဘာကာရာက သုံးသပ်ပြောဆိုခဲ့သည်။

"ဒီချေမှုန်းမှုအပေါ်မှာ အိန္ဒိယရဲ့ ဖိအားပေးမှုက လွှမ်းမိုးကောင်းလွှမ်းမိုးပါလိမ့်မယ်။ ဒါပေမယ့် ဘူတန်နိုင်ငံရဲ့ပြည်တွင်းရေးနဲ့ဆက်စပ်နေတဲ့၊ ပိုမိုအနီးကပ်ကျတဲ့ ဒေသဆိုင်ရာအကြောင်းတရားများကသာ အဓိကအဆုံးအဖြတ်ကျတဲ့အကြောင်းတရားတွေသာဖြစ်ပုံပေါ်ပါတယ်"ဟု ၎င်းကထပ်လောင်း ရှုမြင်ပြောကြားခဲ့သည်။

❖



ဘူတန်နယ်စပ်သို့ ချီတက်နေသော အိန္ဒိယစစ်သည်များ

## တိုင်ပေအရေးကိစ္စတွင် ထိန်းသိမ်းပေးရန် ပီကင်းက အမေရိကန်အစိုးရအား တောင်းဆို

[ပီကင်း၊ အေအက်ဖ်ပီ]

"သူ့ရဲ့ကတိကို ဆက်ထိန်းဖို့နဲ့ ဆန္ဒခံယူပွဲကိုအသုံးချပြီး လွတ်လပ်ရေးတောင်းဆိုတာကို တွန်းအားပေးမဲ့ ထိုင်ဝမ်ရဲ့လုပ်ဆောင်မှုမှန်သမျှကို ပြတ်ပြတ်သားသား ဆက်လက်ဆန့်ကျင်ဖို့ အမေရိကန်ကို ကျနော်တို့တောင်းဆိုပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကုန်ကွမ်း (Kong Quan)က ဇန်နဝါရီလ၊ (၁၇)ရက်နေ့က ပြောဆိုခဲ့သည်။

ဤကျွန်းအား ချိန်ရွယ်ထားသည့် တိုက်ချင်းပစ်ဒုံးပျံ (၄၉၆)စင်းအား ရုပ်သိမ်းပေးရန် တရုတ်ပြည်အား တောင်းဆိုရန် ရည်ရွယ်၍ စစ်ဆန့်ကျင်ရေးနှင့် ဒုံးပျံဆန့်ကျင်ရေး ဆန္ဒခံယူပွဲကို သမတရွေးကောက်ပွဲနှင့် တချိန်တည်း ကျင်းပမည်ဟု လွန်ခဲ့သည့်လက မစ္စတာချန်ရွှေဗျန်းက ထုတ်ဖော်ကြေညာခဲ့သည်။

ချန်၏ ဤသို့ပြောဆိုမှုများအပေါ် သမတဂျော့ဘုရှ်က အပြစ်တင်လိုက်ပြီး တရုတ်ပြည်ကလည်း အပြင်းအထန်ဆန့်ကျင်သည်။ အမေရိကန်သမတ ဂျော့ဘုရှ်သည် ထိုင်ဝမ်ရေလက်ကြားရှိ တည်ဆဲအခြေအနေများအား ပြောင်းလဲစေမည့် မည်သည့်ခြေလှမ်းကိုမဆို ဆန့်ကျင်သည်။ "ဒါဟာ တဘက်သတ်ရန်စမှုနဲ့ လွတ်လပ်ရေးအတွက် ပြင်ဆင်ကြိုးပမ်းမှုပဲဖြစ်တယ်"ဟု ပြောဆိုလိုက်ပြီး မတ်လ (၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဆန္ဒခံယူပွဲအား ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြောင်း တရုတ်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးမျက်နှာဖုံးကို အသုံးချပြီး နှစ်ဖက်စလုံးရှိ ပြည်သူများအကြား တင်းမာမှုတိုးမြင့်လာစေရန် ဆန္ဒခံယူပွဲဆိုသည်ကို ချန်က ခေါင်းမာမာနှင့် တွန်းအားပေးနေခြင်းဖြစ်သည်ဟု နိုင်ငံတော်ကောင်စီ၏ ထိုင်ဝမ်ရေးရာရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ "ဆန္ဒခံယူပွဲမှာ မေးရမဲ့ ပြဿနာတခုကတော့ ထိုင်ဝမ်ကိုချိန်ရွယ်ထားတဲ့ ဒုံးပျံတွေကို ရုတ်သိမ်းဖို့နဲ့ ကျနော်တို့အပေါ် အင်အားအသုံးပြုမှာကို ရှုတ်ချတာကိုပဲ တရုတ်ပြည်မကြီးက ငြင်းမှာလား၊ ဒါမှမဟုတ် ထိုင်ဝမ်က မိမိကာကွယ်ရေးစွမ်းရည် ခိုင်မာတောင့်တင်းစေဖို့ ခေတ်မီတဲ့ ဒုံးဖျက်လက်နက်တွေကို တပ်ဆင်မှာကိုပဲ သဘောတူမလား"ဟု ချန်ကပြောကြားခဲ့သည်။ အခြားတဖက်တွင်လည်း နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးကို တွေ့ဆုံဆွေးနွေးသင့်မသင့် အဆုံးအဖြတ်ပေးရန် ပြည်သူလူထုကိုမေးရပါမယ်ဟု မစ္စတာချန်က ပြောကြားခဲ့သည်။ ❖

## အမေရိကန်စစ်သားများဆုတ်ခွာရန် အမေရိကန်နှင့် တောင်ကိုရီးယားတို့ သဘောတူညီမှုရရှိ

[ဆိုးလ်၊ အေအက်ဖ်ပီ]

မြောက်ကိုးရီးယား၏ နျူကလီးယားစီမံကိန်းအန္တရာယ်မှ တောင်ကိုရီးယားမြို့တော်တွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ တိုးမြင့်လာနေသည့်အတွက် ၎င်းတို့၏ စစ်သည်များအား ဆိုးလ်မြို့တော်အပြင်ဘက်သို့ ရွှေ့ပြောင်းရန် အမေရိကန်ကသဘောတူလိုက်သည်။

၂၀၀၇ ခုနှစ်အကုန်တွင် ဆိုးလ်မြို့၌ တပ်စွဲထားသော အမေရိကန်စစ်သည်(၇၀၀၀)ခန့်ကို မြို့တော်၏တောင်ဘက် ကီလိုမီတာ (၇၀) ကွာဝေးသော ပြုံးတက် (Pyeongtaek)မြို့ရှိ စခန်းသစ်သို့ ပြောင်းရွှေ့မည် ဖြစ်သည်။

ဤသဘောတူညီချက်အား ပါလီမန်က အတည်ပြုရန်ရှိသော်လည်း ကွန်ဆာဗေးတစ်ဥပဒေပြုအမတ် (၁၃၃)ဦး ပါဝင်သောအစုက ဤစီမံကိန်းအား ကန့်ကွက်သည့် ကြေညာချက်တစောင်အား ဇန်နဝါရီလ(၁၉)ရက်နေ့ကထုတ်ပြန်ခဲ့ပြီး ကိုယ်စားလှယ် (၂၇၃) ယောက်ပါဝင်သော ပါလီမန်တွင် ဤဥပဒေကြမ်းကိုပယ်ချရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ တောင်ကိုရီးယားတွင် အမေရိကန်စစ်သည် (၃၇၀၀၀)ရှိနေခြင်းသည် ဆန့်ကျင်ကန့်ကွက်မှု၏ အရင်းခံအကြောင်းတရားဖြစ်ပြီး အများစုမှာ ရာဇဝတ်မှုများဖြင့် ငြိစွန်းနေကြသောကြောင့်လည်းဖြစ်သည်။ သို့သော် ကွန်ဆာဗေးတစ်အုပ်စုများနှင့် အတိုက်အခံ နိုင်ငံရေးသမားများကမူ အမေရိကန်စစ်တပ် တည်ရှိမှုနှင့် ရေရှည်လုံခြုံရေးဆက်ဆံမှုအား ပြောင်းလဲစေမည့် မည်သည့်အပြောင်းအလဲကိုမဆို ကန့်ကွက်ကြသည်။ အမေရိကန်စစ်သည်များ တည်ရှိနေခြင်းသည် မြောက်ကိုရီးယား၏ အင်အား(၁၁)သိန်းရှိသော တပ်မတော်ကို ဟန့်တားထားသည့် ထိရောက်သော အတားအဆီးတခုအဖြစ်ယူဆထားကြပြီး ဤဆုတ်ခွာမှုသည် မြောက်ကိုရီးယားနယ်စပ်နှင့် (၁၀) ကီလိုမီတာခန့်သာဝေးသော ဆိုးလ်မြို့အား အမြောက်နှင့်တိုက်ခိုက်မှုကို ပိုမိုခံနိုင်မှုနည်းပါးသွားစေမည်သာဖြစ်ကြောင်း ယူဆကြသည်။

သဘောတူညီချက်တွင် ၁၉၅၀–၅၃ ခုနှစ်က မြောက်ကိုရီးယားစစ်သည်များ တပ်စွဲခဲ့သော အဓိကရှေ့တန်းစစ်မျက်နှာအား စောင့်ရှောက်နေသည့် စစ်သည်(၁၅၀၀၀)ပါဝင်သော ခြေလျင်တပ်မတခုအား ရွှေ့ပြောင်းရေး ပါဝင်သည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# သတင်းတိုထွာ

## ပုဒ်မ ၃(ခ)ဖြင့် တံငါ(၂)ဦးသေဒဏ်ချခံရ

**ဇန်နဝါရီ၊ (၆)ရက်။ [ဘီဘီစီ]**

တဖက်နိုင်ငံကို သတင်းပို့သည်ဆိုသည့်စွပ်စွဲချက်နှင့် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ၃(ခ)အရ ငါးဖမ်းလုပ်ငန်းလုပ်နေသည့် လုပ်သား(၂)ဦးကို ကော့သောင်ခရိုင်တရားသူကြီးက ဒီဇင်ဘာ(၂)ရက်နေ့က သေဒဏ်ချမှတ်ခဲ့သည်။ သေဒဏ်ချခံရသူနှစ်ဦးမှာ အသက်(၅၀)အရွယ် ဦးလှစိန်နှင့် အသက်(၂၀)အရွယ် ကိုခင်စိုးတို့ဖြစ်ကြပြီး ကော့သောင်အကျဉ်းထောင်အတွင်း၌ တရားစီရင်ခံရခြင်း ဖြစ်ကြောင်းသိရသည်။

## နာဂ နှစ်သစ်ကူးပွဲ နအဖဝင်ရောက်စွက်ဖက်

**ဇန်နဝါရီ၊ (၁၆)ရက်။ [ဒီဗွီဘီ]**

ဇန်နဝါရီ(၁၅)ရက်နေ့က စစ်ကိုင်းတိုင်း၊ နာဂတောင်တန်း၊ လေးရှီးမြို့နယ်တွင်ကျင်းပခဲ့သည့် နာဂနှစ်သစ်ကူးပွဲတော်ကို နအဖကဦးစီးကျင်းပခဲ့သဖြင့် နာဂအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်ခဲ့သည်။ လူမျိုးတမျိုး၏ ယဉ်ကျေးမှုပွဲတော်ကို အခြားလူမျိုးတမျိုးက ဝင်ရောက်စွက်ဖက်ဦးစီးကျင်းပခြင်းသည် စစ်မှန်သည့်ယဉ်ကျေးမှုအစဉ်အလာများကို ပျောက်ကွယ်သွားစေနိုင်ကြောင်း နာဂအဖွဲ့ချုပ်ဥက္ကဋ္ဌဦးနူးဝီက ပြောဆိုခဲ့သည်။ တပတ်ကြာကျင်းပမည့်ပွဲတော်အတွက် ဒေသခံတိုင်းရင်းသားများအား နအဖက အခမဲ့လုပ်အားခိုင်းစေခဲ့ပြီး ကုန်ကျစရိတ်အတွက် ငွေကြေးအဓမ္မတောင်းယူခဲ့ကြသည်ဟုသိရသည်။

## ပင်လယ်ပျော် ဆလုံလူမျိုးများ ပြစားခံနေရ

ပင်လယ်ပြင်တွင် လှေကိုအိမ်လုပ်နေထိုင်သည့် ဆလုံလူမျိုးများအား ရေတပ်ပိုင်ကျွန်းများတွင် အဓမ္မရွာတည်ခိုင်းပြီး ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်ဝင်စားမှုရရှိရန် နအဖကဖန်တီးနေသည်။ နိုင်ငံခြားဝင်ငွေ ရရှိရေးအတွက် ပင်လယ်ပျော် ဆလုံလူမျိုးများကို ဖမ်းဆီးပြီး ညောင်ဝို၊ ဖီလာ၊ လန်ပိကျွန်းနှင့် ကျွန်းတလှဲ့ကျွန်းတို့တွင် ရွာတည်ခိုင်းကာ၊ ဆလုံပွဲတော်ကျင်းပ၍ ကမ္ဘာလှည့်ခရီးသွားများအား လာရောက်လည်ပတ်စေမည့် အစီအစဉ်ဖြစ်သည်။ ထိုရွာသားများကို အမှတ်(၅၈) ရေတပ်စခန်းက စောင့်ကြပ်နေသည့်အတွက် ပင်လယ်ပျော်ဆလုံလူမျိုးများ ဒုက္ခကြုံတွေ့နေကြရသည်ဟု သိရသည်။

## ဆီထွက်သီးနှံစိုက်ပျိုးရန် နအဖအကြံ

ဆီထွက်သီးနှံစိုက်ပျိုးရေး(၅)နှစ်စီမံကိန်းအတွက် သဘာဝဓာတ်ငွေ့ ဝယ်ယူမည့် နိုင်ငံများ၊ အဖွဲ့အစည်းများထံမှ နအဖက ငွေလိုက်လံချေးငှားလျက်ရှိကြောင်းသိရသည်။ စီမံကိန်းအရ တနင်္သာရီတိုင်း၊ မကွေးနှင့် မန္တလေးတိုင်းတို့တွင် ဆီကြိတ်စက်များ တည်ဆောက်ရန်အတွက်ဟုဆိုသည်။ မြန်မာနိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးမြေ ဟက်တာသန်းပေါင်း (၂ဒသမ၆)သန်းရှိပြီး၊ စားသုံးဆီ (၂ဒသမ၅)သိန်းတန် ထွက်ရှိသော်လည်း ပြည်တွင်းစားသုံးမှုမလုံလောက်၍ ပြည်ပမှ မှာယူတင်သွင်းနေရသည်။ စီမံကိန်းအရထိုဒေသများတွင် ဆီအုန်းပင်များ စိုက်ပျိုးရမည်ဖြစ်ကြောင်း သိရသည်။ ❖

## ခြံစည်းရိုးထုံးသုတ်ရန် ငွေမရှိသည့် လူ(၅)ဦး အဖမ်းခံရ

**ဇန်နဝါရီ၊ (၁၀)ရက်။ [ဒီဗွီဘီ]**

ရန်ကုန်တိုင်း တွံတေးမြို့တွင် အိမ်ရှေ့ခြံစည်းရိုးထုံးသုတ်ရန် ငြင်းပယ်ခဲ့သူ(၅)ဦးအား နအဖအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ဖမ်းဆီးခံရသူများမှာ ဒေါ်ဖြူနု၊ ဦးအောင်စိန်၊ ဦးဆလွန်း၊ ကိုနိုင်ဦးနှင့် အခြားအမည်မသိသူတဦးတို့ဖြစ်ကြပြီး ပြီးခဲ့သည့်ဒီဇင်ဘာ(၂၄)ရက်နေ့က အဖမ်းခံခဲ့ရခြင်းဖြစ်သည်ဟု ညွန့်ပေါင်းအစိုးရ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တွံတေးမြို့တွင် အာဏာပိုင်များက မြို့နေလူထုအား အိမ်ရှေ့လမ်းကိုကိုယ်ထူကိုယ်ထပြုပြင်ရန်၊ အိမ်ရှေ့ခြံစည်းရိုးကို အသစ်ကာရံ၍ ထုံးသုတ်ရန်နှင့် နေအိမ်များအား လှလှပပပြုပြင်ရန် အမိန့်ပေးထားပြီး ပျက်ကွက်ခဲ့ပါက ပြင်းထန်စွာအရေးယူခံရမည်ဟု မယကဥက္ကဋ္ဌကိုယ်တိုင် အမိန့်ထုတ်ခဲ့သည်ဟုဆိုသည်။ ဖမ်းဆီးခြင်းခံခဲ့ရသူ(၅)ဦးတို့က ၎င်းတို့အနေဖြင့် အမိန့်အတိုင်းလုပ်ရန် ငွေမရှိ၍မလုပ်နိုင်ကြောင်း ငြင်းဆိုခဲ့သည့်အတွက် ဒုရဲအုပ်မျိုးအေးနှင့်အဖွဲ့က ယခုလိုဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ❖

## ထိုးစစ်ကြောင့် ထွက်ပြေးပုန်းရှောင်နေရသည့် ကရင်နှင့် ကရင်နီလူမျိုး (၃၅၀၀)ကျော် ရာသီဥတုဒဏ် ခံစားနေကြရ

**ဇန်နဝါရီ၊ (၁၇)ရက်။**



ထိုးစစ်ကြောင့် အိုးအိမ်များစွန့်ကာ
နယ်စပ်သို့ထွက်ပြေးလာသောကျေးရွာသားများ

နအဖစစ်တပ်၏ လတ်တလောထိုးစစ်များကြောင့် ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ကရင်နီဒေသတို့မှ အိုးအိမ်စွန့်ခွာလာခဲ့သည့် စစ်ဘေးဒုက္ခသည်ပေါင်း (၃၅၀၀)ကျော်သည် ရေခဲအမှတ်အောက်ကျရောက်နေသည့် အအေးဒဏ်တွင် ဒုက္ခရောက်နေကြကြောင်း Free Burma Ranger အဖွဲ့၏ သတင်းပေးပို့ချက်အရ သိရသည်။

တောင်ငူခရိုင် ကရင်ပြည်နယ် နယ်စပ်နှင့် ဖာပွန်မြောက်ဘက်ခြမ်း ကရင်နီနယ်စပ်ဘက်တွင် နအဖတပ်မ (၅၅)မှ တပ်ရင်း(၆)ရင်းက ထိုးစစ်ဆင်လှုပ်ရှားနေမှုကြောင့် တိုက်ပွဲများ ဖြစ်ပွားနေသည့်အတွက် ဒေသခံကရင်ရွာသား (၂၀၀၀)ကျော်နှင့် ကရင်နီ (၁၀၀၀)ကျော်တို့သည် ကျေးရွာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေကြရသည်ဟုဆိုသည်။ အဆိုပါရွာသားများသည် ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ကရင်နီနယ်စပ်၊ ရေခဲအမှတ်အောက်ရောက်နေသည့် နေရာတွင် ရောက်ရှိနေကြပြီး ထိုအထဲတွင် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများပါဝင်ကြောင်း ထိုအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အဖွဲ့ခေါင်းဆောင် ရှန်နယ်အယ်ရီဆင်အဆိုအရ အိုးအိမ်ကျေးရွာများကို မီးရှို့ပြီး ရွာသားများအား ယခုလို မောင်းထုတ်နေခြင်းမှာ ကရင်နီနယ်စပ်တွင် အသစ်ထပ်မံတွေ့ရှိထားသော အဖိုးတန်ကျောက်မိုင်းကို လမ်းဖောက်ရန် ကြိုးပမ်းနေခြင်းကြောင့်ဖြစ်ကြောင်းသိရပြီး၊ အဖျက်ခံရသည့်ကျေးရွာများမှ ထွက်မပြေးနိုင်သည့် သက်ကြီးရွယ်အိုအဘိုးအို အဘွားအိုများမှာ အစာငတ်ရေငတ်ဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရကြောင်း၊ နအဖစစ်တပ်သည် ရွာသားများ၏ စပါးကျီများကိုပါ မီးရှို့ဖျက်ဆီးသွားကြသည်။

နအဖစစ်အုပ်စုသည် တိုင်းရင်းသားလူမျိုးစုဒေသများအား ထိုးစစ်ဆင်ဖျက်ဆီးမောင်းထုတ်နေသော်လည်း တချိန်တည်းတွင် ၎င်းတို့ကို လက်နက်ကိုင်တိုက်ပွဲဝင်နေသည့် တိုင်းရင်းသားလူမျိုးစုများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရအောင် နည်းမျိုးစုံဖြင့် စည်းရုံးလျက်ရှိသည်။ ❖

## စပါးဈေးအဆမတန်ကျဆင်း ဝယ်ယူမှုမှိန်နေ၍ ဈေးမြှင့်ပေးရန် လယ်သမားများတောင်းဆို

**ဇန်နဝါရီ၊ (၂၃)ရက်။ [ဗွီအိုအေ]**

ဇန်နဝါရီ(၂)ရက်နေ့က ဆန်စပါးနှင့် အဓိကကျသည့် အခြားလယ်ယာထွက်ကုန်များဖြစ်သည့် နှမ်း၊ပြောင်း၊ ငရုတ်နှင့် ကြက်သွန်(၅)မျိုးတို့ကို ပြည်ပတင်ပို့မှုယာယီပိတ်ပင်လိုက်ကြောင်း နအဖအမိန့်ထုတ်ပြန်လိုက်ပြီးနောက် ဆန်စပါးဝယ်ယူမှုများနှင့် စပါးဈေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လယ်သမားများအခက်ကြုံနေရသည့်အတွက် စပါးဈေးပြန်ညှိပေးရန် အာဏာပိုင်များထံ စာရေးတောင်းဆိုမှုများ ပြုလုပ်နေကြောင်းသိရသည်။

ယခုလိုစပါးပေါ်ချိန်၌ ထိုအမိန့်ထွက်ပေါ်လာသည့်အတွက် စပါးဈေးထိုးကျသွားပြီး အမြတ်မရသည့်အပြင် အရှုံးပင်ပေါ်နေသောကြောင့် လယ်သမားများအခက်အခဲဖြစ်နေကြသည်ဟုဆိုသည်။ ထိုအကျပ်အတည်းကြောင့် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ခရမ်းသုံးခွမြို့နယ်ဘက်မှ လယ်မားများက စပါးဈေးအဆမတန်ကျဆင်းနေမှုကို ဖြေရှင်းပေးရန် စစ်ကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ အသနားခံစာရေးသားပေးပို့ခဲ့ကြသည်ဟုသိရသည်။

စပါးပေါက်ဈေးမှာ လက်ရှိတွင် ခြောက်သောင်းသာရှိသောကြောင့် လယ်သမားများ စိုက်ပျိုးစရိတ်မကာမိဘဲ အရှုံးပေါ်နေသဖြင့် မည်သူမျှမရောင်းနိုင်ကြဘဲ ဖြစ်နေကြသည်ဟုဆိုသည်။ ထိုအခက်အခဲကြောင့် နအဖတွင်း(၁)ဗိုလ်ချုပ်စိုးဝင်းထံ စပါးဈေးတသိန်းခွဲအထိတိုးမြှင့်ပေးပါရန် အသနားခံတင်ပြရခြင်းဖြစ်သည်ဟု ၎င်းကပြောပြသည်။ အလားတူ ရန်ကုန်တိုင်းသုံးခွမြို့နယ်မှ လယ်သမားတဦးကလည်း ယခုနှစ်တွင်စပါးဈေးအခြေအနေအလွန်ဆိုးနေပြီး လယ်သမားများဒုက္ခရောက်ရသောနှစ်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ၎င်းက ယခုလိုစပါးဈေးဆိုးဆိုးဝါးဝါးကျဆင်းခြင်းမျိုး တခါမျှမကြုံခဲ့ဘူးကြောင်း ပြောပြခဲ့ပြီး အရောင်းအဝယ်မရှိသလောက်ဖြစ်နေသည်ဟုဆိုသည်။

အဆိုပါ စပါးဈေးတိုးမြှင့်ပေးရေး အသနားခံစာကို သုံးခွနယ်မှ လယ်သမား (၂၃)ဦးတို့က ဗိုလ်ချုပ်စိုးဝင်းအပြင် မိတ္တူကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးကောင်စီ၊ အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်တို့သို့ အသီးသီးပို့ထားကြောင်း ၎င်းတို့က ဆက်လက်ပြောပြခဲ့သည်။

ဇန်နဝါရီလ(၁၆)ရက်နေ့ကလည်း ရန်ကုန်တိုင်း သံလျင်မြို့နယ် ပန်းကန်တောင်နှင့် သပြေကန်ရွာမှ လယ်သမားများစုပေါင်းပြီး စပါးဈေးတိုးမြှင့်ပေးရန် ဗိုလ်ချုပ်စိုးဝင်းထံ စာတင်ခဲ့ကြကြောင်းသိရပြီး တိုင်းအတွင်းရှိ အခြားမြို့နယ်များဖြစ်သော ကျောက်တန်း၊ ကော့မှူးမြို့နယ်များမှ လယ်သမားများကလည်း စပါးဈေးတိုးမြှင့်ပေးရန် စုပေါင်း စာတင်ကြရန် ပြင်ဆင်နေကြကြောင်းသိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလကလည်း ဧရာဝတီတိုင်း မအူပင်မြို့နယ် မကျည်းကရက်တို၊ ညောင်ပင်ကရက်တို၊ ဒီလင်းတိုစသည့် ရွာပေါင်း(၅)ရွာတို့မှ လယ်သမား(၃၁၅)ဦးတို့က သက်ဆိုင်ရာအာဏာပိုင်များထံ စာတင်ခဲ့သေးသော်လည်း တစုံတရာအရေးယူခြင်းမရှိသည့်အပြင် ဆန်တင်ပို့မှုကိုပါပိတ်ပင်ခဲ့သည်။

ယမန်နှစ် ဧပြီလ(၇)ရက်နေ့က နအဖတွင်း(၁)ဖြစ်လာသူ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာဆန်ကုန်သည်ကြီးများနှင့် ဆန်လုပ်ငန်းရှင်များကိုခေါ်ယူပြီး ဆန်စပါးလွတ်လပ်စွာရောင်းဝယ်ခွင့် ပိတ်ပင်ထားမှုကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ပြောခဲ့သော်လည်း ယခုလိုလအနည်းအငယ်အတွင်း အပြောင်းအလဲဖြစ်ခဲ့ပြီး ပိတ်ပင်တားမြစ်ချက်များထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ❖

# ICRC လာရောက်စစ်ဆေးစဉ် ကျန်းမာရေးဆိုးဝါးနေသည့် အကျဉ်းသားများအား အာဏာပိုင်များက တောထဲတွင်ဝှက်ထား

**ဇန်နဝါရီ၊ (၂)ရက်။ [ဘီဘီစီ]**

ရန်ကုန်အခြေစိုက် (ICRC) အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် မြန်မာပြည်တွင် ဆက်လက်နေထိုင်ရရေးကို ဦးစားပေးလွန်းသည်ဟုထင်မြင်ပြီး အမှန်တရားအချို့ကို ဖွင့်မပြောခြင်း၊ နအဖနှင့် သဘောတူညီချက်အရ ထုတ်မပြောရခြင်းတို့ရှိနေကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ AAPP က ထုတ်ဖော်ပြောဆိုလိုက်သည်။

အိန္ဒိယ–မြန်မာနယ်စပ်ကို ထွက်ပြေးလာသည့် အကျဉ်းသားတယောက်က ၂၀၀၃ ခု ဩဂုတ်လတွင် ICRC သည် စစ်ကိုင်းတိုင်း တမူးခရိုင်အတွင်းရှိ ဝက်စု ဘဝသစ်ရဲစခန်းသို့ စစ်ဆေးရန်လာရောက်စဉ် ရောဂါဝေဒနာ ဆိုးဝါးနေသည့်အကျဉ်းသားများကို အာဏာပိုင်များက တောထဲတွင်ဝှက်ထားခဲ့သည်ကို သိရှိခဲ့ခြင်းမရှိကြောင်း Net Work Media Group ကို ပြောပြခဲ့သည်ဟုဆိုသည်။

၎င်းက ဝက်စုဘဝသစ်စခန်းမှ အရိုးပေါ် အရေတင်နေသည့် ကျန်းမာရေး မကောင်းသူ အကျဉ်းများကို အာဏာပိုင်များက တောထဲတွင် လူစုခွဲ၍ဝှက်ထားခဲ့ကြောင်း၊ ထိုအကျဉ်းစခန်းတွင် ဆရာဝန်၊ ဆေးဝန်ထမ်းများမရှိဘဲ အကျဉ်းသားအချို့ကသာ ကျန်းမာရေးလုပ်သားအဖြစ် တာဝန်ယူနေကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

အဆိုပါကိစ္စကို ICRC နှင့် ဆက်သွယ်မေးမြန်းခဲ့သော်လည်း ပြောကြားခြင်းမရှိခဲ့ဟုဆိုသည်။ AAPP တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က ICRC အဖွဲ့အပေါ် အထက်ပါအတိုင်း ၎င်း၏ထင်မြင်ချက်ကိုထုတ်ဖော်ပြောဆိုခဲ့ပြီး၊ ထို့အဖွဲ့အနေဖြင့် ဘာတွေလုပ်နေသည်၊ ဘယ်လောက်အထိတိုးတက်သည်၊ နအဖနှင့် ဘယ်လိုညှိနှိုင်းဆောင်ရွက်နေသည် ဆိုသည်ကို လုံးဝမသိနိုင်ကြောင်း ပြောဆိုသွားသည်။

ကိုဘိုကြည်က AAPP အဖွဲ့ကရရှိထားသည့်အခိုင်အမာသတင်းများကို ICRC သို့ပို့ပေးခြင်းထက် ဘာမျှပို၍ဆွေးနွေးခွင့် မရှိကြောင်းကိုပါ ဆက်လက်ပြောဆိုခဲ့သည်။

ဘဝသစ်ရဲဘက်စခန်းရှိ အကျဉ်းသားများအနက် ၂၄ % မှ ၃၀ % အထိသည် နှစ်စဉ် သေဆုံးနေရကြောင်း အကျဉ်းဦးစီးဌာန၏အစီရင်ခံစာကိုကိုးကား၍ Network Media Group တွင် ဖော်ပြထားသည်။ ❖

# ယုံကြည်မှုတည်ဆောက်နေသော်လည်း ကရင်ရွာသားများ မိုင်းရှင်းကရိယာများ ဖြစ်နေဆဲ

**ဇန်နဝါရီ၊ (၆)ရက်။ [ဒီဗွီဘီ]**

ကေအဲန်ယူနှင့် နအဖအကြား အပစ်အခတ်ရပ်စဲရေးအတွက် ယုံကြည်မှုတည်ဆောက်နေစဉ်အတွင်း နအဖတပ်များက ကေအဲန်ယူ ထိန်းချုပ်ရာနယ်မြေအတွင်းရှိ အိမ်များကို မီးရှို့ဖျက်ဆီး၍ ရွာသားများအား ဖမ်းဆီးကာ ရှေ့တန်းစစ်မျက်နှာတွင် လူသားမိုင်းရှင်းကိရိယာများအဖြစ် ဆက်လက်အသုံးပြုနေကြောင်း သိရသည်။

ပဲခူးတိုင်း တောင်ငူခရိုင် ဘောဂလိ ကျေးရွာအခြေစိုက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာ အမှတ်(၁)က တောင်ငူ–မော်ချီး ကားလမ်းတလျှောက်ရှိ ရွာသားများကို ဖမ်းဆီးကာ အိမ်ခြေ(၁၀၀)နီးပါးကိုလည်း မီးရှို့ဖျက်ဆီးသွားကြောင်း နယ်စပ်သို့ ထွက်ပြေးလာသည့် ဒေသခံရွာသားတဦး အဆိုအရ သိရသည်။

ဒီဇင်ဘာ(၁၇)ရက်နှင့် (၂၉)ရက်နေ့များက တောင်ငူ–မော်ချီးကားလမ်းနှင့် (၂)မိုင်အကွာခန့်ရှိ ရေသိုးလေးကျေးရွာနှင့် ရေသိုးကြီးကျေးရွာအနီး ဖြစ်ပွားခဲ့သည့် ဖုံးပေါက်ကွဲမှုများကြောင့် ရိက္ခာပို့ကားများ ပျက်စီးသွားခဲ့ရသည်ကို အကြောင်းပြကာ နအဖတပ်များက ယခုလို အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

နအဖတပ်သည် ဖမ်းဆီးထားသည့် ရွာသားများကို ဘောဂလိစစ်ဗျူဟာစခန်းတွင် ဖမ်းဆီးထားပြီး ရှေ့တန်းနယ်မြေများသို့ ရိက္ခာပို့ရာ ယာဉ်တန်းရှေ့တွင် မိုင်းရှင်းကိရိယာများအဖြစ် အသုံးပြုနေကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

၎င်း၏အဆိုအရ စစ်ဗျူဟာ(၁) လက်အောက်ခံ ခလရ(၂၆)၊ (၃၉)၊ (၉၂)နှင့် (၉၁)တို့သည် အခြေစိုက်ဒေသအတွင်း လူ့အခွင့်အရေးများ ချိုးဖောက်နေဆဲရှိကြောင်း သိရသည်။ ❖

# မိုးကြိုးသတင်းစဉ် ဖြန့်ဝေမှု လူ(၃)ဦး ဖမ်းဆီးခံရ

မြန်မာပြည်တွင်းသို့ မိုးကြိုးသတင်းစဉ် အပါအဝင် တော်လှန်ရေးအင်အားစုများ၏ စာရွက်စာတမ်း စာစောင်များ ဖြန့်ဝေသည်ဟု စွပ်စွဲ၍ အမျိုးသမီးတဦးအပါအဝင် လူ(၃)ဦးကို စစ်ထောက်လှမ်းရေးက ဖမ်းဆီးထားကြောင်း ဒေသခံ သတင်းထောက်၏ သတင်းပေးပို့ချက်အရ သိရသည်။

ပြီးခဲ့သည့်လက မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းအတွင်း ဖမ်းဆီးမှုများရှိခဲ့ရာ ပြည်တွင်းသို့ မိုးကြိုးသတင်းစဉ်အပါအဝင် အခြားစာရွက်စာတမ်းများ ဖြန့်ဝေမှုဖြင့် လူ(၃)ဦး တော်လှန်ရေးအင်အားစုနှင့် ဆက်သွယ်သည်ဟုဆိုကာ လူ(၂)ဦး ပေါင်း (၅)ဦးတို့ ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

မိုးကြိုးသတင်းစဉ်ဖြန့်ဝေမှုဖြင့် ဖမ်းဆီးခံရသူများမှာ တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်နေ မသန်းစိုး(၃၅)နှစ် လောင်းလုံးမြို့နယ် မြခါးပတ်ရွာ၊ ကိုညီညီလေး(၂၀)နှစ် သရက်ချောင်းမြို့နယ် ကျွဲခြံရွာ၊ ကိုဖိုးပီ (၁၉)နှစ် သရက်ချောင်းမြို့နယ် အလယ်စုရွာတို့မှဖြစ်ကြောင်းသိရပြီး၊ မသန်းစိုးကို ပြီးခဲ့သည့်လ (၁၈)ရက်နေ့က ကော့သောင်းမြို့နယ် မလိစန်းရွာတွင် ရအဖ ဥက္ကဋ္ဌနှင့် စစ်ထောက်လှမ်းရေးတို့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ကိုညီညီလေးနှင့် ကိုဖိုးပီတို့မှာ ထိုလ (၃)ရက်နေ့ကတည်းက ထိုင်းနိုင်ငံ၊ ချုံဖွန်မြို့ ပါနန်ရပ်ကွက်တွင် ထိုင်းလဝကမှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အားလုံး ကော့သောင်းထောင်တွင် ချုပ်နှောင်ထားကြောင်းသိရသည်။

တော်လှန်ရေးအင်အားစုများနှင့် ဆက်သွယ်သည်ဟု စွပ်စွဲဖမ်းဆီးထားသည့် ကိုညီစိုး(၃၄)နှစ် သရက်ချောင်းမြို့နယ် ဆင်ဖြူရွာနှင့် ကိုအောင်မင်း(၃၀)နှစ် ရုပ်ပုံရွာ ပုလောမြို့နယ်တို့ကို ပြီးခဲ့သည့်လ (၂)ရက်နေ့က ဆဒက်ကြီးကျွန်းတွင် ကော့သောင်းအခြေစိုက် ခလရ(၂၆၂)မှ တပ်ခွဲမှူး ဗိုလ်ကြီးတင်မောင်ဝင်းနှင့်အဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး တပ်ချုပ်အဖြစ်ထားရှိကာ စစ်ဆင်ရေးလမ်းပြအဖြစ် အသုံးချနေကြောင်း ဒေသခံသတင်းထောက်က မိုးကြိုးသို့ ပေးပို့အကြောင်းကြားခဲ့သည်။

ယခုလို ဖမ်းဆီးမှုများသည် ပြီးခဲ့သည့်လက ကုလသမဂ္ဂ လူ့အခွင့်အရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကိုယ်စားလှယ်များ သွားရောက်ခဲ့ပြီးနောက် မကြာမီအတွင်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပြည်မနှင့် ဝေးလံရပ်ခြားဒေသများအထိ သွားရောက်၍ လူ့အခွင့်အရေး အခြေအနေများ၊ အကျဉ်းထောင်များကို စုံစမ်းသင့်ကြောင်း တိုက်တွန်းထားသည်။

❖

# ပြည်ပသို့ ဆန်မှောင်ခိုတင်သွင်းမှုများပြားလာ

ယခုလ(၁)ရက်မှစ၍ ပြည်ပသို့ဆန်တင်ပို့မှု (၆)လ ပိတ်ပင်လိုက်ခြင်းကြောင့် ဆန်ဈေးများကျဆင်းလာသည့်အတွက် လယ်သမားများ အကျပ်အတည်းကြုံတွေ့နေရသည်ဟုသိရသည်။

ယခုလို ပြည်ပသို့ ဆန်တင်ပို့မှုများ ပိုမိုများပြားလာကြောင်း အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်မှောင်ခိုလမ်းကြောင်းမှ တင်ပို့မှုများ ပိုမိုများပြားလာကြောင်း အိန္ဒိယနယ်စပ်သတင်းများအရသိရပြီး ဆန်မှောင်ခိုသမားများက နစကနှင့် ရဲထံ လာဘ်ငွေပေးပြီး လုပ်ဆောင်နေကြသည်ဟုဆိုသည်။

ထိုအမိန့်ကြောင့် ပြည်တွင်းဆန်ဈေးထိုးကျသွားသည့်အတွက် လယ်သမားများအနေဖြင့် စိုက်ပျိုးစရိတ်မကာမိအောင် အရှုံးပေါ်ပြီး စပါးဝယ်ယူမည့်သူမရှိသည့် အခက်အခဲပါ ကြုံတွေ့နေရသည်ဟုဆိုသည်။

နအဖက ခွင့်ပြုထားသည့်ဆန်ကုန်သည်ကြီးအဖွဲ့ကလည်း သတ်မှတ်ဈေးနှင့်သာ အစိုးရကို ပြန်လည်ရောင်းချရသည့်အတွက် ဝယ်ယူမှုများရပ်ဆိုင်းထားပြီး အခြေအနေစောင့်ကြည့်နေလျက်ရှိသည်။

ထိုအခြေအနေကြောင့် ပြည်တွင်းရော ပြည်ပပါ စပါးမရောင်းရသည့် လယ်သမားများ အနေဖြင့် နအဖစစ်အုပ်စုထံ အရေးဆိုမှုများပြုလုပ်လျက်ရှိနေကြောင်း သိရသည်။ ❖

# နအဖတပ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ မွန်လူ့အခွင့်အရေးအဖွဲ့မှ အစီရင်ခံစာထုတ်ပြန်

**ဇန်နဝါရီ၊ (၁၅)ရက်။ [ဘီဘီစီ]**

မွန်ပြည်နယ်တောင်ပိုင်းဒေသတွင် လှုပ်ရှားနေသော မွန်ပြည်သစ်ပါတီမှခွဲထွက်သွားသည့် ဟံသာဝတီမွန်နိုင်ငံတော်ပြန်လည်ထူထောင်ရေးပါတီ HRP တပ်ဖွဲ့များကို နအဖစစ်တပ်မှ စစ်ဆင်ရေးပြုလုပ်နေရာ ဒေသခံပြည်သူများအား နအဖစစ်တပ်က လူ့အခွင့်အရေးများ ချိုးဖောက်နေကြောင်း မွန်လူ့အခွင့်အရေးအဖွဲ့က ပြီးခဲ့သည့်လ နှောင်းပိုင်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စစ်အုပ်စုအပေါ် လက်နက်ကိုင်တော်လှန်နေသည့် အဖွဲ့အစည်းများကို အားပေးခြင်းမပြုနိုင်ရန်ရည်ရွယ်ချက်နှင့် နအဖ က မွန်ပြည်နယ်အတွင်း စစ်ဆင်ရေးများပြုလုပ်နေရာ မွန်ပြည်နယ် ရေးတောင်ဘက်ခြမ်းရှိ မွန်ဒေသများ၌ နအဖတပ်မ (၂၂)က ဒေသခံလူထုကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုများ ဆက်လက်ပြုလုပ်နေပြီး သံဃာတော်(၃)ပါးကိုပါရိုက်နှက်ခဲ့ရုံမက ခြေထောက်မီးရှို့၊ နေပူလှမ်းခဲ့ကြောင်း ထိုအစီရင်ခံစာတွင်ဖော်ပြထားသည်။

နအဖတပ်က ကျူးလွန်ခဲ့သည့်သတ်ဖြတ်မှု၊ ခိုးမှု၊ အမျိုးသမီးများအား အဓမ္မကျင့်မှု၊ ညှဉ်းပန်းနှိပ်စက်ခဲ့မှုများအား ထိုအဖွဲ့က စာရင်းပြုစုထားသော်လည်း အဆိုးဆုံးမှာ အမျိုးသမီးများအား အစီအစဉ်ရှိရှိ အဓမ္မကျင့်နေခြင်းဖြစ်ကြောင်း အဖွဲ့တာဝန်ခံ နိုင်ကဆော့မွန်က ဘီဘီစီနှင့်မေးမြန်းခန်းတွင် ပြောကြားသွားသည်။

၎င်းက မွန်ရွာ(၉)ရွာမှ အမျိုးသမီးများအား နအဖစစ်ကြောင်းတကြိမ်လှည့်တိုင်း သုံးလေးယောက်ခန့် အတင်းအဓမ္မခေါ်ယူကာ ညဘက်တွင်မုဒိမ်းကျင့်ပြီး နေ့ဘက်တွင် ထမင်းချက်၊ ရေခပ်အလုပ်များကိုခိုင်းစေခဲ့ကြကြောင်းပြောဆိုခဲ့ပြီး ထိုအဖြစ်အပျက်များသည် ယနေ့အချိန်အထိ ဆုံးခန်းမတိုင်သေးဟုဆိုသည်။

၎င်းက ယခုလို နအဖတပ်က လူ့အခွင့်အရေးများ ဆက်လက်ချိုးဖောက်နေမှုများအား ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်ထံတိုင်ကြားရန် စီစဉ်ထားကြောင်း ဆက်လက်ပြောကြားသွားခဲ့သည်။ ❖

## မိုးကြိုးစာဖတ်ပရိတ်သတ်သို့ မေတ္တာရပ်ခံချက်

မိုးကြိုးစာဖတ်ပရိတ်သတ်များခင်ဗျား ...

မြန်မာနိုင်ငံ လွတ်လပ်သော သတင်းအေဂျင်စီမှ၊ မိုးကြိုးသတင်းစဉ်ကို ထုတ်ဝေလာသည်မှာ (၅)နှစ်တင်းတင်း ပြည့်ပြီဖြစ်ပါသည်။ စတင်ထုတ်ဝေစဉ်ကစ၍ ယခုတိုင် ပေးပို့ခဲ့သော ထိုင်းနိုင်ငံအတွင်း လိပ်စာများ၏ ယခုကာလတွင် အမှန်တကယ် အသုံးဝင်မှုရှိမှုအပေါ် ပြန်လည်စီစစ်ရန် လိုအပ်လာပါသည်။ သို့ပါ၍ လူကြီးမင်းတို့အသီးသီးထံသို့ ပေးပို့နေသော လိပ်စာများမှာ မှန်ကန်မှု ရှိမရှိ၊ မိမိတို့မှ သိရှိနိုင်ပါရန် ရည်ရွယ်၍ ယခုလူကြီးမင်းတို့ အသုံးပြုနေသော လိပ်စာများကို မိုးကြိုးသတင်းစဉ်ပါ စာတိုက်လိပ်စာသို့ ၂၅-၂-၂၀၀၄ ထက် နောက်မကျစေပဲ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လိပ်စာအသစ်ဖြင့် တောင်းခံလာမှုမှလွဲ၍ ကျန်လိပ်စာများသို့ သတင်းစာပေးပို့လိမ့်မည် မဟုတ်ပါကြောင်း သိစေအပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ

BINA
Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

မိုးကြိုး
သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# တိုင်းရင်းသားပြဿနာသည် ဒီမိုကရေစီပြဿနာဖြစ်သည် ဒီမိုကရေစီရမှ တိုင်းရင်းသားအခွင့်အရေးရမည်ဟု ပြောကြား

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောခွင့်ရပုဂ္ဂိုလ် ဦးထောင်ကိုထန်မှ လက်ရှိနိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ ၎င်း၏ သဘောထားအမြင်ကိုထုတ်ဖော်ပြောရာ၌ ''တိုင်းရင်းသားပြဿနာဆိုတာကတော့ အဓိက ဒီမိုကရေစီပြဿနာပဲ၊ ဒီမိုကရေစီရမှ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးရမှာဖြစ်တယ်၊ ဒီမိုကရေစီနိုင်ငံ မထူထောင်သေးဘဲနဲ့တော့ လူ့အခွင့်အရေးတို့၊ တိုင်းရင်းသားအခွင့်အရေးတို့၊ လူမျိုးစုအခွင့်အရေးတို့၊ တဦးချင်း အခွင့်အရေးတို့က ပြောလို့မရဘူး။

အဲဒါကြောင့် ပထမ ဒီမိုကရေစီနိုင်ငံထူထောင်ပြီး ဒီမိုကရေစီအခွင့်အရေးရှိမှ အချင်းချင်း အစည်းအဝေးလုပ်လို့ရမယ်၊ ညှိနှိုင်းလို့ရမယ်၊ အဲဒီအပေါ်မှာ အခြေခံပြီးတော့ တိုင်းရင်းသားလိုအပ်ချက်တွေကို တောင်းဆိုလို့ရမယ်''ဟု ပြောကြားခဲ့သည်။

နအဖ၏ အမျိုးသားညီလာခံ လမ်းကြောင်းဖြင့် မြန်မာ့နိုင်ငံရေးပြဿနာကို မဖြေရှင်းနိုင်၊ ယင်းညီလာခံမှ ချမှတ်ထားသော အခြေခံမူ (၁၀၄)ချက်တွင် အထူးသဖြင့် နံပါတ် (၁၃)၊ (၂၆)၊ (၃၀)၊ (၉၅) တို့ကို တိုင်းရင်းသားများက လက်ခံနိုင်ဖွယ်မရှိဟု အကျယ်တဝင့် ရှင်းပြသွားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်း (သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ပေါက်ရေး)ကို လုပ်ဆောင်နိုင်မှသာ အဆင်ပြေမည်ဟုလည်း သုံးသပ်ပြောကြားသွားသည်။ ❖

# သုံးပွင့်ဆိုင်ဆွေးနွေးပွဲက နိုင်ငံရေးသဘောတူညီချက်မရလျှင် တိုင်းပြည် ဘာမျှဖြစ်လာမည်မဟုတ်



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဝါရင့်နိုင်ငံရေး သမားကြီး သခင်သိန်းဖေ

နှစ်ပေါင်း(၆၀)ကြာ နိုင်ငံရေးအတွေ့အကြုံအတွင်း ဘယ်ခေတ်အခါကမှ မကြုံဘူးခဲ့သည့် မေ ၃၀ ဒီပဲယင်းလုပ်ကြံမှုကြီးကို အဖြစ်မှန်ဖော်ထုတ်ပေးရန် နအဖက တာဝန်ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင်လက်ရှိ ကြုံတွေ့နေရသည့် ဘက်ပေါင်းစုံအထွေထွေအကျပ်အတည်းများအား (၃)ပွင့်ဆိုင် ဆွေးနွေးခြင်းဖြင့် နိုင်ငံရေးသဘောတူညီမှုများမရလျှင် ဘာမျှဖြစ်လာမည်မဟုတ်ကြောင်း လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့် နိုင်ငံရေးသမားကြီး သခင်သိန်းဖေက(၅၆) နှစ်မြောက်လွတ်လပ်ရေးနေ့မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။

အဆိုပါမိန့်ခွန်းတွင် သခင်သိန်းဖေက လွတ်လပ်ရေးကို အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ရဟန်းသံဃာများ၊ အလုပ်သမားလယ်သမားများ၊ ကျောင်းသားလူငယ်များနှင့် ပြည်သူတရပ်လုံးက အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးဖွဲ့စည်းပြီး သွေးနှင့်ချွေးနှင့်ရင်း၍ တိုက်ပွဲဝင်ခဲ့ခြင်းကြောင့် ရရှိလာခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရခဲ့သည်မှာ (၅၆) နှစ်တိုင်ခဲ့ပြီဖြစ်သော်လည်း တိုင်းပြည်သည် အခြားနိုင်ငံများနည်းတူ လွတ်လပ်ရေး၏ အရသာကို ခံစားရခြင်းမရှိခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီး (၂)လကျော်အကြာတွင် ပြည်တွင်း ဂိုဏ်းဂဏဝါဒအစွဲများကြောင့် ညီညွတ်ရေးပြိုကွဲကာ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည့်အတွက် ပြည်သူများမှာ ပြည်တွင်းစစ်၌ မြေဇာပင်များဖြစ်ခဲ့ရကြောင်း သင်ခန်းစာဖြစ်ဖွယ် ပြန်ပြောင်းပြောကြားသွားခဲ့သည်။

ဆက်လက်၍ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်းလက်ထက်မှ ယနေ့တိုင် စစ်အာဏာရှင်အဆက်ဆက်တွင် တိုင်းပြည်လုံးပါးပါးခဲ့ရပြီး ပြည်သူတရပ်လုံး ဆင်းရဲဒုက္ခရောက်နေကြရသည်ကို ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ကာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ဖြေရှင်းရန်လိုအပ်သည်ဟု ပြောကြားသွားသည်။

ထို့နောက် သခင်သိန်းဖေက တိုင်းပြည်၏ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသည့် မေ ၃၀ ဒီပဲယင်းအရေးအခင်းကိုဖော်ထုတ်ပေးရန် တောင်းဆိုလိုက်ပြီး နအဖ၏နိုင်ငံရေးလမ်းညွှန်အစီအစဉ်အရကျင်းပမည့် အမျိုးသားညီလာခံသည် ၁၉၉၆ ခုနှစ်ကရပ်ဆိုင်းသွားခဲ့သည့် ကိစ္စရပ်အပေါ် ပြန်လည်မသုံးသပ်ဘဲ ယခင်အတိုင်း ဆက်လက်ကျင်းပမည်ဆိုပါက အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်လာစရာမရှိဟု ပြောဆိုလိုက်သည်။

နအဖအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရည်ရွယ်၍ ကျင်းပမည်ဆိုပါက အဓိကအင်အား(၃)ရပ်ဖြစ်သည့် တပ်မတော်၊ အဲန်အယ်လ်ဒီနှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားပြုကိုယ်စားလှယ်များပါဝင်သည့် (၃)ပွင့်ဆိုင်ဆွေးနွေးပွဲကို ဦးစွာကျင်းပ၍ ထိုဆွေးနွေးပွဲသဘောတူညီချက်အရ နိုင်ငံရေးလုပ်ငန်းစဉ်များဆက်လက်လုပ်ဆောင်ရမည်ဟု ပြောဆိုခဲ့သည်။

အကယ်၍ (၃)ပွင့်ဆိုင်ဆွေးနွေးပွဲအရ နိုင်ငံရေးသဘာတူညီမှုများမရလျှင် တိုင်းပြည်အတွက် ဘာမျှဖြစ်လာမည်မဟုတ်ကြောင်း ၎င်းက အတိအလင်းပြောဆိုလိုက်ပြီး မြန်မာနိုင်ငံတွင်လွတ်လပ်ရေးရရှိရန် ဗိုလ်ချုပ်အောင်ဆန်းက တမျိုးသားလုံးညီညွတ်ရေးကို အလေးအနက်ထားဆောင်ရွက်ပြီး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုတရပ်ဖွဲ့စည်းခဲ့သလို လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေအရပ်ရပ် ပြောင်းလဲနိုင်ရန် နိုင်ငံရေးအင်အားစုအားလုံးပါဝင်သော အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုတရပ် ပေါ်ပေါက်လာရေးကို လက်တွဲလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသွားခဲ့သည်။ ❖

# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးနှင့် စိတ်ဓာတ်ရေးရာ အထူးကောင်းမွန်နေ

နေအိမ်အကျယ်ချုပ်ကျခံနေရဆဲဖြစ်သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးနှင့်စိတ်ဓာတ်ရေးရာသည် အထူးကောင်းမွန်လျက်ရှိပါကြောင်း ဒေါ်အောင်ဆန်းစုကြည်၏မိသားစုဆရာဝန်ကြီးဒေါက်တာတင်မျိုးဝင်းက လွတ်လပ်သည့်အာရှအသံနှင့် မေးမြန်းခန်းတွင် ပြောဆိုသွားခဲ့သည်။

ဒေါက်တာတင်မျိုးဝင်းသည် ယမန်နှစ်စက်တင်ဘာလက ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေယိုယွင်းလာခြင်းကြောင့် ရန်ကုန်မြို့တော်ဝင်ပုဂ္ဂလိကဆေးရုံတွင်ခွဲစိတ်ကုသမှုခံခဲ့ရစဉ် ဦးဆောင်ခွဲစိတ်ခဲ့သူ ခွဲစိတ်ဆရာဝန်ကြီးတဦးဖြစ်ပြီး ထိုအချိန်မှ ယနေ့အထိ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးကို အနီးကပ်တာဝန်ယူခဲ့ရသူဖြစ်သည်။

အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်ခွဲစိတ်ကုသမှုခံယူပြီးနောက်ပိုင်း နေအိမ်အကျယ်ချုပ်ပြောင်းရွှေ့ချထားခဲ့ရာ ယနေ့အချိန်အထိဖြစ်သော်လည်း အကျယ်ချုပ်ချထားခြင်းမဟုတ်ကြောင်း ငြင်းဆိုပြောကြားခဲ့ကြသည်။ သို့ရာတွင် မိသားစုဆရာဝန်များအဖြစ်တာဝန်ယူထားကြသည့် ဒေါက်တာတင်မျိုးဝင်းနှင့် တွဲဖက်ဆရာဝန်ဒေါ်ပြုံးမူအိတို့မှလွဲ၍ ယနေ့အချိန်အထိဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်မပေးသေးပေ။



ဒေါက်တာတင်မျိုးဝင်း

ယခုလို ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးမှာကောင်းမွန်နေကြောင်း ဒေါက်တာ တင်မျိုးဝင်းက ပြောဆိုခဲ့သော်လည်း မိမိတို့ဘာမှ တိတိကျကျသိခွင့်မရကြောင်း အဲန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်ကော်မတီကပြောသည်။

နအဖသည် မေ–၃၀ ဒီပဲယင်းလုပ်ကြံမှုအတွင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခဲ့ခြင်းဖြစ်ပြီး(၆)လနီးပါးကြာ တိတိကျကျအမည်မဖော်နိုင်သည့် တနေရာတွင်တဦးတည်းချုပ်နှောင်ထားခဲ့ပြီးမှ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေကြောင့် ယခုလိုနေအိမ်အကျယ်ချုပ်သို့ ပြောင်းရွှေ့ချထားခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များ၊ နိုင်ငံတကာအကြီးအကဲများ နိုင်ငံတကာပြည်သူများနှင့် ပြည်တွင်းပြည်ပရှိဒီမိုကရေစီရေးလိုလားသူများက အစဉ်တစိုက်တောင်းဆိုနေသော်လည်း နအဖစစ်အုပ်စုက ယနေ့အချိန်အထိ မသိကျိုးကျွံပြုနေဆဲဖြစ်သည်။ ❖

# နအဖ၏အပူတပြင်းအမျိုးသားညီလာခံ ဒီပဲယင်းလုပ်ကြံမှုကြီးအား မေ့ပျောက်စေရန်ကြိုးပမ်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အရေးပေါ်အစည်းအဝေးက ပြောဆို

**ဇန်နဝါရီ၊(၁၀)ရက်။**
**[အာရ်အက်ဖ်အေ]**

နအဖက အမျိုးသားညီလာခံကျင်းပရန် အပူတပြင်းပြင်ဆင်နေခြင်းသည် မေ (၃၀)ဒီပဲယင်းလူသတ်ပွဲကို ပြည်သူများ မေ့ပျောက်သွားစေရန် တဖက်လှည့်ကြိုးစားခြင်းသာဖြစ်ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အရေးပေါ်အစည်းအဝေးက ပြောဆိုလိုက်သည်။

ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ဇန်နဝါရီ(၆–ရက်မှ၈–ရက်အထိ) သုံးရက်ကြာကျင်းပခဲ့သည့် ဗဟိုကော်မတီအစည်းအဝေးအပြီးထုတ်ပြန်သည့် ကြေညာချက်တွင် ယခုလိုဖော်ပြခဲ့ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ရွေးကောက်ခံကိုယ်စားလှယ်များမပါဝင်သည့် မည်သည့်ညီလာခံမျိုးကိုမဆို လက်မခံနိုင်ဟုလည်း အတိအလင်းထုတ်ဖော်ပြောဆိုလိုက်သည်။ ထို့အပြင် အဖွဲ့ချုပ်ကတောင်းဆိုနေသည့်အတိုင်း အမျိုးသားညီလာခံမစတင်မီ အမိန့်အမှတ် (၅/၉၆) 'ညီလာခံအားမဝေဖန်ရ' ဆိုသည့် အမိန့်ကိုလည်း အမြန်ဆုံးပယ်ဖျက်ပေးရန် တောင်းဆိုထားသည်။ တဆက်တည်းမှာပင် ညီလာခံ၏အခြေခံမူ(၁၀၄)ကို ပယ်ဖျက်ပေးရန်ကိုလည်းတောင်းဆိုထားပြီး အဖွဲ့ချုပ်ခေါင်းဆောင်များနှင့်ချက်ချင်းဆွေးနွေးရန် တိုက်တွန်းထားသည်။ လွတ်လပ်စွာဖော်ပြစည်းရုံးနိုင်ခွင့်၊ လူထုတရပ်လုံးပူးပေါင်းဆောင်ရွက်နိုင်ခွင့်၊ အကြံဉာဏ်များလွတ်လပ်စွာရယူခွင့်နှင့် အကြံပြုပိုင်ခွင့်ရရှိရေးတို့အတွက်ကန့်သတ်ဖိနှိပ်ထားသော ဥပဒေများကို ပြန်လည်ရုပ်သိမ်းပေးရေးတို့ကိုလည်း အဆိုပါထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ကေအဲန်ယူနှင့် နအဖအကြား အပစ်အခတ်ရပ်စဲမှုအတွက် ဆွေးနွေးနေခြင်းနှင့် ပတ်သက်၍လည်း လူ့ဘောင်သစ်ပါတီက ဆွေးနွေးခဲ့ပြီး နှစ်ပေါင်း(၅၀)ကျော်ပြည်တွင်းစစ်၏ဒုက္ခများကိုခံစားခဲ့ရသည့် ကရင်အမျိုးသားများနှင့် ပြည်သူလူထုများအား ငြိမ်းချမ်းရေးအခွင့်အရေးများ ခံစားထိုက်သည်ဟု မိမိတို့အသိအမှတ်ပြုကြောင်း၊ တဖွဲ့ချင်း အပစ်အခတ်ရပ်စဲမည့်အစား တနိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးယူရန်လိုကြောင်းကိုပါ ထောက်ပြထားသည်။ တဆက်တည်းမှာပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထိန်းသိမ်းခံနေရသူအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးရန်တောင်းဆိုထားပြီး အတိုက်အခံအဖွဲ့အစည်းများအားလုံးပါဝင်သည့် တပ်ပေါင်းစုတရပ် ဖွဲ့စည်းရန် အမြန်လိုအပ်ကြောင်း တိုက်တွန်းလိုက်သည်။ ဤကဲ့သို့ ဖွဲ့စည်းနိုင်မှသာ နအဖ၏ လုပ်ရပ်များကို အင်နှင့်အားနှင့်တားဆီးနိုင်မည်ဖြစ်ကြောင်း လူ့ဘောင်သစ်ပါတီ၏ အရေးပေါ်အစည်းအဝေး ထုတ်ပြန်ချက်တွင် တိုက်တွန်းအကြံပြုထားသည်။ ❖

**နအဖ၏ Road Map ကို ဆန့်ကျင်**
**သုံးပွင့်ဆိုင် ဆွေးနွေးပွဲအတွက် ပြင်ဆင်**



## လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန်ကိုးချက်

အောင်စေသတည်း ...
မြန်မာသက္ကရာဇ် (၁၃၀၉)ခုနှစ် ပြာသိုလပြည့်ကျော် (၉)ရက်၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့၊ တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအချိန်အခါ၌ ဤ ငါတို့မြန်မာနိုင်ငံတွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမတ နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်စေသတည်း။

၁။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တသွေမတိမ်း ချီတက်မည်။
၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိမ်းမည်။
၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ မွန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သောနိုင်ငံသားတို့၏ တာဝန်နှင့် ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။
၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဉဿဟဖြင့် ရရှိပြီဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်ဆိုင် ကျောက်ခဲ ကဲ့သို့ ခိုင်မြဲအောင် ထိမ်းသိမ်းမည်။
၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့၏နိုင်ငံသားဟူသ၍ကို ကြီးငယ် နီးဝေးမခြား တသွေးတသားပြု၍ နည်းများနိမ့်မြင့် မရှိစေရ။ ညီတူညီမျှ ပြုမည်။
၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရား ပြုသည်ကိုလည်း မခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။
၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။
၈။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့၏ လွတ်လပ်ရေးကို အသက်နှင့် လဲ၍ ကာကွယ်စောင့်ရှောက်မည်။
၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမတနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေး တာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤ–ငါတို့၏ သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

(၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိစဉ်က ခံယူအဓိဋ္ဌာန်ပြုခဲ့သည့် သစ္စာအဓိဋ္ဌာန်စာတမ်း ဖြစ်ပါသည်)

# ၅၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာမျက်နှာ



ဘုရင်ခံအိမ် လွတ်လပ်ရေးနေ့ အလံ အပြောင်းအလွဲ အခမ်းအနား

## မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းမှ ကောက်နုတ်ချက်

ငါတို့နိုင်ငံတော်ကြီးသည် မည်သူတဦးတယောက် တဖွဲ့တသင်း၏ အမွေအနှစ်မဟုတ်၊ မည်သူတဦးတယောက် တဖွဲ့တသင်း၏ ပုဂ္ဂလိကပိုင်ပစ္စည်းမဟုတ်၊ မည်သူတဦးတယောက် တဖွဲ့တသင်းက ချုပ်ကိုင်အနိုင်ယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်၊ အတိတ်ကာလကလည်းကောင်း၊ ယခုမျက်မှောက်တွင်လည်းကောင်း၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌လည်းကောင်း၊ ငါတို့ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ်ဝေးနီး ကျားမ မခြား သစ္စာတော်ခံ နိုင်ငံသားဟူသရွေ့ ဒို့၏ အမွေအနှစ်ပိုင် ပစ္စည်းအကျိုးခံစားရာ ဖြစ်သည်ဟူသော လူ့ဘာသာ လူ့တရားနှင့်အညီ ကမ္ဘာဦးကာလ လူတို့၏ စည်းရုံးမှု၌ လူအပေါင်းတို့၏ သဘောဆန္ဒအရ လူ့အဝှန်း၏ အကျိုးကို ကောင်းစွာ ဆောင်ရွက်နိုင်အံ့သောပုဂ္ဂိုလ်ကို ရွေးကောက်၍ သမ္မတ တင်မြှောက်ကြသော မဖောက်မပြန်မစွန်းမငြိ ပကတိသန့်ရှင်း ဖြူစင်သောမူလ လူ့ဝါဒနှင့် လျော်ညီစွာ စည်းကမ်းဥပဒေ သေချာထင်ရှားစွာ ပိုင်းခြားသတ်မှတ် တူညီသောတရား၊ တူညီသောအခွင့်အရေး၊ တူညီသော အဆင့်အတန်းအားဖြင့် ကမ္ဘာအရှည်တည်စိမ့်ငှာ လူအပေါင်းတို့၏ ဆန္ဒသာလျှင် အဓိကဖြစ်သော သမတမြန်မာနိုင်ငံတော်တည်းဟူသော မြတ်သောအဖြစ်ကို လက်ဆုပ်ကိုင် ငါတို့အပိုင်ရပြီ။



ဒုတိယအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဦးဆောင်အဖွဲ့ဝင်များ

## ဗာသယ်နိုင်ငံ ဖြစ်မှာပဲ

လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလို
ဖြစ်ချင်သလား၊ တူရကီလိုဖြစ်ချင်သလား၊
အိုင်ယာလန်လို ဖြစ်ချင်သလား၊ ဆိုဗီယက်လို
ဖြစ်ချင်သလား၊ ဗမာပြည် လွတ်လပ်ရေး
ရတဲ့အခါမှာ ပြန်လည်ထူထောင်ရေး
စီမံကိန်းများကို အမျိုးမျိုး သောနည်းများနဲ့
လုပ်မှ၊ ခပ်ဂိုင်းဂိုင်း ဗမာစကား ပြောရရင်
အတော်ကို ပြဲအောင်ကြိုးစားလုပ်ကိုင်မှ
ယိုးဒယား တောင် မှီမှာမဟုတ်ဖူး။
အခြားလွတ်လပ်သောတိုင်းပြည်များ
ခြေတလှမ်းလှမ်းလိုက်ရင် ကိုယ့်ခြေ ၄-
၅ လှမ်း လှမ်းနိုင်မှ တော်ရုံကျမယ်။
အဲဒီလိုမလုပ်ရင် ဟိုလူလာလဲ
မျက်နှာချိုသွားရ၊ ဒီလူလာလဲ
မျက်နှာချိုသွားရနဲ့ ဗာသယ်နိုင်ငံ ဖြစ်မှာဘဲ။

ဗိုလ်ချုပ်အောင်ဆန်း

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြေညာစာတမ်း

ကြေညာချက်အမှတ်–၁(၁/၀၃)မှ NLD နှင့် SPDC တို့သည်၊ အပေးအယူဖြင့် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများမစတင်မီ NLD အနေဖြင့် –

(က) နိုင်ငံရေးအကျဉ်းသားအားလုံး ချွင်းချက်မရှိ လွှတ်ပေးရန် တောင်းဆိုသည်။

၁၉၉၀ ပြည့်နှစ်တွင် အာဏာပိုင်များက ဥပဒေများကိုထုတ်ပြန်ခဲ့ပြီး၊ လွတ်လပ်၍ တရားမျှတစွာ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်ကို ဖော်ဆောင်မပေးမချင်း ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေညီလာခံက နှစ်စဉ်နှစ်တိုင်း ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ဖြစ်သော ပြည်သူလူထု၏ဆန္ဒကို လိုက်နာဆောင်ရွက်မှု မပြုမချင်း နောက်ထပ်ရွေးကောက်ပွဲ ကျင်းပခြင်းကို လက်ခံနိုင်မည် မဟုတ်ပေ။

အမျိုးသားညီလာခံ၏ လက်ရှိပုံစံမပြောင်းသ၍ NLD တက်ရောက်မည် မဟုတ်ပေ။

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပါဝင်ထည့်သွင်းရမယ့် ပြဋ္ဌာန်းချက်များကို အမျိုးသားညီလာခံက ချမှတ်ထားခြင်းအား NLD က လက်ခံမည် မဟုတ်ပေ။

နိုင်ငံရေးရာသီဥတု သာယာမှုမရှိသဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများအပါအဝင်)နှင့် နိုင်ငံခြားအစိုးရများက အကန့်အသတ်ဖြင့်သာ ရင်းနှီးမြှုပ်နှံထားခြင်းကြောင့် မဆိုလောက်သည့် လူအနည်းစုကိုသာ ထိခိုက်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များ၊ အစိုးရများက အထောက်အပံ့ အကူအညီပေးမည်ဆိုလျှင်လည်း၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီ (ဥပမာ–ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကူအညီ)များသည် ပွင့်လင်းရိုးသားမှုရှိရမယ်။ တာဝန်ယူမှုရှိရမယ်။ လွတ်ကင်းစွာ စောင့်ကြပ်ကြည့်ရှုမှု ရှိရမည်ဟု ဆွဲကိုင်ထားသည်။

ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးနှင့် ပတ်သက်၍ အားပေးရန် အခြေအနေသို့ မရောက်ရှိသေးဟု သတ်မှတ်မည်။

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီသည် ဆက်လက်ရပ်တည်သွားမည်ဟု စွဲကိုင်ထားသည်။



တိုင်းပြည်မှာ လွတ်လပ်မှု ပိုပြီးတော့ ရချင်ရင်၊
လူ့အခွင့်အရေးများ ပြည့်ပြည့်စုံစုံ ခံစားချင်လို့ရှိရင်
လူတိုင်းလူတိုင်းဟာ နိုင်ငံရေးကို ဝါသနာပါရမယ်၊
နိုင်ငံရေးကို လုပ်ရဲရမယ်၊ လုပ်ချင်ရမယ်။
နိုင်ငံရေးအရ မတိုးတက်တဲ့ တိုင်းပြည်ဟာ
စီးပွားရေးအရလည်း မတိုးတက်နိုင်ပါဘူး။
နိုင်ငံရေးရော၊ စီးပွားရေးရော မတိုးတက်တဲ့
တိုင်းပြည်ဟာ အင်မတန်မှ ဆင်းရဲနွမ်းပါးပြီး
ဒုက္ခများတဲ့ တိုင်းပြည်ဖြစ်မှာပဲ။
အခုကျမတို့ တိုင်းပြည်လည်း ဒီအတိုင်းပဲ ဖြစ်ခဲ့ပါပြီ။
အဲဒီတော့ နိုင်ငံရေးအရ စပြီး တည်ထောင်ပြီးမှ
စီးပွားရေးအရ ပြန်ပြီး တည်ထောင်ရမှာ ဖြစ်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်**
**(မိန့်ခွန်းကောက်နုတ်ချက်)**

# တိုင်းရင်းသားပြည်သူများသို့ပေးပို့သည့် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာ

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ရန်ကုန်မြို့**

၁။ ယနေ့မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း(၁၃)ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၄ ခု၊ ဇန်နဝါရီ(၄)ရက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ နေ့ထူးနေ့မြတ်ဖြစ်ပေသည်။

၂။ ဗြိတိသျှနယ်ချဲ့နှင့် ဂျပန်စစ်ဝါဒ အုပ်ချုပ်မှုအောက်တို့တွင် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးသည် အချုပ်အခြာအာဏာနှင့်တကွ အခြေခံလူ့အခွင့်အရေးနှင့် အကျိုးစီးပွားများ ဆုံးရှုံးခဲ့ကြရသည်။ ထိုသို့ မတရားသွေးစုပ်ဖိနှိပ်ခြယ်လှယ်ကျွန်ပြုခဲ့ခြင်းများကို မခံမရပ်နိုင်ကြသောကြောင့် လူထုနည်း၊ လက်နက်ကိုင် တိုက်ပွဲဝင်သောနည်းများဖြင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တိုင်းရင်းသားပြည်သူလူထုအားလုံးတို့သည် စည်းလုံးညီညွတ်မှု သတ္တိဗျတ္တိ၊ ဇွဲ လုံ့လ ဝီရိယများကို အရင်းတည်၍ မိမိတို့၏ အသက်၊ သွေး၊ ချွေးများကို ပေးဆပ်စတေးကြပြီး လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြပေသည်။

၃။ ဤကဲ့သို့ တိုက်ပွဲဝင်ကြပြီးနောက် အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖဆပလ အဖွဲ့ချုပ် ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားသည့် ဦးဆောင်မှုဖြင့် တိုင်းရင်းသားမျိုးချစ်အင်အားစုများအားလုံး ပါဝင်လျက် လွတ်လပ်ရေးရရှိရန် ထိုစဉ်က မြန်မာနိုင်ငံကို အုပ်ချုပ်နေသော ဗြိတိသျှအစိုးရနှင့် တွေ့ဆုံဆွေးနွေး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည့် ၁၉၄၇ တွင် ပြည်သူ့ဆန္ဒနှင့်အညီ လွှတ်တော်အမတ်များက နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေကို ပြဋ္ဌာန်း၍ လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင်ရရှိခဲ့သည်။

၄။ ထိုသို့ လွတ်လပ်ရေးရယူခဲ့ကြသော ရည်ရွယ်ချက်များအတိုင်း အချုပ်အခြာအာဏာ လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူပြည်သားများအား နိုင်ငံရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ လူမှုဆက်ဆံရေး တရားမျှတမှု၊ လွတ်လပ်စွာ တွေးတောကြံဆနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသားဖော်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာ ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ပရိယေသန ရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာစည်းဝေးနိုင်မှု၊ တရားဥပဒေနှင့်မညီသော အဖမ်းအဆီး အချုပ်အနှောင်မှ ကင်းလွတ်မှု၊ ကိုယ့်အိမ်ကိုယ့်ယာနှင့် နေထိုင်မှုကို မတရား နှောင့်ယှက်ခြင်းမှ ကင်းလွတ်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုအစရှိသည့် ဒီမိုကရေစီအခွင့်အရေးတို့ကို ခံစား စံစားနိုင်ခဲ့ကြရပေသည်။

၅။ သို့ပါသော်လည်း ၁၉၆၂ ခုနှစ် တပ်မတော်က နိုင်ငံတော်အာဏာသိမ်းပြီးသည်မှစ၍ ပြည်သူပြည်သားများသည် ဖော်ပြပါ ဒီမိုကရေစီအခွင့်အရေးများ ခံစားစံစားနိုင်ခွင့်များ ဆုံးရှုံးနစ်နာလျက်ပင် ရှိနေပေသည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက တခဲနက်ထောက်ခံဆန္ဒမဲပေးခဲ့ကြခြင်းမှာ ဤဆုံးရှုံးနေသော ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစားလိုကြ၍ ဖြစ်သည်။

၇။ တိုင်းရင်းသားပြည်သူလူထုတရပ်လုံး လွတ်လပ်ရေး၏ အသီးအပွင့် ဒီမိုကရေစီအကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြစေရန် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် မဖြစ်မနေ ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

၈။ ဤသို့ဆောင်ရွက်ရာတွင် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်သူလူထုတရပ်လုံး အကျိုးစီးပွားများအတွက် တွေ့ဆုံဆွေးနွေး ဖြေရှင်းနည်းမှအပ အခြားနည်းလမ်းမရှိပါ။

၉။ သို့ဖြစ်၍ ဤ(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းများနှင့် ဖြေရှင်းနိုင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပြည်သူလူထုနှင့်တကွ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက်ပြု ဖော်ပြအပ်ပါသည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်။
၁၃၆၅ ခု၊ ပြာသိုလဆန်း (၁၃)ရက်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

# ၅၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာမျက်နှာ



ဘာလဲ တော်လှန်ရေး။ အကြမ်းပတမ်းလုပ်တာတိုင်း တော်လှန်ရေးလား၊ မဟုတ်ဘူး။ အဖျက်လုပ်ငန်းဆိုတာတိုင်း တော်လှန်ရေးလား၊ မဟုတ်ဘူး။ လုပ်ချင်တိုင်း လုပ်လို့ရသလား၊ မဟုတ်ဘူး။ ဘာရည်ရွယ်ချက်နဲ့လဲ၊ ဘယ်လိုလဲ၊ လဲ လဲ လဲ။ အဲဒီလို ‘လဲ’တွေအမျိုးမျိုးနဲ့ ကျွန်တော်တို့ စဉ်းစားကြစို့။ တရံရောအခါက ဒီမေးခွန်းကို ကျွန်တော် ဒီလို ဖြေခဲ့တယ်။

တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုပဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွဲမရှောင်သာလို့လဲ လိုတယ်။ ဖြစ်ပျက်ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေအချက်အလက်တွေနဲ့ အခြားတလမ်းဖြစ်တဲ့ အခြောက်တိုက် စိတ်ကူးစီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိစုံမှိတ်ပြီး အကန်းလိုရမ်းလို့ မဖြစ်ဘူး။ တဖက်တွင်သာ လုပ်တဲ့အလုပ်၊ အလိုအလျောက် လူထုထကြွမှုဖျက်ဆီးရုံအလုပ်ကိုလဲ လက်မခံနိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အကြီးအကျယ်ဆုံး ပြုပြင်ဖန်တီးတတ်တဲ့ သတ္တိရှိပါတယ်။ တော်လှန်ရေးရဲ့ အခြေခံရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စားလူထုကြီး လွတ်လပ်မှုဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ အခြေခံအုတ်မြစ်ကတော့ လူထုပါဝင်အောင် ဆောင်ရွက်ရေးဖြစ်ပါတယ်။ တော်လှန်ရေးအောင်မြင်ဖို့ အခြေခံကတော့ လူထုကြီးရဲ့ နိုးကြားထကြွမှု တနည်းအားဖြင့် လူထုကြီးက ဘယ်အထိ ဖွံ့ဖွံ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့ တာဝန်နဲ့ တန်ခိုးအာဏာကို သိရှိနားလည်နိုးကြားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။ အဲဒီလို ကျွန်တော်ဖြေခဲ့တယ်။

**(မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း)**



မတရားလွှမ်းမိုးအုပ်စိုးမှုကို ဆန့်ကျင်ပြီး၊ သူပုန်ထပိုင်မှုအခွင့်အရေးဟာ ရှေးအခါတည်းက ယနေ့တိုင်အောင် ဘာသာအယူဝါဒအားလုံး၊ အတွေးအခေါ် အားလုံး၊ ခံယူချက် သဘောတရားရှင် အားလုံးတို့က အသိအမှတ်ပြုထားပြီးဖြစ်တဲ့ အခွင့်အရေးဖြစ်သည်။

မာတင်လူသာဆိုတဲ့ ခရစ်ယာန်သာသနာ့ခေါင်းဆောင်က အစိုးရအဖွဲ့ဟာ တရားဥပဒေကို ဖောက်ဖျက်ပြီး၊ မတရား စိုးမိုးချယ်လှယ်သူအဖြစ်ကို ကျဆင်းဆုတ်ယုတ်သွားရင် အအုပ်ချုပ်ခံပြည်သူတွေဟာ ဒီအစိုးရကို နာခံဖို့ တာဝန်က ကင်းလွတ်သွားပြီလို့ ဆိုတယ်။ သူ့ရဲ့ ဓမ္မတပည့်ဖြစ်သူ ဖိလစ်မာလင်ကလည်းပဲ အစိုးရတွေ သက်ဦးဆံပိုင်ဖြစ်လာရင် ဒီအစိုးရကို တော်လှန်ဖို့အခွင့်အရေးရှိရမယ်လို့ အခိုင်အမာ တည်ဆောက်ခဲ့တယ်။ ပြုပြင်ရေးလုပ်ငန်းမှာ အထင်ရှားဆုံး တွေးခေါ်ရှင်တဦးဖြစ်တဲ့ ကယ်လဗင်ကလဲ နိုင်ငံရေးအတွေးအခေါ်နဲ့ ပတ်သက်ပြီး ပြည်သူတွေဟာ ဘယ်မတရားမှုကိုမဆို ဆန့်ကျင်ဖို့ လက်နက်ကိုင်စွဲခွင့်ရှိတယ် ဆိုတာကို သာဓကပြပြီး အဆိုပြုခဲ့တယ်။ ဒုတိယမြောက် ဖိလစ်ဘုရင်လက်ထက်မှာ ယေရှုခရစ်ယာန် သာသနာခေါင်းဆောင်တဦးဖြစ်တဲ့ ဂျိုအန်မာရီယာနာက သူ့စာအုပ်ထဲမှာ ဘုရင်ခံတယောက်ဟာ အာဏာကို အလွဲသုံးစားပြုရင်၊ မတရားသိမ်းပိုက်ရင်၊ ဒါမှမဟုတ် ရွေးချယ်တင်မြှောက်ခံရတာတောင်မှ မတရားစိုးမိုးအုပ်ချုပ်ရင် ပြည်သူတယောက်ဟာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်တဲ့နည်းနဲ့ဖြစ်စေ အနိမ့်ဆုံး ဖြစ်တဲ့နည်းနဲ့ အကြမ်းဖက်ဆန္ဒပြဖို့၊ နှောင့်ယှက်ဖို့ လိုအပ်တယ်လို့ ပြောခဲ့တယ်။

ပြင်သစ်စာရေးဆရာကြီး ဖရန်ဘွိုင်ဟော့မင်းကလဲ အစိုးရနဲ့ ပြည်သူအကြား မှာ ပဋိညာဉ်သဘောတူညီချက်ကို ဖောက်ဖျက်ခဲ့ရင် ဒီလိုဖောက်ဖျက်ပြီး ပုန်ကန်ထကြွနိုင်တယ်လို့ ရေးသားခဲ့တယ်။

(၁၇)ရာစုစောစောပိုင်းက ဂျာမန်ဥပဒေပညာရှင်တဦးဖြစ်တဲ့ ဂျွန်အောဟတ်စ်က သူ့ရဲ့နိုင်ငံရေးစစ်တမ်းဆိုတဲ့ ကျမ်းကြီးမှာ နိုင်ငံရဲ့ အမြင့်ဆုံးအချုပ်အခြာအာဏာပိုင်ဖြစ်တဲ့ အစိုးရဟာ ပြည်သူပြည်သားတွေရဲ့ စေတနာ့ဝန်ထမ်း တင်မြှောက်မှုက ပေါက်ဖွားလာတာဖြစ်တယ်။ ဒီအစိုးရရဲ့ ပင်စည်မဏ္ဍိုင်ဟာ ပြည်သူဖြစ်တယ်။ အဲဒီတော့ အာဏာရအစိုးရဟာ မတရားဥပဒေမဲ့မှု၊ မတရားလွှမ်းမိုးချယ်လှယ်မှု လုပ်ငန်းတွေကို လုပ်လာတော့မယ်ဆိုရင် ပြည်သူတွေကလဲ သူတို့ရဲ့အစိုးရအပေါ် နာခံရမယ့်တာဝန်ကို ရှောင်လွှဲခွင့်ရှိတယ်၊ ပြီးတော့ သူတို့ တော်လှန်ရင်၊ ပုန်ကန်ရင် သူတို့ရဲ့ တော်လှန်ပုန်ကန်မှုဟာ တရားမျှတမှုရှိတယ်လို့ အတိအလင်းဖော်ပြထားတယ်။

**(ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်ကက်စ်ထရို၏ လျှောက်လဲချက်မှ ကောက်နုတ်ချက်)**



သောမတ်ဂျက်ဖာဆင်

ငါတို့သည် ကိုယ်ပိုင်သက်သေအဖြစ်ထားရှိပြီး ဤအမှန်တရားများကို လက်ဝယ်ကိုင်စွဲထားကြသည်။ လူအားလုံးတို့သည် တန်းတူညီမျှ မွေးဖွားလာကြသည်။ ယင်းတို့အား ဖန်ဆင်းခဲ့သည့် တန်ခိုးရှင်များ၏ ချီးမြှင့်ပေးချက်အရ၊ နုတ်ယူ ပယ်ထုတ်ခြင်းငှာ မရစကောင်းသော ဇာတိပါ အခွင့်အရေးများကို ရရှိကြသည်။ ယင်းတို့မှာ အသက်ရှင်ပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပျော်ရွှင်ချမ်းမြေ့မှုများကို ရှာဖွေပိုင်ခွင့်တို့ဖြစ်၏။

ဤအခွင့်အရေးများကို အာမခံချက်ရရှိရန်အလို့ငှာ လူတို့အကြားတွင် အုပ်ချုပ်ခံပြည်သူတို့၏ သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့များကို ဖွဲ့စည်းထူထောင်ခဲ့၏။ ဤတွင် မည်သည့်အစိုးရအဖွဲ့မဆို သူတို့၏ အသွင်သဏ္ဍာန်တွင် ဤရည်မှန်းချက်များကို ဖျက်ဆီးသည့် သဘောထားများ ပေါ်ပေါက်လာပါက ဤအစိုးရမျိုးအား ပြောင်းလဲရန် (သို့) ဖျက်သိမ်းရန်၊ ထို့နောက် အစိုးရသစ်တည်ထောင်ရန် ပြည်သူတို့၌ အခွင့်အရေးရှိသည်။ ထိုမှတဆင့် ထိုအခြေခံသဘောတရားများအပေါ် အခြေပြုပြီး အစိုးရအာဏာကို ပြန်လည်စုစည်း၍ ပြည်သူတို့၏ လုံခြုံရေး၊ ချမ်းမြေ့ပျော်ရွှင်ရေးတို့အတွက် ထိရောက်စွာ စွမ်းဆောင်နိုင်လိမ့်မည်ဟု ထင်မြင်ယူဆသော အစိုးရအဖွဲ့သစ်တရပ်ကို ပြည်သူတို့အတွက် ပြန်လည်ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

**(အမေရိကန်လွတ်လပ်ရေး ကြေညာစာတမ်း၊ ဗီလဒယ်ဖီးယားကွန်ဂရက်မှ ကောက်နုတ်ချက်)**



ရူးဆိုး

အစိုးရသည် ပြည်သူတို့၏ အခွင့်အရေးကို ဖောက်ဖျက်လာပါလျှင် အုံကြွပုန်ကန်မှုသည် ပြည်သူတို့အတွက် အမွန်မြတ်ဆုံးသော အခွင့်အရေးဖြစ်လာသည်။ ထို့ပြင် မရှောင်လွှဲနိုင်သော၊ မလွန်ဆန်နိုင်သော တာဝန်လဲဖြစ်သည်။ တစုံတယောက်သောပုဂ္ဂိုလ်သည် အချုပ်အခြာအာဏာကို သိမ်းပိုက်လုယူပါက ထိုပုဂ္ဂိုလ်အား လွတ်လပ်သည့် ပြည်သူလူအများက သေဒဏ်ပေးရပေသည်။

**(ပြင်သစ်လူ့အခွင့်အရေး ကြေညာစာတမ်းမှ ကောက်နုတ်ချက်)**



ကေအဲန်ယူ ကရင့်အမျိုးသားအစည်းအရုံး ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောဗိုလ်မြ ရန်ကုန်မြို့မှ ပြန်လည်ရောက်ရှိလာပြီး ရက်ပိုင်းအတွင်း မိုးကြိုးသတင်းစာမှ ဗိုလ်ချုပ်ကြီးမြနှင့် လက်ရှိနိုင်ငံရေးအခြေအနေအရပ်ရပ်အပေါ် ၎င်း၏သဘောထားကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဗိုလ်ချုပ်ကြီးမြ၏ပြောကြားချက်များသည် ကေအဲန်ယူနှင့် နအဖဆက်ဆံရေးကိုသာမက အနာဂတ်နိုင်ငံရေးဖြစ်ထွန်းမှုများအပေါ် ရောင်ပြန်ဟပ်ဖော်ပြနေပါသဖြင့် မိုးကြိုးစာဖတ်ပရိသတ်သို့ နှစ်သစ်ကူးလက်ဆောင်အဖြစ် အထူးအစီရင်ခံ တင်ပြအပ်ပေသည်။

**အယ်ဒီတာအဖွဲ့**
**မိုးကြိုးသတင်းစဉ်**

**မေး။** ။ ဥက္ကဋ္ဌကြီးအခု ရန်ကုန်မှာ ဗိုလ်ချုပ်ခင်ညွန့်နဲ့ သွားတွေ့တော့ ဥက္ကဋ္ဌကြီးရဲ့ စိတ်ခံစားမှု ဘယ်လိုရှိလဲ၊ ကျေနပ်လား။ ရှေ့အလားအလာအတွက်ကော မျှော်လင့်မှုတွေ ရှိလား။

**ဖြေ။** ။ ကျနော့်အထင် မျှော်လင့်စရာတွေ ရှိပါတယ်။ သူတို့လည်း ကြာကြာမလုပ်နိုင်ပါဘူး။ စစ်အာဏာရှင်စနစ်က ရေရှည်မခံတော့ပါဘူး။

**မေး။** ။ ဥက္ကဋ္ဌကြီး ကျနော်တို့ အပစ်အခတ်ရပ်စဲရေး ကတဆင့် ငြိမ်းချမ်းရေးတည်ဆောက်ပြီးလို့ရှိရင် တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ဖက်ဒရယ်ပြည်ထောင်စုကိစ္စတွေကို တည်ဆောက်ဖို့ သူတို့နဲ့ ဆွေးနွေးဖို့ အလားအလာရှိလား။

**ဖြေ။** ။ ရှိတာပေါ့။ ကျနော်တို့လိုချင်တာက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ပြည်နယ်၊ ဒါပေမယ့် ပြည်ထောင်စုကလည်း ခွဲမထွက်ဘူး။

**မေး။** ။ စစ်အာဏာရှင်စနစ်နဲ့ ပတ်သက်ပြီး ဥက္ကဋ္ဌကြီးရဲ့အမြင် ဘယ်လိုရှိလဲ။

**ဖြေ။** ။ စစ်အာဏာရှင်စနစ်ကတော့ ကျနော်ထင်တယ် သူဆက်လုပ်လို့ မရတော့ဘူးလို့ ထင်တယ်။ သူတို့ကလဲ နောက်ကို စစ်အာဏာရှင်စနစ် မရှိတော့ဘူးလို့ ပြောတယ်။

**မေး။** ။ ဥက္ကဋ္ဌကြီးတို့ရဲ့ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ဆောင်တဲ့အခါမှာ ပြည်သူအားလုံးတို့ရဲ့ ဒီမိုကရေစီအရေးနဲ့ ပတ်သက်ပြီးတော့လည်း ဥက္ကဋ္ဌကြီးတို့အနေနဲ့ ဘယ်လိုတွဲပြီးတော့ လုပ်သွားဖို့ စီစဉ်ထားသလဲ။



**ယခုမှမဟုတ် ယခင်နှစ်(၄၀)ကျော်ကတည်းကပင် စစ်မှန်သော ငြိမ်းချမ်းရေးအတွက် ကျွဲခေါင်းဆောင်များကလည်း ကြိုးပမ်းခဲ့ဖူးသည်။ အရာမထင်ခဲ့။**

**မေး။** ။ ဥက္ကဋ္ဌကြီး တကယ်လို့ သုံးပွင့်ဆိုင်ဆွေးနွေးရေးဖြစ်လာရင် တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး ဘယ်လို စဉ်းစားထားလဲ၊ ဥက္ကဋ္ဌကြီးအနေနဲ့ ကျန်တိုင်းရင်းသားတွေကို ဘယ်လို လက်တွဲခေါ်ဆောင်မလဲ၊ ဘယ်လိုဦးဆောင်မလဲပေါ့။

**ဖြေ။** ။ တိုင်းရင်းသားတွေက ပြောတယ်။ ကျနော်တို့ တိုင်းရင်းသားတွေက စည်းလုံးညီညွတ်မှု ရှိရမယ်။ နားလည်မှုအပြည့်အစုံ ရှိရမယ်။ နားလည်မှုအပြည့်အစုံရှိမှ ကျနော်တို့ လက်တွဲခေါ်လို့ရမယ်။ ခင်ဗျားတို့ နားလည်မှုမရှိရင် ကျနော်တို့ လိုချင်တဲ့ လိုင်းပေါ်ကို ရမှာ မဟုတ်ဘူး။ ဒါ အခုပြောတာ မဟုတ်ဘူး။ ဟိုးအရင်ကတည်းက ပြောတာပဲ။ အရင်က တပ်ပေါင်းစုမှာလဲ ပြောတာပဲ။ ကျနော်လည်း ကြိုတင်ပြီးတော့ တပ်ပေါင်းစု စာရွက်စာတမ်းတွေ ယူသွားတယ်။ ကျနော် သူတို့ကိုပြောတယ်၊ အကယ်၍ တွေ့ဆုံဆွေးနွေးရေးပေါ်လာလို့ရှိရင် ကျနော်တို့ တသီးတခြား မသွားပဲနဲ့ ကျနော်တို့ တစုထဲသွားပါ။ တကယ်တွေ့ဆုံဆွေးနွေးပွဲ ပေါ်လာတဲ့အခါကျတော့ သူတို့က ကတိကို ဖောက်ဖျက်တယ်။ မဖောက်ဖျက်တာ KNU တခုပဲ။ တခြားအဖွဲ့က သူတို့ဘာသာ လုပ်သွားတာပဲ။

**မေး။** ။ ပြည်တွင်းက ပြည်သူလူထုကရော၊ ပြည်တွင်းက ဒီမိုကရေစီအင်အားစုတွေကပါ KNU နဲ့ ဥက္ကဋ္ဌကြီးရဲ့ ခေါင်းဆောင်မှုအပေါ်မှာ တလေးတစားနဲ့ အသိအမှတ်ပြုလာကြတယ်။ ဘာကြောင့်လဲဆိုတော့ ဥက္ကဋ္ဌကြီးတို့က မူဝါဒအရ ခိုင်မာတယ်၊ နောက်ပြီးတော့ ဥက္ကဋ္ဌကြီးတို့ လုပ်နေတာက ကရင်တမျိုးသားတည်းအတွက် မဟုတ်ဘဲနဲ့ တိုင်းရင်းသားအားလုံးအတွက် လုပ်တယ်ဆိုတာ ယုံကြည်လာတယ်။ တိုင်းရင်းသားတွေအပါအဝင်၊ ဒီမိုကရေစီအင်အားစုတွေအပါအဝင် ဥက္ကဋ္ဌကြီးအနေနဲ့ ဘယ်လိုခေါင်းဆောင်မှုတွေ ပေးချင်သလဲ၊ ဥက္ကဋ္ဌကြီးအပေါ်မှာလဲ သူတို့က ကရင့်ခေါင်းဆောင်တင် မဟုတ်တော့ဘူး။ အမျိုးသားခေါင်းဆောင်အဖြစ်ပါ သတ်မှတ်လာကြတယ်။ အဲဒီအပေါ်မှာ ဥက္ကဋ္ဌကြီးအနေနဲ့ ဘယ်လိုခေါင်းဆောင်မှုပေးမယ်လို့ စဉ်းစားထားသလဲ။



**လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က ချိတ်ခဲ့ကြသော လက်များသည် ရေပွက်ပမာသာ ဖြစ်ခဲ့ရသည်**

**ဖြေ။** ။ ကျနော်ပြောတယ်၊ အပစ်အခတ်ရပ်စဲရေးလုပ်ပြီးရင် နိုင်ငံရေးဆွေးနွေးရအောင်။ သူတို့က နိုင်ငံရေး ဆွေးနွေးတာက အမျိုးသားညီလာခံမှာ ဆွေးနွေးပါ။ ဒီမှာပဲ အခြေခံဥပဒေ ရေးဆွဲမယ်၊ ကြိုက်တဲ့ပုံစံပြောပါ။ ဘယ်လို လိုချင်သလဲ၊ ဘယ်ပုံစံလဲ အဲဒီလိုတော့ ပြောတယ်။ ဒါပေမယ့် ကျနော်ပြောတယ်၊ အမျိုးသားညီလာခံကိစ္စ ကျနော် မစဉ်းစားသေးဘူး၊ နောက်တဆင့် ကျနော်စဉ်းစားမယ်။ ဘယ်လိုအကျိုးရှိသလဲ၊ မရှိဘူးလဲ ကျနော်စဉ်းစားမယ်။ နောက်ပြီးတော့ ကျနော်တို့ KNU အဖွဲ့အစည်းမှာ တိုင်ပင်ရမယ်။

**မေး။** ။ ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကတဆင့် နိုင်ငံရေးပြဿနာများ ဖြေရှင်းရေးဆိုတဲ့ အဆိုပြုချက်အပေါ် ဘယ်လိုမြင်သလဲ။

**ဖြေ။** ။ သုံးပွင့်ဆိုင်အခြေခံတော့ ကောင်းတာပေါ့။

**မေး။** ။ ဥက္ကဋ္ဌကြီးတို့ သုံးပွင့်ဆိုင် မဖြစ်မနေလုပ်ဖို့ရှိလား။ လုပ်ဖို့ စဉ်းစားထားတာ ရှိလား။

**ဖြေ။** ။ ကျနော်တို့ စဉ်းစားပါတယ်။ ဒါပေမယ့် ဒီလူတွေက တမျိုး။ အမြင်ချင်းက သိပ်ဆန့်ကျင်တယ်။ ကျနော့်ကို ပြောတယ်၊ နိုင်ငံခြား သိပ်အားမကိုးနဲ့တဲ့။ ကျနော် နိုင်ငံခြားကို အားကိုးတာ မဟုတ်ဘူး။ ကျနော် နှစ်ပေါင်းများစွာ တော်လှန်ရေးလုပ်တယ်။ နိုင်ငံခြားက အကူအညီပေးဖို့ ကျနော် ဘာမှအားမကိုးဘူး။ နိုင်ငံခြား အားကိုးတာက ခင်ဗျားတို့ပဲ။ ခင်ဗျားတို့ တရုတ်ပြည်က လက်နက်မျိုးစုံယူပြီးတော့ ပြည်သူလူထုကို ဖိနှိပ်လာတာ၊ ဒါ ခင်ဗျားတို့ နိုင်ငံခြားကို အားကိုးတာပဲ။



**ကျွဲကဲ့သို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးသည် ပြည်သူများအတွက်တော့ အဖြေမထွက်သေးသော ပုစ္ဆာတရပ်ဖြစ်နေဆဲပင်ဖြစ်သည်**

**ဖြေ။** ။ ကျနော်ထင်တယ်၊ တခြားတိုင်းရင်းသား ခေါင်းဆောင်တွေနဲ့၊ တခြားအဖွဲ့အစည်းတွေကပါ နားလည်ဖို့ လိုတယ်။ ကျနော်တို့ စည်းလုံးညီညွတ်မှု အပြည့်ရှိရမယ်။ NLD အဖွဲ့ကလည်း နအဖ ပြောဆိုတဲ့အခါမှာ သိပ်ပြီးတော့ တင်းမာပြီးပဲ နေမယ်ဆိုလို့ရှိရင် အကျိုးမရှိဘူး။ ကျနော်တို့ ပြန်လည်ပြီးတော့ သင့်မြတ်ဖို့ လိုပါတယ်။ ပျော့ပျော့ ပြောင်းပြောင်းနဲ့ ပြောဖို့လိုတယ်။

**မေး။** ။ အခု ENSCC က လုပ်နေတဲ့ တိုင်းရင်းသားများရဲ့ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး အစီအစဉ် အစပျိုးမှုနဲ့ လမ်းပြမြေပုံအပေါ်မှာကော ဥက္ကဋ္ဌကြီးအနေနဲ့ ဘယ်လိုသဘောထားရှိသလဲ။
**ဖြေ။** ။ Road Map နဲ့ ပတ်သက်ပြီး ကျနော် ဘာသဘောမှ မရှိသေးဘူး။ ကျနော် သေချာစဉ်းစားမယ်။ ပြီးတော့ နအဖက စာရွက်စာတမ်းတွေ ကျနော်တို့ လေ့လာဖို့ ပေးလိုက်တယ်။




**အိမ်နီးချင်းထိုင်းနိုင်ငံ၏ ဖြူစင်သော စေတနာကို ကရင်အပါအဝင် လူမျိုးစုံပြည်သူတို့က ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ**

**မေး။** ။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးရဲ့ သဘောထား ဘယ်လိုများရှိနေသေးသလဲ။
**ဖြေ။** ။ ၁၉၉၀ ပြည့် ရွေးကောက်ပွဲကတော့ ကျနော်ထင်တယ်၊ သူတို့က လိုတယ်၊ အမှန်ဆိုရင် သူတို့ အာဏာလွှဲပြောင်းပေးဖို့လိုတယ်။ စောမောင်ပြောတာက သတင်းစာနဲ့ အင်တာဗျူးလုပ်တဲ့အချိန်မှာ အခု ရွေးကောက်ပွဲ လုပ်တာက အနိုင်ရတဲ့သူကို အာဏာလွှဲပြောင်းမလား၊ စောမောင်ပြောတာက အာဏာလွှဲပြောင်းမယ်လို့ ပြောတယ်။ ဒါပေမယ့် တကယ်ရွေးကောက်ပွဲနိုင်တော့ သူတို့က မပေးဘူး။ မပေးတာက စောမောင်ရှုံးပြီတဲ့၊ ရှုံးပြီဆိုပြီး ဖယ်ထုတ်လိုက်တယ်။ ဒါ သူတို့ လိုတာပေါ့။

**မေး။** ။ ဒါဖြင့်ရင် ၉၀ ပြည့် ရွေးကောက်ပွဲကို သူတို့က အာဏာလွှဲပြောင်းဖို့လိုတယ်လို့ ပြောချင်တာလား။
**ဖြေ။** ။ ဟုတ်တယ်လေ။ အာဏာလွှဲရမယ်။

**မေး။** ။ အခုလာမယ့် တိုင်းရင်းသားနှီးနှောဖလှယ်ပွဲနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌကြီးက ခေါင်းဆောင်မှုပေးမယ်လို့လည်း ကြားရတယ်။ အဲဒါ ဥက္ကဋ္ဌကြီးအနေနဲ့ စီစဉ်မှုတွေများ ရှိနေပြီလား၊ မရှိဘူးလား။ KNU ထဲမှာ စီစဉ်ထားတာတွေ ရှိပြီးပြီပေါ့။
**ဖြေ။** ။ ရှိတယ်။ မန်းရှာ စီစဉ်ထားတယ်။

**မေး။** ။ အခု ကြားနေတဲ့အချက်တချက်က တိုင်းရင်းသားတွေကနေပြီးတော့ တပ်ပေါင်းစုတခု ဖွဲ့သင့်တယ်၊ ဒီမိုကရေစီအင်အားစုတွေကနေပြီးတော့ တပ်ပေါင်းစုတခု ဖွဲ့သင့်တယ်လို့ ကြားနေတယ်လေ။ ပြီးတော့မှ တူတာတွဲလုပ်ဆိုတာပေါ့။ အဲဒီလိုမျိုးလုပ်ရင် ကောင်းပါ့မလား။
**ဖြေ။** ။ မကောင်းဘူး။ တပ်ပေါင်းစုဆိုတာ သိပ်များနေရင် မကောင်းဘူး။

**မေး။** ။ NCUB က တပ်ပေါင်းစုဖြစ်တာပဲ၊ အဲဒါကိုပဲ အားကောင်းအောင်လုပ်ရင် မကောင်းဘူးလား။
**ဖြေ။** ။ ကောင်းတာပေါ့။ တချို့အဖွဲ့အစည်းတွေက မညီဘူးလေ၊ မာတယ်၊ ပျော့တယ်။

ကျနော်တို့ မနှစ်တုန်းက ထီးခဖလယ်မှာနေတုန်းက မွန်နဲ့ ကရင်နီက လာပြီးတော့ စာချုပ်ချုပ်ဖို့ ပြောတယ်။ ကျနော်ပြောတယ်၊ စာချုပ်လုပ်ဖို့ မလိုဘူးထင်တယ်။ အမြဲပြောနေတယ်၊ တွေ့ဆုံဆွေးနွေးပွဲပေါ်လာလို့ရှိရင် ကျနော်တို့ စာချုပ်ထားတာရှိတယ်။ သဘောတူတယ်။ တပ်ပေါင်းစုကို တစုတစည်းထဲ သွားတွေ့ပါ။ အခုက မွန်နဲ့ ကရင်နီနဲ့ လာပြီးတော့ စာချုပ်ခိုင်းတယ်။

**မေး။** ။ ဥက္ကဋ္ဌကြီး၊ ကျနော် ဟိုတခု သိပ်ပြီးစဉ်းစားလို့မရဘူးလေ။ ဥက္ကဋ္ဌကြီးတို့ အပစ်အခတ်ရပ်စဲရေး ကိစ္စကိုလုပ်မယ်။ လုပ်ပြီးတော့မှ အမျိုးသားရေးကိစ္စကို ဆွေးနွေးမယ်၊ အဲဒီတော့ ဗိုလ်ခင်ညွန့်ကလည်း အမျိုးသား ညီလာခံမှာ သွားဆွေးနွေးလို့ပြောတော့ နိုင်ငံရေးဆွေးနွေးပွဲကို ဘယ်မှာဆွေးနွေးမလဲ။
**ဖြေ။** ။ သူတို့က အမျိုးသားညီလာခံမှာ သွားဆွေးနွေးလို့ပြောတယ်။

**မေး။** ။ ဘယ်လိုအဆင့်နဲ့များ၊ ဘယ်လိုပုံစံ ဆွေးနွေးမလဲပေါ့။
**ဖြေ။** ။ ကျနော်တို့တဖွဲ့ထဲနဲ့ မဟုတ်ဘူး၊ ကျနော်တို့ ပြည်သူပြည်သားတွေအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျနော်တို့ ဘယ်လိုလုပ်မလဲ၊ ဘယ်လိုရေးဆွဲမလဲ၊ အကောင်းဆုံးလမ်းက ဘယ်လိုလုပ်မလဲ။

**မေး။** ။ ဒါဆိုရင် သူတို့ပြောတာက ကရင်အမျိုးသားအတွက်၊ ကရင်ပြည်နယ်အတွက် သက်သက်ဆွေးနွေးမယ် ဆိုရင်လဲ အမျိုးသားညီလာခံကို သွားရမှာပဲလား။

**ဖြေ။** ။ ဒါ ဥပဒေ မရှိသေးဘူး။ ပြောချင်တဲ့နေရာပြော၊ လိုချင်တဲ့နေရာပြော။ အဲဒီအခြေခံပေါ်မှာ ဥပဒေရေးမယ်။

**မေး။** ။ ဒါဆိုရင်တော့ ဥက္ကဋ္ဌကြီး သီးခြားပုံစံတော့ ထွက်မလာဘူး ထင်တယ်။ သူတို့က အားလုံးကို အဲဒီကိုပဲ လွှတ်မှာပဲထင်တယ်။ အမျိုးသားညီလာခံကိုပဲ တက်ခိုင်းမှာပဲ။ ဒါဆိုရင်တော့ အပစ်အခတ်ရပ်စဲရေးက တကန့် ဖြစ်သွားမယ်ထင်တယ်။
**ဖြေ။** ။ သူတို့က နိုင်ငံရေးဆွေးနွေးချင်ရင် သဘောတူညီချက် တခုရထားရင် အမျိုးသားညီလာခံ တက်လို့ ရတယ်။ မဆွေးနွေးချင်ရင် မတက်လို့ ရတယ်။ မဆွေးနွေးချင်ရင် ကျနော်တို့ မတက်ဘူးပေါ့။

**မေး။** ။ ကျနော်တို့ စဉ်းစားနေတယ်။ အပစ်အခတ်ရပ်စဲရေးတခုကတော့ ညှိနှိုင်းမှုတခုနဲ့ ပြီးသွားနိုင်တယ်။ နောက်တဆင့်ကို ဘယ်လိုပုံစံ ဖြေရှင်းမလဲ။
**ဖြေ။** ။ ကျနော်ပြောတယ်။ အမျိုးသားညီလာခံ တက်နိုင်ရေးအတွက် ကျနော်တို့ နအဖနဲ့ ဆွေးနွေးရမယ်။ ကျနော်တို့ ပြေလည်မှုအပေါ်မှာ ကျနော်တို့ တက်မယ်။

**မေး။** ။ သူတို့ မဆွေးနွေးရင် အမျိုးသားညီလာခံ တက်စရာ မလိုတော့ဘူးပေါ့။
**ဖြေ။** ။ မတက်ဘူးပေါ့။

**မေး။** ။ ဥက္ကဋ္ဌကြီးအနေနဲ့ NCUB မှာ ဆောင်ရွက်နေတဲ့အခါကျတော့ နအဖအနေနဲ့ ဘာမှ ဖိအားမပေး ဘူးလား။
**ဖြေ။** ။ ကျနော်ပြောတယ်။ ခင်ဗျားတို့ ဘာမှမကြောက်နဲ့၊ ခင်ဗျားတို့အတွက် ကျနော်တာဝန်ခံတယ်။ ခံရင် ကရင်တွေ အများဆုံးခံရတယ်။ ကျနော်ပြောရင် ရပါတယ်။ ကျနော်လည်း NCUB ဥက္ကဋ္ဌတယောက် ဖြစ်ပါတယ်။

**မေး။** ။ ဒီကေဘီအေ အခြေအနေကကော၊ ပြန်လည်ညီညွတ်ရေးက တော်တော်ကလေး အခြေအနေ ကောင်းပြီလား။
**ဖြေ။** ။ အဲဒါတော့ မရှိသေးဘူးလေ။

**မေး။** ။ ဥက္ကဋ္ဌကြီးတို့က လုပ်တော့နေတာပေါ့။
**ဖြေ။** ။ တချို့တော့ရှိတယ်။

**မေး။** ။ အခု သတင်းထဲမှာ ကြေညာနေတာတချက်က ဒီကေအဲန်ယူလို့ ကြေညာတယ်။ အဲဒါမကောင်းဘူးလေ။
**ဖြေ။** ။ ကျနော် သူတို့ကို ပြောတယ်။ KNU က တဖွဲ့စည်းတည်း၊ ကရင်အဖွဲ့အစည်းဟာ KNU ပဲရှိတယ်။ အခု ခင်ဗျားတို့ပြောတဲ့ အမျိုးသားညီလာခံကို DKBA လည်း တက်လို့ရတယ်၊ အောင်ဆန်းအဖွဲ့လည်း တက်လို့ရတယ်၊ သုမူဟဲအဖွဲ့လည်း တက်လို့ရတယ်၊ ဒီလိုစည်းမရှိကမ်းမရှိအဖွဲ့တွေကို ခင်ဗျားတို့ထည့်လို့ရှိရင် ကျနော်တို့ KNU အနေနဲ့ မတက်ဘူး။ ဒီလူတွေဟာ သူခိုးဓားပြ လူဆိုးလူမိုက်တွေ၊ ကျနော်တို့နဲ့ တူတာမဟုတ်ဘူး။ မတက်ဘူး။



**ကေအဲန်ယူခေါင်းဆောင်အချို့ကိုတော့ သူတို့နှင့် အလုပ်မဖြစ်ဟု နအဖ က သတင်းလွှင့်သည်။ သွေးခွဲဆက်ဆံရေးပေါ်လစီဟု သုံးသပ်ကြသည်။**

**မေး။** ။ KNU က ကရင့်အမျိုးသားကို ကိုယ်စားပြုတာပဲ၊ အမှန်တော့ တဖွဲ့တည်းပဲ ဖြစ်ရမယ်။ သူတို့က သွေးခွဲတာပဲ။ ဥက္ကဋ္ဌကြီး အင်းစိန်မှာသွားတော့ ပြည်သူလူထုကို သိပ်များများ မပြောဘူးပေါ့နော်။
**ဖြေ။** ။ ကျနော်တို့ အခုလာတာ၊ လက်နက်ချဖို့ မဟုတ်ဘူး၊ ငြိမ်းချမ်းရေးအတွက် လာတာဖြစ်တယ်။ စည်းလုံးညီညွတ်ရေးအတွက် လာတယ်။ ပြီးတော့ ကရင်ပြည်နယ်အတွက် လာတယ်။ ကျနော်တို့ အရှုံးမပေးဘူး။

**မေး။** ။ ဥက္ကဋ္ဌကြီးတို့ ကရင်အမျိုးသားခေါင်းဆောင်တွေနဲ့ အထဲက ခေါင်းဆောင်တွေနဲ့ သီးသန့်ဆွေးနွေးတာတွေ လုပ်သလား။ ဘယ်သူတွေ တက်သလဲ။
**ဖြေ။** ။ လုပ်တယ်၊ ဘုန်းကြီးသုံးပါးပါတယ်၊ အခြားဘာသာရေးခေါင်းဆောင်တွေ အားလုံးပါတယ်။

**မေး။** ။ ဥက္ကဋ္ဌကြီးကို သူတို့က ဘာတွေ တင်ပြသလဲ။
**ဖြေ။** ။ သူတို့က လာနားထောင်တာပဲ၊ ကျနော်ထင်တယ် သူတို့က မပြောရဲဘူးထင်တယ်။

❖ ❖ ❖